KBZ Pay

# တမ္ဘောဇတိုင်း

ရှမ်းပြည်နယ် ကိုယ်စားပြုအဖြစ် ထုတ်ဝေသည်။

သတင်းဂျာနယ်

VOLUME.6, ISSUE.14 TUESDAY, JUNE 9, 2020

SHAN YOMA CEMENT

## မြေသိမ်းတဲ့ တပ်မတော်၊ တာဝန်မဲ့ အစိုးရ နဲ့ လယ်ယာမဲ့ တောင်သူ မဖြစ်စေလိုပါ

(အယ်ဒီတာအာဘော်) > > > စာမျက်နှာ (၁၀) သို့




## ဆီဆိုင်ရှိ တပ်သိမ်းမြေ အငြင်းပွားမှုနှင့် ပတ်သက်၍ ရပအ တိုင်းမှူး၏ လာရောက် တွေ့ဆုံမှုအပေါ် တောင်သူများက အားရ ကျေနပ်ခြင်း မရှိ

စာမျက်နှာ (၃) သို့ > > >

## ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးကို ဇွန်လ ၂၂ ရက်တွင် ပြုလုပ်မည်

စာမျက်နှာ (၅) သို့ > > >

## တိုက်ပွဲတွေလည်း နဂ္ဂတစ် ဖြစ်ပါစေ

စာမျက်နှာ (၁၆) သို့ > > >

## COVID-19 ကို တကယ် နိုင်နင်းပြီလား

စာမျက်နှာ (၂၂) သို့ > > >

## အခြေခံပညာကျောင်းများ မဖွင့်လှစ် သေးသော်လည်း ကျူရှင် ခေါ်ယူ သင်ကြားမှုများ ရှိနေ

စာမျက်နှာ (၄) သို့ > > >



## စစစနှင့် ဒေသခံများ၏ မြေယာ အငြင်းပွားမှု မြေစစ်ကော်မတီ၏ ဆုံးဖြတ်ချက်အတိုင်းသာ ဆောင်ရွက်သွားမည်ဟု ဆို

စာမျက်နှာ (၇) သို့ > > >

## COVID-19 ကာကွယ်၊ ကုသ ထိန်းချုပ်ရေး လုပ်ငန်းများအတွက် တမ္ဘောဇဘက်မှ ငွေကျပ်သိန်းပေါင်း ၄၁၀၀၀ ကျော် လှူဒါန်း

စာမျက်နှာ (၂) သို့ > > >

ကမ္ဘောဇတိုင်း
VOLUME.6, ISSUE. 14 TUESDAY, JUNE 9, 2020

# COVID-19 ကာကွယ်၊ ကုသ ထိန်းချုပ်ရေး လုပ်ငန်းများအတွက် ကမ္ဘောဇဘဏ်မှ ငွေကျပ်သိန်းပေါင်း ၄၁၀၀၀ ကျော် လှူဒါန်း






ဇေယျာ

COVID-19ကာကွယ်၊ကုသ၊ထိန်းချုပ်ရေး လုပ်ငန်းစဉ်များအတွက် ကမ္ဘောဇဘဏ်မှ ငွေကျပ်သိန်းပေါင်း ၄၁၀၀၀ ကျော်ကို လှူဒါန်းခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်မှ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသို့ငွေကျပ်သိန်း၅၀၀၀ ကို တောင်ကြီးမြို့ရှိ အထက(၁)၌ ဇွန်လ ၅ ရက်က ထပ်မံလှူဒါန်းခြင်း ဖြစ်ပြီး တစ်နိုင်ငံလုံးတွင် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၄၁၄၈၈ ကို လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

ထို့အတူ တောင်ကြီးမြို့တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အဖြေလွှာများ စစ်ဆေးမည့် ပညာရေးဝန်ထမ်းများအတွက် ငွေကျပ် သိန်း ၁၀၀၊ ဆန် ၂၀၀ အိတ်၊ ဆီ ၂၀ ပုံးနှင့် COVID-19 ကာကွယ်ရေးအထောက်အကူပြု ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။

ရှမ်းပြည်နယ် အတွင်းရှိ ဒေသခံ တိုင်းရင်းသား အခြေခံပြည်သူများနှင့် တိုက်ပွဲရှောင် ပြည်သူများ အတွက် စားနပ်ရိက္ခာများနှင့် ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများ လှူဒါန်းနေသည့် ရှမ်းပြည်နယ် ပြည်သူ လူထုစားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီသို့ ကမ္ဘောဇဘဏ်မှ ငွေကျပ် သိန်း ၁၀၀၀ နှင့် ငွေ ကျပ်သိန်းပေါင်း ၆၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၂၀၀၀၀ ကို ပေးအပ် လှူဒါန်းခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီသည် မေလ ၂၁ ရက်မှ စတင်၍ ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံ အခြေခံပြည်သူများနှင့် တိုက်ပွဲရှောင် ပြည်သူများအတွက် ဆန် ၃ ပြည်၊ ဆီ ၁၈ ကျပ်သား၊ ကုလားပဲ ၅၀ ကျပ် သား၊ ဆား ၂၅ ကျပ်သားနှင့် ငွေကျပ် ၁၀၀၀၀ စီ ပါဝင်သော စားနပ်ရိက္ခာ ထုပ်များကို ဖြန့်ဝေလှူဒါန်းလျက် ရှိရာ ဇွန်လ ၆ ရက်ထိ မိသားစုပေါင်း ၂၅၀၀၀ ကျော် ခန့် ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ထို့အပြင် COVID-19 ကြောင့် ဈေးကွက်ပျောက်ဆုံး၍ အခက်အခဲဖြစ်ပေါ်နေသော ရှမ်းပြည်နယ် အတွင်းမှ ဂေါ်ဖီစိုက် တောင်သူများထံမှ ဂေါ်ဖီထုပ် ၅ သိန်းကျော်အား ဝယ်ယူ၍ မြန်မာနိုင်ငံ ဒေသအသီးသီးသို့ ပို့ ဆောင်လှူဒါန်းမှုများ ပြုလုပ်နေလျက် ရှိသည်။






ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်၊ ကမ္ဘောဇဘဏ် နာယက ဦးအောင်ကိုဝင်းနှင့် ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်တို့က နာယကများအဖြစ် တာဝန်ယူ ဆောင်ရွက်နေပြီး ကော်မတီဝင်များ အဖြစ် ရှမ်းပြည်နယ်အတွင်းမှ လူမှုရေး အသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များက ပါဝင်ဆောင်ရွက်နေလျက် ရှိကြောင်း သိရသည်။

ခြောက်ပါးစုံစွ နာယက
တောက်ကြွားဂုဏ်က ထာဝရ

▲▲▲▲

- ခက်ခဲချိန်ခါ ၊ လိုနေရှာမည့်
  နွမ်းပါးသည့်လူ ၊ မည်သူမဆို
  ကိုယ်တိုင်ကိုယ်ကျ ၊ ပေးလှူရသည့်
  ပီတိကိုစား ၊ ဤလူသား။

- သူတစ်ပါးတွင် ၊ ဒုက္ခဝင်ရောက်
  ကံဆိုးနှောက်ယှက် ၊ ဘဝပျက်ချိန်
  ဂုဏ်ရှိန်မပါ ၊ ရိုးရှင်းစွာဖြင့်
  မေတ္တာနှင့်တွဲ ၊ ဖေးမမြဲ။

- လူထဲကလူ ၊ လူချင်းတူစေ
  ကွဲပြားလေ၏ ၊ တွေ့မြင်သိကြ
  ကြီးမားလှဘိ ၊ မေတ္တာပြည့်လျှမ်း
  အံ့မခန်းပေ ၊ ပေးမျှဝေ။

- သူ့အကြောင်းတွေ ၊ ပြောရလေက
  ထောင့်တစ်ညပင် ၊ မကုန်ချင်ဘူး
  ဤသို့ထူးစွာ ၊ မွန်မြတ်ပါသော
  လူ့လောကတွင်း ၊ လာခြင်းကောင်းသား
  "ခြောက်ပါးစုံစွ ၊ နာယက"
  "တောက်ကြွားဂုဏ်က ၊ ထာဝရ"

မောင်အေးချမ်း(တောင်ကြီး)










" အခုလို COVID-19 ရောဂါဖြစ်ပွား နေတဲ့ ကာလမှာ အခြေခံ ပြည်သူတွေ အတွက် ယာယီအားဖြင့် အခက်အခဲ ရှိနိုင်ပါတယ်။ ဒီအခက်အခဲကို နိုင်ငံတော်အစိုးရနဲ့အတူ တတ်နိုင်တဲ့ ပြည်သူတွေကလည်း တတ်အားသရွေ့ ပူးပေါင်း ပါဝင် လှူဒါန်းပေးရမှာ ဖြစ်ပါတယ်။ "

ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း

Kanbawza Tai
NEWS JOURNAL (Represents for Shan State, Myanmar)

" ငွေလဝန်း " ပင်ရင်းထီဆိုင်
(လက်လီ/လက်ကား)
သံလျှင်လမ်း၊ ဟံရှေ့ရပ်ကွက်၊ တောင်ကြီးမြို့
ဖုန်း ၀၉ ၄၂၅၃၀၃၁၁၃

VOLUME.6, ISSUE.14 TUESDAY, JUNE 9, 2020

# ဆီဆိုင်ရှိ တပ်သိမ်းမြေ အငြင်းပွားမှုနှင့် ပတ်သက်၍ ရပ၁ တိုင်းမှူး၏ လာရောက် တွေ့ဆုံမှုအပေါ် တောင်သူများက အားရ ကျေနပ်ခြင်း မရှိ

စုလှိုင်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ဆီဆိုင်မြို့နယ်အတွင်းရှိတပ်မတော်မှ သိမ်းဆည်းထားသည့် မြေဧက ၂၂၀၀ နှင့် ပတ်သက်၍ ဇွန်လ ၄ ရက်က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးမှ ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် တောင်သူများနှင့် လာရောက် တွေ့ဆုံ ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ရာ တိုင်းမှူး၏ ပြောဆိုမှုကို တောင်သူများက အားရ ကျေနပ်ခြင်း မရှိကြောင်း သိရသည်။



ထိုသို့ တွေ့ဆုံ ညှိနှိုင်းမှုများ ပြုလုပ်နေချိန်တွင် ပုဂ္ဂလိက သတင်းမီဒီယာများအား အစည်းအဝေး ခန်းမ အတွင်းသို့ ဝင်ရောက် သတင်း ရယူခွင့် မပြုခဲ့ဘဲ ဆွေးနွေးမှု အပြီး၌ တောင်သူများကို မေးမြန်းရာတွင် တောင်သူများက ယင်းကဲ့သို့ပြောဆိုခဲ့ခြင်း ဖြစ်သည်။

"တောင်သူတွေက စိုက်တဲ့ အချိန် ရောက်ပြီ။ မစိုက်ရဘူးဆိုရင် ဒုက္ခရောက်ကုန်မှာပေါ့။ မစိုက်ရဘူးဆိုရင် ဒီတောင်သူတွေရဲ့ စားဝတ်နေရေးက ဘယ်လိုလုပ်ရမှာလဲ။ ငြိမ်းချမ်းနေတဲ့ နယ်မြေက မငြိမ်းချမ်းတဲ့ နယ်မြေ ဖြစ်လာမှာကို တောင်သူတွေက စိုးရိမ်နေတယ်။ တိုင်းမှူးရဲ့ ပြောဆိုမှုကို ကျေနပ်အားရမှုတော့ သိပ် မရှိပါဘူး" ဟု ဆီဆိုင်မြို့နေ လယ်ယာမြေ သိမ်းဆည်းခံရသည့် တောင်သူ တစ်ဦးက ကမ္ဘောဇတိုင်းသို့ပြောသည်။

ထို့အတူ ဆီဆိုင်မြို့နယ်၊ ထီမန်း ကျေးရွာနေ ဒေသခံ တစ်ဦးကလည်း "မိသားစုနဲ့ သွားတော့ စစ်တပ်က မောင်း ထုတ်တာ ခံရတယ်။ ပေးမစိုက်ဘူး။ ယူနီဖောင်းတွေ၊ သေနတ်တွေနဲ့ လာတယ်။ စက်တွေကို သိမ်းတယ်။ ဒါကြောင့် စက်တွေကိုရဲစခန်းကို ပို့ပေးရတာပါ။ မိုး ကျပြီဆိုတော့ တောင်ယာ သီးနှံတွေကို မိုးရေအားကိုးနဲ့ စိုက်ရတာပါ။ ဒါကြောင့်ရှိတဲ့ ပေါက်ပြားနဲ့ ထွန်တုံးနဲ့ သွားစိုက်တာပါ။ တွေ့ဆုံညှိနှိုင်းမှုကိုတော့ အားရမှု မရှိပါဘူး"ဟု ပြောသည်။

တွေ့ဆုံမှုတွင် တပ်မတော်ဘက်က လက်ရှိ အငြင်းပွားမှု ပြဿနာကို မဆုံးဖြတ်သေးမီ ကာလအတွင်း သိမ်းဆည်းခံ မြေယာများပေါ်၌ နှစ်ဘက်လုံးမှ ထွန်ယက် စိုက်ပျိုးခြင်း မပြုရန် ပြောဆိုခဲ့သော်လည်း တောင်သူများ အနေဖြင့် စားဝတ်နေရေး အတွက် မဖြစ်မနေ စိုက်ပျိုးရန် လိုအပ်ခြင်းကြောင့် အဆိုပါ ညှိနှိုင်းဆုံးဖြတ်မှုကို ကျေနပ်မှု မရှိဘဲ ဖြစ်နေကြောင်း သိရသည်။

ယင်း သိမ်းဆည်းခံ မြေများကို ၁၉၉၂ ခုနှစ်မှ စတင်၍ တပ်မတော်က သိမ်းဆည်းခဲ့ခြင်း ဖြစ်ပြီး ယနေ့ချိန်အထိ မည်သည့် စီမံကိန်းမျှ အကောင်အထည်ဖော်မှု မရှိသေးကြောင်း သိရသည်။

# တပ်သိမ်းမြေများ ပြန်လည်စွန့်လွှတ်ရန် အရပ်ဘက် အဖွဲ့အစည်းများ တောင်းဆို

စိုင်းသိခ်သူ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ဆီဆိုင်မြို့နယ်ရှိ တပ်သိမ်းမြေ ဧက ၂၂၀၀ နှင့် ပတ်သက်၍ တောင်သူများထံ ချွင်းချက်မရှိ ပြန်လည် စွန့်လွှတ်ပေးရန် ပအိုဝ်းအရပ်ဘက် အဖွဲ့အစည်းများ အပါအဝင် မြန်မာနိုင်ငံတစ်ဝှမ်းရှိ အရပ်ဘက် အဖွဲ့အစည်း ၂၀၀ ခန့်က ဇွန်လ ၃ ရက်တွင် သဘောထား ကြေညာချက် တစ်စောင် ထုတ်ပြန်ကြေညာခဲ့သည်။

"တိုင်းရင်းသား ဒေသခံတွေ ဓါးမဦးချ လုပ်ခဲ့တာကို ဘယ်တုန်းက မြေ သိမ်းလိုက်မှန်း မသိရဘဲ မောင်းထုတ် ခံရတဲ့ကိစ္စ၊ တောင်သူတွေမှာမြေက အသက်ဖြစ်ပြီးတောင်သူအလုပ် မလုပ်ရတာ၊ ကြွေးမြီတွေနဲ့ စားဝတ်နေရေး ခက်ခဲနေတာတွေ၊ မြေသိမ်း၊ စက်သိမ်း၊ အမှုဖွင့် ခံရတာတွေနဲ့ မျက်ရည် ကျရတာတွေကို စာနာသင့်ပါတယ်" ဟု ပအိုဝ်းလူငယ်စင်တာမှ ခွန်ထက်စံက ပြောသည်။

အဆိုပါ တပ်မတော်မှ သိမ်းဆည်းထားသည့် လယ်ယာမြေများအား တပ်မတော်မှ ပြန်လည်စွန့်လွှတ်ပေးရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ပအိုဝ်းတိုင်းရင်းသားနိုင်ငံရေးပါတီ များမှ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးရန် ယင်းကဲ့သို့ သဘောထား ကြေညာချက်ကို စုပေါင်းထုတ်ပြန်ရခြင်း ဖြစ်သည်ဟု ၎င်းက ဆက်လက် ပြောဆိုခဲ့သည်။

"တောင်သူ လယ်သမားတွေ လုပ်ရမယ့် အလုပ်ကို စစ်သားတွေ ကဝင်ပြီးလုပ်တာ။ ပြီးတော့ ဘိုးဘွားစဉ်ဆက် လုပ်ကိုင် ပိုင်ဆိုင်လာတဲ့ မြေတွေပေါ်က မောင်းထုတ်ခံရတာပါ။ တောင်သူက တောင်သူအလုပ် လုပ်စေချင်တယ်။ စစ်သားကလည်း စစ်သားအလုပ် ဖြစ်တဲ့ ပြည်သူကို စောင့်ရှောက် စေချင်ပါတယ်"ဟု တောင်ကြီးမြို့ရှိ DEMO အဖွဲ့မှ ဒါရိုက်တာ ဦးခွန်ဇော်ကလည်း ပြောဆိုခဲ့သည်။

ထိုကဲ့သို့သော တပ်မတော်၏ လုပ်ရပ်များသည် တောင်သူများ၏ ဘဝကို အကာအကွယ် မပြုသည့် အပြင် ဖျက်ဆီးရာ ရောက်နေပြီး အမျိုးသားသင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း ထိခိုက်စေနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"တောင်သူတွေ မြေပြန်ပေးဖို့၊ ဖျက်ဆီးခံရတဲ့ သီးနှံလျော်ကြေးတွေ ပေးဖို့၊ သိမ်းထားတဲ့စက်တွေ ပြန်ပေးဖို့၊ အမှုတွေ ပိတ်ပေးဖို့တွေ အပြင် ခြိမ်းခြောက် အနိုင်ကျင့်ခံရမှု၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ အတွက် တိုင်းပြည်သိဖို့ ထုတ်ပြန်ကြခြင်း ဖြစ်ပါတယ်"ဟု ပအိုဝ်းအမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးခွန်ဦးက ပြောသည်။

ထို့ပြင် အစိုးရ အနေဖြင့်လည်း ယခုမိုးဦးကာလတွင် တောင်သူများ အချိန်မီ စိုက်ပျိုးခွင့်ရရှိရေးနှင့် ဒေသအလိုက်ဓလေ့ထုံးတမ်းကိုအခြေခံ၍ တောင်သူများမြေပိုင်ဆိုင်ခွင့်၊ လွတ်လပ်စွာ စိုက်ပျိုး ခွင့်ရရှိရန် အမြန်ဆုံးကူညီ ဆောင်ရွက်ပေးရန် တိုက်တွန်းထားကြောင်း သိရသည်။

# ဆီဆိုင်ရှိ တပ်သိမ်းမြေနှင့် ပတ်သက်၍ PNO မှ မေတ္တာရပ်ခံစာ ထုတ်ပြန်

နန်းဝင်းရီ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ဆီဆိုင်မြို့နယ် အတွင်းရှိ တပ်သိမ်းမြေ အငြင်းပွားမှုနှင့် ပတ်သက်၍ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) က ဇွန်လ ၅ ရက် ရက်စွဲဖြင့် ဒေသခံများအား မေတ္တာရပ်ခံစာ ထုတ်ပြန်ထားသည်ဟု သိရသည်။

ယင်း မေတ္တာရပ်ခံစာတွင် PNO အနေဖြင့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် ဖြစ်ပွားနေသော မြေယာပြဿနာနှင့် ပတ်သက်၍ အလွန်ပင် စိတ်မကောင်း ဖြစ်မိပါကြောင်း၊ ထို့ကြောင့် တပ်မတော်မှ သိမ်းဆည်းထားသော မြေယာများကို ပြန်လည် ရရှိရန်အတွက် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌနှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)တို့မှ နိုင်ငံတော်အစိုးရနှင့် တပ်မတော်ထံတွင် တင်ပြမေတ္တာရပ်ခံ ပေးလျက်ရှိကြောင်း၊ သိမ်းဆည်းခံ မြေယာများ ပြန်လည် ရရှိရန်အတွက် တစ်ဦးနှင့် တစ်ဦး မေတ္တာမပျက်စေရန် လိမ္မာပါးနပ်ပြီး အပြုသဘောဆောင်သော ချဉ်းကပ်နည်းဖြင့် ကြိုးစားသင့်ကြောင်း၊ အပြုသဘော မဆောင်သော (Social Network) ပေါ်တွင် ဆဲဆိုခြင်း၊ မြေ ပြဿနာကို ဂဃနဏ မသိဘဲ ရေး တင် ခြင်းများကို မပြုလုပ်သင့်ကြောင်း၊ တစ်ဦးနှင့် တစ်ဦး ရန်မဖြစ်သော နည်းလမ်းများ၊ အကျိုးရှိစေသော ဖြေရှင်းနည်းများနှင့် ရေရှည် အကျိုးကို မျှော်တွေး စေလိုကြောင်း ဖော်ပြပါရှိသည်။

ထို့အပြင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် ပအိုဝ်း အမျိုးသားအဖွဲ့ချုပ် (PNO) အနေဖြင့် သိမ်းဆည်းခံ မြေယာများ ပြန်လည်ရရှိရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့ထံ မေတ္တာရပ်ခံခဲ့ရာ ဟိုပုံးမြို့နယ်ရှိ မြေယာပေါင်း ၁၄၁၁၇ ဒသမ ၉၈ ဧက၊ ဆီဆိုင်မြို့နယ်မှ ၂၀၀ ဧကနှင့် နောင်မွန်မှ မြေယာ ၄၇ ဒသမ ၆၂ ဧကအား ပြန်လည်ရရှိခဲ့ပါကြောင်း ယင်းထုတ်ပြန်စာတွင် ဖော်ပြထားသည်။

VOLUME.6, ISSUE 14 TUESDAY, JUNE 9, 2020
ကမ္ဘောဇတိုင်း

# ရှမ်းတောင်မှ တက္ကသိုလ်ဝင်တန်း အဖြေလွှာများအား ၁၀ ရက်ခန့်ဖြင့် အပြီး စစ်ဆေးသွားမည်

နန်းဝင်းရီ၊ စုလှိုင်

ရှမ်းပြည်နယ်တောင်ပိုင်း ဒေသအတွင်းမှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အဖြေလွှာများအား တောင်ကြီးတက္ကသိုလ်တွင် ဇွန်လ ၅ ရက်မှ စတင်၍ စစ်ဆေးနေပြီး ၁၀ ရက်ခန့်ဖြင့် အပြီး စစ်ဆေးသွားမည် ဖြစ် ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးနိုင်ရန်အတွက် ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် ကယားပြည်နယ်တို့မှ ဆရာ/ဆရာမ အင်အား ၂၀၀၀ ကျော် ခေါ်ယူထားသည်။



“ခန့်မှန်းခြေတော့ သူတို့စစ်ရင် ၁၀ ရက် ဝန်းကျင်လောက် ကြာတတ်ပါတယ်။ လက်ရှိကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်အတိုင်း၊ အကွာအဝေး သတ်မှတ်ချက်တွေ အတိုင်းပဲ ဆောင်ရွက်ထားတယ်လို့ ပြောပါတယ်”ဟု ရှမ်းပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးဝင်းမောင်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

ထို့အတူ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်မျိုးထွန်းကလည်း " သူတို့ စစ်ပြီးရင် ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ပါဆိုမှ ထုတ်ပြန်မယ်။ ပညာရေးဝန်ကြီးဌာနက ညွှန်ကြားချက် အတိုင်းပဲ ဆောင်ရွက်မှာပါ”ဟု ပြောဆိုခဲ့သည်။

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင် စာမေးပွဲကို မတ်လ ၁၁ ရက်မှ မတ်လ ၂၀ ရက်အထိ ကျင်းပခဲ့ခြင်း ဖြစ်ပြီး စာမေးပွဲ ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ဦးရေသည် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ၉ သိန်း ၇ သောင်းကျော် ရှိသည်ဟု မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ သိရသည်။

ရှမ်းပြည်နယ် အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဆိုရန် ရှမ်းတောင်တွင် ၄၀၂၃၇ ဦး၊ ရှမ်းမြောက်မှ ၁၉၂၂၈ ဦး ရှမ်းအရှေ့မှ ၅၄၅၇ ဦး၊ စုစု ပေါင်း ၆၄၉၁၂ ဦး စာရင်း ပေးသွင်းထားသည်ဟု သိရသည်။

# အခြေခံပညာကျောင်းများ မဖွင့်လှစ် သေးသော်လည်း ကျူရှင်ခေါ်ယူ သင်ကြားမှုများ ရှိနေ

စုလှိုင်

ကမ္ဘာတစ်ဝှမ်း ဖြစ်ပွားနေသော COVID-19 ဂယက်ကြောင့် အခြေခံပညာကျောင်းများ ပုံမှန် ကျောင်းဖွင့်ရက်တွင် ပြန်လည် ဖွင့်လှစ်နိုင်ခြင်း မရှိသေးသော်လည်း ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့ အပါအဝင်မြို့နယ်အချို့တွင် ကျောင်း ဆရာ/ဆရာမများမှ ကျူရှင် ခေါ်ယူ သင်ကြား မှုများ ရှိနေသည်ဟု သိရသည်။

“ကျောင်းတွေက ဘယ်အချိန်ပြန် ဖွင့်မယ်ဆိုတာ မသိရသေးဘူး။ ဆရာမက ကျူရှင်တက်ဖို့ ခေါ်နေပြီ။ မတက် မနေရ ပုံစံမျိုး ဖြစ်နေတယ်။ မထားပြန်ရင်လည်း ကိုယ့်ကလေးပဲ မျက်နှာငယ်မှာ စိုးလို့ပါ” ဟု ဟိုပုံးမြို့နေ ကျောင်းသားမိဘ တစ်ဦးက ပြောသည်။

အဆိုပါ ကိစ္စနှင့် ပတ်သက်၍ ရှမ်းပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးဝင်းမောင်အား ကမ္ဘောဇတိုင်းမှ ဆက်သွယ်မေးမြန်းရာတွင် "ပညာရေးဌာနကနေပြီးတော့ မလုပ်ရဘူး၊ လုပ်ပိုင်ခွင့် မရှိပါဘူးဆိုပြီး တရားဝင်ညွှန်ကြားထား ပြီးသားပါ။ တိုင်ကြားမှု ရှိလာရင်တော့ ဌာနရဲ့ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာပါ ”ဟု ပြန်လည်ဖြေကြားခဲ့သည်။

ယခုကာလတွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရမည့် အချိန်ကာလဖြစ်သော်လည်း လက်ရှိဖြစ်ပွားနေသော COVID-19 ကူးစက်ရောဂါ ဂယက်ကြောင့် ကျောင်းအပ်လက်ခံနိုင်ခြင်း မရှိသေးသလို အောင်စာရင်းများလည်း ထုတ်ပြန်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

လက်ရှိတွင်အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများမှ ပြည်တွင်းသို့ ပြန်လည် ဝင်ရောက်လာသူများအား COVID-19 ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အခြေခံပညာ စာသင်ကျောင်းအချို့နှင့် ဘုန်းတော်ကြီးကျောင်းများ၊ တရားရိပ်သာများ စသည့်နေရာများတွင် အသွားအလာ ကန့်သတ်စောင့် ကြည့်ခြင်းများ ပြုလုပ်နေလျက်ရှိကြောင်း သိရသည်။

#

# ရှမ်းပြည်နယ် အတွင်းရှိ အထင်ကရ ဘုရားစေတီများအား ဆက်လက် ပိတ်ထားမည်

စုလှိုင်

COVID-19 ကပ်ရောဂါ ကူးစက်မှုမှ ကာကွယ်နိုင်ရန်အတွက် ရှမ်းပြည်နယ်အတွင်းရှိ အထင်ကရ ဘုရား၊ စေတီများကို လက်ရှိအတိုင်း ဆက်လက် ပိတ်ထားမည် ဖြစ်ကြောင်း သိရသည်။

“ဘုရားစေတီတွေက လောလောဆယ်ကတော့ မဖွင့်သေးဘူး။ လူစုလူဝေးနဲ့ Social Distancing က ဆက်ထားဖို့ လိုသေးတယ်။ စားသောက်ဆိုင်တွေ၊ လက်ဘက်ရည်ဆိုင်တွေ၊ ဈေးတွေကနေ တစ်ဆင့်ချင်း ပြန်ဖွင့်ပေးမယ်။ ညဈေးလည်း ဖွင့်ခွင့် မပေးထားဘူး။ ဆက်ပိတ်ထားမယ်”ဟု ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ထို့အပြင် KTV များ၊ Night Club များ၊ Bar များကိုလည်း ဆက်လက်ပိတ်ထားမည်ဖြစ်ပြီး ဟိုတယ်နှင့် တည်းခိုရိပ်သာများ အနေဖြင့် ပြန်လည် ဖွင့်လှစ်လိုပါက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ လိုက်နာရန် အချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ် လုပ်ကိုင်ခွင့် ပြုမည်ဖြစ်ကြောင်း သိရသည်။

တောင်ကြီးမြို့နယ်အတွင်း အထင်ကရ ဘုရားစေတီများဖြစ်သော စူဠာမုနိ လောကချမ်းသာစေတီတော်၊ ရွှေဘုန်းပွင့်စေတီ၊ အတုလမာရဇိန် ဆုတောင်းပြည့် မြို့လယ်ဓမ္မာရုံ အပါအဝင် ဘုရား ၂၆၀၄ ဆူ၊ စေတီ ၃၀၉၅ ဆူ၊ ပုထိုး ၂ ဆူ၊ ဘုန်းတော်ကြီးကျောင်း ၃၄၄ ကျောင်း ရှိပြီး ရဟန်း ၂၀၀၀ ကျော်၊ သာမဏေ ၅၀၀၀ ကျော်နှင့် သီလရှင် ၆၀၀ ကျော် သီတင်းသုံးလျက် ရှိကြောင်း သိရသည်။

# ရှမ်းပြည်နယ်အတွင်းရှိ COVID-19 စစ်ဆေးဂိတ်များ ပိတ်သိမ်း

စုလှိုင်

ရှမ်းပြည်နယ် အတွင်းရှိ လေဆိပ်နှင့် နယ်စပ် ဝင်/ထွက်ဂိတ်များမှအပ ကျန်ရှိသော COVID-19 ကူးစက်ရောဂါ စစ်ဆေးဂိတ်များကို ဇွန်လ ၁ ရက်မှ စ၍ ပိတ်သိမ်းလိုက်ပြီ ဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

“အခု လက်ရှိဒေသတွင်းမှာ တစ်ဦးကနေ တစ်ဦး ကူးစက်မှု မရှိဘူး ။ နောက်တစ်ခုက ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းကလည်း တော်တော်များများ ဆောင်ရွက်နိုင်တယ် ဆိုတော့ COVID -19 နဲ့ ပတ်သက်ပြီး လုပ်ဆောင်မှုတွေက အတိုင်းအတာတစ်ခုထိ သက်ရောက်တယ်။ လေဆိပ် ၅ ခု နဲ့ နယ်စပ် ဝင်/ထွက် ဂိတ်တွေပဲ လုပ်တော့မှာ။ အကုန်လုံးနီးပါးသိမ်းလိုက်တော့မှာပေါ့။ လေဆိပ်နဲ့ နယ်စပ်ဂိတ်တွေပဲ ကျန်တော့မှာပါ” ဟု ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပြောသည်။

ရှမ်းပြည်နယ်ရှိ COVID-19 ကူးစက်ရောဂါ စစ်ဆေးဂိတ် အများစုကို ပိတ်သိမ်းခဲ့သော်လည်း ဟဲဟိုး လေဆိပ်၊ လားရှိုးလေဆိပ်၊ ကျိုင်းတုံလေဆိပ်၊ တာချီလိတ်လေဆိပ်၊ မိုင်းဆတ် လေဆိပ်နှင့် နယ်စပ် ဝင်ထွက်ဂိတ်များဖြစ်သော နမ့်ခမ်း၊ မူဆယ်၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ တာချီလိတ်၊ မိုင်းယု၊ ဝမ်ပုံ ရှိဂိတ်များတွင်မှု ကျန်းမာရေး စစ်ဆေးမှုများအား ဆက်လက် ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။



ထို့အပြင် ယခု ဇွန်လမှ စတင်၍ ကာကွယ်ဆေး ထိုးခြင်း လုပ်ငန်းများနှင့် သွေးလွန်တုပ်ကွေးရောဂါအသိပညာပေး လုပ်ငန်းများကိုလည်း ကျန်းမာရေး ဝန်ထမ်းများမှ အလှည့်ကျစနစ်ဖြင့် လုပ်ဆောင်နေလျက် ရှိကြောင်းလည်း သိရသည်။

ရှမ်းပြည်နယ်အတွင်း၌ COVID -19 ကူးစက်ရောဂါ စစ်ဆေးဂိတ်များကို မတ်လ ၂၄ ရက် ဝန်းကျင်မှ စတင်၍ ဖွင့်လှစ်ပြီး ဖြတ်သန်း သွားလာသူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား ပိုးသတ်ဆေး ဖြန်းခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်ခြင်း လုပ်ငန်းများကို စေတနာ့ ဝန်ထမ်းများ၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

# ရှမ်းပြည်နယ်လွှတ်တော် ၁၉ ကြိမ် မြောက် ပုံမှန်အစည်းအဝေးကို ဇွန်လ ၂၂ ရက်တွင် ပြုလုပ်မည်

ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်၊ ၁၉ ကြိမ်မြောက် ပုံမှန် အစည်းအဝေးကို လာမည့် ဇွန်လ ၂၂ ရက်တွင် စတင် ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေး ကျင်းပ ပြုလုပ်ရန်အတွက် ဇွန်လ ၁ ရက် တွင် ရှမ်းပြည်နယ် လွှတ်တော်က ကြေညာခဲ့ခြင်း ဖြစ်ကာ အစည်း အဝေးတွင် ဖြည့်စွက်ရန်ပုံငွေနှင့် ပတ်သက်သည့် အကြောင်းအရာများ ကို အဓိကထား ဆွေးနွေးမည် ဖြစ် ကြောင်း သိရသည်။

"ဖြည့်စွက် ရန်ပုံငွေနဲ့ ပတ်သက် တဲ့ ဘတ်ဂျက်တွေကို ဥပဒေ ထုတ် ပြန်ပေးဖို့အတွက် ဆွေးနွေးဖို့ရှိမယ်။ ပုံမှန် အစည်းအဝေးတွေလိုပဲ မေး ခွန်းတွေ၊ အဆိုတွေ ရှိမှာပေါ့" ဟု ရှမ်းပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ ဦး စဝ်အောင်မြတ်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

အစည်းအဝေးအား အနည်းဆုံး ၅ ရက်ခန့် ကျင်းပသွားမည် ဖြစ်ကာ လွှတ်တော်ကိုယ်စားလှယ်များအား ဇွန်လ ၂၀ ရက်ထက် မစော၊ နောက် မကျရန် ခေါ်ယူထား သော်လည်း



ဖြည့်စွက်ရန်ပုံငွေနှင့် ပတ်သက် သည့် ဆွေးနွေးလိုသော ကိုယ်စား လှယ်များ အနေဖြင့် ကြိုတင်လာ ရောက်မည်ဆိုပါက ခွင့်ပြုရန် စီစဉ် ထားကြောင်း သိရသည်။

ထို့အတူ COVID-19 ကာကွယ် ရေးနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန် မှုများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း သိရသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်တွင် လွှတ်တော်ကိုယ် စားလှယ် စုစုပေါင်း ၁၃၉ ဦး ရှိပြီး လွှတ်တော်သက်တမ်းအတွင်း ပုံမှန် အစည်းအဝေး ၁၈ ကြိမ်၊ အရေး ပေါ်အစည်းအဝေး ၄ ကြိမ်နှင့် အထူး အစည်း ၂ ကြိမ် ပြုလုပ်ပြီး ဖြစ်သည်။

# ဓနုတိုင်းရင်းသားများ၏ အမည်နာမ မှည့်ခေါ်ပုံများကို တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာနသို့ ပေးပို့

စိုင်းသိန်းသူ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနု ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် အ များဆုံး နေထိုင်သည့် ဓနုတိုင်းရင်း သားများ၏ အမည်နာမ မှည့်ခေါ်ပုံ များကို ဓနုစာပေနှင့် ယဉ်ကျေးမှု အ သင်းမှ တိုင်းရင်းသား စာပေနှင့် ယဉ် ကျေးမှု ဦးစီးဌာနသို့ ပြုစုပေးပို့ထား သည်ဟု သိရသည်။

"ကျောင်းတွေမှာ ကိုယ့်လူမျိုးအ မည် မှည့်ခေါ်ပုံအတိုင်း ကျောင်းအပ် နိုင်ခွင့်အပေါ် မူတည်ပြီး ကိုယ့်ဆန္ဒ အတိုင်း မှည့်ခေါ်တဲ့နေရာမှာ အများ သူငှာ သိရှိအောင် ပြုစုထားတာ ဖြစ် ပါတယ်" ဟု တောင်ကြီးမြို့နယ် ဓနု စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးစိုးအောင်က ပြောသည်။

ဓနု တိုင်းရင်းသားများ၏ မွေး ချင်းအမည် မှည့်ခေါ်ရာတွင် မွေး ကင်းစ သားသမီးများ၏ အမည်ရှေ့ ၌ အောင်ငဲကင်း/မိနီကင်း၊ အရွယ် မရောက်သေးသည့် လူပျိုအပျိုတို့၏ အမည်ရှေ့၌ အောင်နီပဲ့/မိနီပဲ့၊ အ ရွယ်ရောက်ပြီး လူပျို/အပျို တို့၏ အ မည်ရှေ့၌ ကွင်/မိ၊ အသက်အရွယ် ကြီးရင့်သည့် အဖိုး/အဖွား များ၏ အမည်ရှေ့၌ ဖအို၊ မယ့်အို၊ ရဟန်း မိဘများ၏ အမည်ရှေ့၌ ပဥ္စင်းဖ/ ပဥ္စင်းမွေ့၊ ဘုန်းကြီးဖ/ဘုန်းကြီးမွေ့၊ ဘုရားစေတီ လှူဒါန်းထားသူများ ၏ အမည်ရှေ့တွင် ကျောင်းကာ/ ကျောင်းကာမ၊ သိမ်လှူဒါန်းထားသူ များ၏ အမည်ရှေ့၌ သိမ်ကာ/သိမ် ကာမဟူ၍ မှည့်ခေါ်ကြောင်း ၎င်းထံ က သိရသည်။

အခြား အသုံးအနှုန်းများ အဖြစ် အဖိုးအဖွား များအား ဖိုး/တို့ပေါင်၊ ဘကြီး၊ဒေါ်ကြီးတို့ကို ဖကြီး/မွေ့ကြီး၊ ဦးလေး၊ဒေါ်လေးတို့ကို အပီး/အရီး၊ (ဖပဲ့/မွေ့ပဲ့)၊ သားသမီးများက အမိ အဘတို့ကို တို့ဖ/တို့မွေ့၊ ခဲအိုနှင့် မရီးတို့ကို တို့နောင်/တို့မွေ့၊ အကို ကြီး၊ အမကြီးတော်သူများကို ကြီး မောင်/ အဲခင် စသည့် အခေါ်အဝေါ် များ ရှိကြောင်းလည်း သိရသည်။

ဓနု တိုင်းရင်းသားများသည် မြန် မာတစ်နိုင်ငံလုံးတွင် ဦးရေ ၇ သိန်း ခန့်ရှိပြီး ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင် အုပ်ချုပ် ခွင့်ရဒေသ ပင်းတယနှင့် ရွာ ငံမြို့နယ်များတွင် ဦးရေ ၂ သိန်းနီး ပါးခန့် ရှိကာ ကလော၊ အောင်ပန်း၊ တောင်ကြီး၊ နောင်ချို၊ ရပ်စောက် စသည့် မြို့များနှင့် ရန်ကုန်တိုင်း ဒေ သကြီး စသည့် ဒေသများတွင် နေ ထိုင်ကြောင်းလည်း သိရသည်။

# အေးသာယာတွင် ပန်းပျိုးပင်များ ပုံမှန် အရောင်းအဝယ် ဖြစ်

နန်းဝင်းရီ

ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ အေးသာယာ မြို့ရှိပန်းပျိုးပင် ရောင်းချသည့် လုပ်ငန်းများ ပုံမှန်သာ အရောင်းအဝယ် ဖြစ်နေကြောင်း ပျိုးပင် ရောင်းချသူ များထံက သိရသည်။

အဆိုပါ ပျိုးပင်များသည် မိုးဦး ကျကာလတွင် အပွင့်များပြီး ရောင်း အား ကောင်းသည့် ကာလဖြစ်သော်လည်း COVID-19 ကပ်ရောဂါ ကူး စက်မှုကြောင့် ယခုနှစ်တွင် ယခင် နှစ်များကဲ့သို့ အရောင်းအဝယ် မ သွက်သော်လည်း ပုံမှန် ရောင်းအား ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

"အမျိုးအစားကတော့ အစုံပဲ။ နှင်းဆီ ပန်းပင်တွေ၊ ယိုးဒယားမျိုး တွေက အရောင်းရဆုံးပဲ။ မိုးတွင်းဆိုရင် ရောင်းအား အကောင်းဆုံး ဆိုပေမဲ့ ဒီနှစ်ကတော့ ပုံမှန်ပဲ ရှိပါတယ်" ဟု အေးသာယာမြို့ရှိ ရွှေ ဖြူပျိုးပင်များ ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူ တစ်ဦးက ကမ္ဘောဇ တိုင်းသို့ ပြောသည်။

အေးသာယာမြို့ရှိ ရွှေဖြူ ပျိုးပင်များ ရောင်းဝယ်ရေးခြံတွင် နှင်းဆီပျိုးပင်များအား ရိုးရိုးပင်နှင့် ယိုးဒယား ပျိုးပင်ဟူ၍ ၂ မျိုး ပျိုးထောင်ထားရှိပြီး အပင်အမျိုးအစားအလိုက် ငွေကျပ် ၁၀၀၀ မှ ၅၀၀၀ ထိ ရောင်းချရကာ အခြားပျိုးပင်များလည်း ရောင်းချပေး လျက်ရှိကြောင်း သိရသည်။

ကမ္ဘာတစ်ဝှမ်းတွင်ဖြစ်ပွားနေသည့် COVID-19 ကပ်ရောဂါကြောင့် ရှမ်းပြည်နယ်တောင်ပိုင်း ဒေသအတွင်း စိုက်ပျိုးထားသည့် ရာသီပေါ် သီးနှံများ၊ ပန်းများ၊ ပျိုးပင်များ၊ နာနတ်သီးများ အစရှိသည့် သီးနှံများ အရောင်းပါးလျက် ရှိကြောင်း သိရသည်။

# တောင်ကြီးမြို့ရှိ ယာယီပျံ့ကျဈေးသည်များအနေဖြင့် မိုးရာသီကာလတွင် အခက်အခဲ ဖြစ်မည်ကို စိုးရိမ်နေ

မင်းမင်း

တောင်ကြီးမြို့မဈေး အပါအဝင် ရှမ်းပြည်နယ် အတွင်းရှိ စည်ပင်သာ ယာ ဈေးများအား ဇွန်လ ၁ ရက်မှ စတင်၍ ပြန်လည်ဖွင့်လှစ် ရောင်းချ ခွင့် ပြုထားသော်လည်း ပျံ့ကျဈေး သည်များအား ပုံမှန်အတိုင်း ရောင်း ချခွင့် မပြုဘဲ ယာယီပျံ့ကျဈေးများ တွင်သာ ဆက်လက် ရောင်းချရန် ခွင့်ပြုထားရာ ဈေးသည်များ အနေ ဖြင့် မိုးရာသီကာလ၌ အခက်အခဲဖြစ် ပေါ်မည်ကို စိုးရိမ်နေကြကြောင်း သိ ရသည်။

"ဈေးတွေ အကုန် ပြန်ဖွင့်ပေး ပေမယ့် ပျံ့ကျတွေက မပါသေးဘူး။ သူတို့ သတ်မှတ်ပေးထားတဲ့ ယာ ယီ ဈေးမှာပဲ ရောင်းဖို့က ဘယ်လိုမှ အဆင်ပြေမှာ မဟုတ်ဘူး။ မိုးလေး တစ်ဖျောက်လောက် ကျရင်ကို ခင်း ထားတဲ့ဟာတွေ အကုန် ပြန်သိမ်း ရတယ်။ တချို့ကျတော့ ဒီအတိုင်း မိုးရေထဲ ထားခဲ့ရတယ်။ ပျံ့ကျဈေး သည်တွေအတွက် စည်ပင်က တစ်ခု ခု လုပ်ပေးစေချင်ပါတယ်" ဟု ယာ ယီပျံ့ကျဈေးသည် တစ်ဦးက ပြော သည်။

အဆိုပါ ပျံ့ကျဈေးသည်များ အ နေဖြင့် မဟာသင်္ကြန်ကာလအပြီး ဧပြီလ ကတည်းက ရှမ်းပြည်နယ် အ စိုးရအဖွဲ့ မှ သတ်မှတ် ပေးထားသည့် ရပ်ကွက်အလိုက် ယာယီဈေးများနှင့် အဝေးရာ မီးပုံးပျံကွင်းတို့တွင် ရောင်း ချနေရခြင်းဖြစ်ပြီး ဈေးဝယ်သူ နည်း ပါးသဖြင့် စားဝတ်နေရေး အခက်အ ခဲများနှင့်လည်းရင်ဆိုင်နေရကြောင်း သိရသည်။

ထိုကဲ့သို့ ယာယီ ပျံ့ကျဈေးများ တွင် ရောင်းချနေရသည့်အတွက် မိုး ရာသီ ကာလတွင် ရောင်းချရန် အ ခက်အခဲ ဖြစ်ပေါ်နေပြီး စီးပွားရေး ထိခိုက် ဆုံးရှုံး နစ်နာမှုများ ဖြစ်ပေါ် လာမည်ကို စိုးရိမ်နေကြောင်း သိ ရသည်။

တောင်ကြီးမြို့ပေါ်တွင် ပျံ့ကျ ဈေးသည်များအား ယာယီဈေး ရောင်းရန်နေရာများ သတ်မှတ်ထား ပြီး သီးသန့်နေရာ စီစဉ်ပေးရန် မရှိ ကြောင်း တောင်ကြီးမြို့နယ် စည်ပင် သာယာရေးဌာန အမှုဆောင် အရာရှိ ဦးနေလင်းက ပြောဆိုထားသည်။



ကမ္ဘောဇတိုင်း
VOLUME.6, ISSUE 14 TUESDAY, JUNE 9, 2020

# တောင်ကြီးရှိ ဒေသန္တရကျန်းမာရေးဌာနတွင် အသက် ၂ လမှ ၁ နှစ်ခွဲ အရွယ် ကလေးများအား ကာကွယ်ဆေး ထိုးနှံပေး

မင်းမင်း

ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့ရှိ ဒေသန္တရကျန်းမာရေး ဌာနတွင် အသက် ၂ လမှ တစ်နှစ်ခွဲ အရွယ်အထိ ကလေးငယ်များအား ဇွန်လ ၁ ရက်မှ စတင်၍ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

“ဇွန်လ ပထမအပတ်နဲ့ ဒုတိယအပတ် ရုံးဖွင့်ရက်တွေမှာ အသက် ၂ လကနေ တစ်နှစ်ခွဲ ကလေးငယ်တွေကို တစ်နေ့ တာဝန်ကျ ဆရာမ တစ်ဦးနဲ့ မနက်ပိုင်းမှာ ၂၅ ဦး၊ နေ့လယ်ပိုင်းမှာ ၂၅ ဦး၊ စုစုပေါင်း တစ်ရက်ကို ၅၀ ဦး ထိုးပေးသွားမှာ ဖြစ်ပါတယ်” ဟု တောင်ကြီးမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ မိုးထွန်းက ပြောသည်။

ထိုသို့ ကာကွယ်ဆေး ထိုးနှံပေးရာတွင် ဧပြီလနှင့် မေလအတွင်းက ကာကွယ်ဆေး ထိုးရန် ကျန်ရှိနေသည့် ကလေးငယ်များကိုပါ ထိုးနှံပေးသွားမည်ဖြစ်ပြီး လူစုလူဝေး မဖြစ်ပေါ် စေရေးအတွက် တစ်ရက်လျှင် ကလေးငယ် ၅၀ ဦးသာ ထိုးနှံပေးရန် သတ်မှတ်ထားကြောင်း ၎င်းက ဆက်လက် ပြောဆိုခဲ့သည်။

အဆိုပါ ကာကွယ်ဆေး ထိုးနှံမှု အစီအစဉ်ကို ဇွန်လ ၁ ရက်မှ ၅ ရက်အထိ တစ်ကြိမ်၊ ဇွန်လ ၈ ရက်မှ ၁၂ ရက်အထိတစ်ကြိမ် စုစုပေါင်း ၂ကြိမ် ဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ရုံးများမှ တစ်ဆင့်ကြို တင်အသိပေး နှိုးဆော်ထားပြီး ဖြစ်ကြောင်း သိရသည်။

တောင်ကြီးမြို့နယ်အတွင်း အသက် ၂ လမှ တစ်နှစ်ခွဲ အရွယ် ကလေးငယ် စုစုပေါင်း ၇၂၀၀ ခန့် ရှိကြောင်း သိရသည်။

# မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် တောင်ကြီးခရိုင်ဘဏ်ခွဲမှ တောင်သူများအား မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေး

ထမ်သီ

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ တောင်ကြီးခရိုင် ဘဏ်ခွဲမှ ၂၀၂၀ ပြည့်နှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများထံ ထုတ်ချေးပေးလျက် ရှိသည်ဟု သိရသည်။



၂၀၂၀ ပြည့်နှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို စပါး(လယ်) တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်း၊ ပြောင်း (ယာ) တစ်ဧကလျှင် ကျပ် တစ်သိန်း နှုန်းဖြင့် အများဆုံး ၁၀ ဧက အထိ ထုတ်ချေး ပေးနေခြင်းဖြစ်ပြီး မေလလယ်ပိုင်းမှ စတင်ထုတ်ချေးခဲ့ရာ တောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုမှ စပါး ၁၄၇ ဧက၊ ပြောင်း ၁၁၇၀ ဧက၊ စုစုပေါင်း ဧက ၁၃၁၇ ဧက၊ တောင်သူပေါင်း ၁၈၈ ဦးတို့ကို ချေးငွေ ကျပ် ၁၃၉၀ ဒသမ ၅၀ သိန်း ထုတ်ချေးပေးပြီး ဖြစ်ကြောင်း သိရသည်။

“ချေးငွေ ထုတ်ချေးရာမှာလည်း အရင်လို လူစုလူဝေးနဲ့ ထုတ်ပေးတာမျိုး မလုပ်ဘဲ အခုဖြစ်ပွားနေတဲ့ COVID-19 ကပ်ရောဂါကို ကာကွယ်နိုင်အောင် ကျန်းမာရေးနဲ့ အားကစား ဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပေးတယ်” ဟု တောင်ကြီးခရိုင် လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်ခင်ပြုံးရည်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

မိုးစပါးချေးငွေအတွက်ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင်အတွင်း တောင်ကြီးမြို့နယ် အပါအဝင် ပင်းတယ၊ ရွာငံ၊ ကလော၊ ညောင်ရွှေ မြို့နယ်များတွင် ထုတ်ချေးပေးနေခြင်းဖြစ်ကာ ယခုနှစ်မိုးစပါး ချေးငွေကို စက်တင်ဘာ လကုန်အထိ ထုတ်ချေးပေးသွား မည်ဖြစ်ကြောင်း ၎င်းထံက သိရသည်။

#

# တောင်ကြီးတွင် တစ်ပတ်ရစ် ဆိုင်ကယ် အရောင်းဆိုင်များ အရှုံးနှင့် ရင်ဆိုင်နေရ

မင်းမင်း

ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့ရှိ တစ်ပတ်ရစ် ဆိုင်ကယ်အရောင်းဆိုင်များမှာ COVID-19 ကပ်ရောဂါ စတင်ဖြစ်ပွားသည့် အချိန်မှစ၍ ယနေ့အထိ အရှုံးနှင့် ရင်ဆိုင်နေရကြောင်း အဆိုပါ လုပ်ငန်း လုပ်ကိုင်သူများထံက သိရသည်။

“COVID-19 ရောဂါ စဖြစ်တဲ့ အချိန်ကနေ ဒီနေ့အထိ တစ်ပတ်ရစ် ဆိုင်ကယ်ရောင်းသမားတွေ များလာတယ်။ အဝယ်ကတော့ လုံးဝကို မရှိသလောက် ဖြစ်သွားတယ်။ လူတိုင်းလိုလို စီးပွားရေး အဆင်မပြေတော့ တစ်ရက်ကို ရောင်းသမား ၁၅ ဦးလောက် လာတယ်။ အဝယ်သမားက တစ်ပတ်လုံးမှာ ၁၀ ဦးတောင် မရှိဘူး”ဟု တစ်ပတ်ရစ် ဆိုင်ကယ်ရောင်းဝယ်ရေး လုပ်ငန်း လုပ်ကိုင်သူကိုအာလန်းက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ယခင်က တစ်ပတ်ရစ်ဆိုင်ကယ် ရောင်းဝယ်ရေး ဆိုင်များအနေဖြင့် စီးပွားရေးအရ ဆုံးရှုံးမှု များများစားစား မရှိခဲ့သော်လည်း လက်ရှိတွင် COVID-19 ကူးစက်ရောဂါ ဖြစ်ပွားမှုကြောင့် ပေါ်ပေါက်လာသည့် စီးပွားရေး ဆုံးရှုံးမှုများ ပိုမိုများပြားကြောင်း ၎င်းက ဆက်လက် ပြောဆိုခဲ့သည်။

ထိုကဲ့သို့ စီးပွားရေးအရအကြပ်အတည်း ဖြစ်ပေါ်လာမှုကို ဖြေရှင်းနိုင်ရန်အတွက် တစ်ပတ်ရစ် ဆိုင်ကယ် ရောင်းဝယ်ရေး လုပ်ကိုင်သူများအနေဖြင့် အခြား စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာနေကြကြောင်း သိရသည်။

“ကျွန်တော်တို့က ဆိုင်ကယ်ပွဲစားဆိုတော့ အရောင်းဆိုင်တွေနဲ့ နားလည်မှု ယူပြီး ကိုယ့်အတွက် ပွဲခရအောင် လုပ်ရတာမျိုး တွေလည်း ရှိပါတယ်။အခုလိုကူးစက်ရောဂါဖြစ်နေတဲ့အချိန်ကျတော့ ဆိုင်ကယ်တွေ မဝယ်ထားရဲဘူး။ ရောင်းထွက်ဖို့ကတော်တော်ခက်ခဲနေတော့ တစ်ပတ်ရစ် ဖုန်းရောင်းဝယ်ရေးပါ တွဲလုပ်နေရတယ်”ဟု ဆိုင်ကယ်ရောင်းဝယ်ရေး အကျိုးဆောင် တစ်ဦးကလည်း ပြောဆိုခဲ့သည်။

တစ်ပတ်ရစ်ဆိုင်ကယ်အရောင်းဆိုင်များအနေဖြင့် ယခင်က တစ်လလျှင် ဆိုင်ကယ် အစီးရေ ၃၀ မှ ၅၀ အထိ ရောင်းချနိုင်ခဲ့သော်လည်း ယခုအခါ COVID-19 ရောဂါကူးစက်ပြန့်ပွားမှု ဂယက်ကြောင့် တစ်လလျှင် ၁၀ စီးပင် ရောင်းချနိုင်ခြင်း မရှိကြောင်း သိရသည်။

ထို့အပြင် ကူးစက်ရောဂါဖြစ်ပွားနေခြင်းကြောင့် တစ်ပတ်ရစ် ဆိုင်ကယ် အရောင်းဆိုင်များ အနေဖြင့် လုပ်ငန်း ရပ်တည်နိုင်ရန် အခက်ခဲများစွာရှိနေပြီး ဆိုင်ခန်းငှားရမ်းခနှင့် ဝန်ထမ်းလစာများ ပုံမှန်ပေးချေနေရသည့်အတွက် အရှုံးနှင့် ရင်ဆိုင်လာနေရခြင်းဖြစ်ကြောင်း သိရသည်။




# COVID-19 ကာလအတွင်း KTV များ ဖွင့်လှစ်ပါက လိုင်စင် ပိတ်သိမ်းသည် အထိ အရေးယူမည်

စုလှိုင်

ရှမ်းပြည်နယ်၏မြို့တော်တောင်ကြီးမြို့တွင် COVID-19 ကာလအတွင်း KTV ဆိုင်များ ဖွင့်လှစ်ပါက လိုင်စင် ပိတ်သိမ်းသည် အထိ အရေး ယူသွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေး ဦးစီးဌာနမှ သိရသည်။

" စည်းကမ်း ဖောက်ဖျက်ခဲ့တာ လိုက်စစ်လိုက်လို့ တွေ့ရင် အရေးယူတာက ရဲတို့ ထွေအုပ်တို့က လုပ်သွားမှာပါ။ လိုင်စင်ကတော့ ယာယီသိမ်းမယ်ပေါ့။ ပထမ ခံဝန်ကတိ လက်မှတ် ထိုးမယ်။ ဒုတိယ အကြိမ်မှာ ဒဏ်ငွေ ရိုက်မယ်။ တတိယအကြိမ်မှာ လိုင်စင်သိမ်းမယ်” ဟု ရှမ်းပြည်နယ် မြန်မာ့ ရုပ်ရှင်မြှင့်တင်ရေး ဦးစီးဌာန ပြည်နယ်ဗီဒီယို လုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီရုံးမှ ရှမ်းပြည်နယ် တာဝန်ခံ အရာရှိ ဦးစောဝင်းနိုင်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

တောင်ကြီးမြို့ပေါ်ရှိ KTV ဆိုင်များဖွင့်လှစ်ကြောင်းတိုင်ကြားမှုများရှိပါက ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် ဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ် အတွင်း ရှိ KTV များ၊ ကလပ်များ၊ Bar များကို COVID-19 ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ် နိုင်ရေးအတွက် မတ်လ ၂၄ မှ စတင်၍ ယာယီပိတ်ထားရန် ညွှန်ကြားထားကြောင်း သိရသည်။

#

# နောင်တုံကန်ပတ်လမ်း တိုးချဲ့ရာတွင် သက်တမ်းရင့် အရိပ်ရပင်နှင့် ပန်းအလှပင်များ ရှင်းလင်းခံရမည်ကို ဒေသခံများ စိုးရိမ်နေ

ထက်တိုင်းကျော်

ကျိုင်းတုံမြို့ရှိနောင်တုံကန်ပတ်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ရာတွင် လမ်းဘေးရှိ သက်တမ်းရင့် အရိပ်ရပင်နှင့် သစ်ပင် ပန်းမန်များအား ရှင်းလင်းဖယ်ရှားခံရမည်ကို ဒေသခံများက စိုးရိမ်နေလျက်ရှိကြောင်း သိရသည်။



နောင်တုံကန် ပတ်လမ်းတစ်လျှောက်တွင် စိုက်ပျိုးထားသည့် ညောင်ပင်၊ စိန်ပန်းပင်၊ ရေတမာပင်နှင့်စက္ကူပန်းပင်များသည်သက်တမ်းရင့် သစ်ပင်ကြီးများ ဖြစ်ပြီး ကန်ဘေးတွင် နေထိုင်သူများနှင့် လာရောက်လည်ပတ် လေ့လာ အနားယူအပန်းဖြေ သူများအတွက် စိတ်အပန်းပြေစေသဖြင့် ယင်းအပင်များကိုဖယ်ရှားရှင်းလင်းခြင်း မပြုရန် ဒေသခံများကလိုလားလျက်ရှိသည်ဟု သိရသည်။

ယင်းကဲ့သို့ ပြောဆိုမှုများနှင့် ပတ်သက်၍ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးဌာနမှ အင်ဂျင်နီယာ ဦးရဲထွန်းက "အပင်ကြီးတွေကတော့ လမ်းတိုးချဲ့တဲ့ နေရာမှာ ရှင်းလင်းဖို့ မရှိပါဘူး။ တချို့ စက္ကူပန်းပင်လိုဟာတွေတော့ ကား ရပ်နားဖို့နေရာ လုပ်ဖို့အတွက် ပါနိုင်ပါတယ်" ဟု ပြောဆိုခဲ့သည်။

ကျိုင်းတုံမြို့ရှိ နောင်တုံရေကန်ပတ်လမ်းနှင့် ရေမြောင်း အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ခွင့်ပြုရန်ပုံငွေ ၁၉၉၆ သိန်း ရရှိခဲ့ပြီး စေတနာရှင်များ ထည့်ဝင်ထားသည့် ဘိလပ်မြေ၊ သံချောင်း၊ အလှူငွေများဖြင့် ယခုနှစ်၊ ဇွန်လအတွင်း လုပ်ငန်းများ စတင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

နောင်တုံကန်၏ ရေပြင်ဧရိယာအကျယ်မှာ ၃၅ ဒသမ ၃၇၉ ဧကကျယ်ဝန်းပြီး ကန်ပတ်လမ်းအရှည် ၆၃၂၄ ပေ ရှည်လျားကာ ယင်းလမ်းကို ၂၄ ပေ အကျယ်၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

#

# စစစနှင့် ဒေသခံများ၏ မြေယာအငြင်းပွားမှု မြေစစ်ကော်မတီ၏ ဆုံးဖြတ်ချက်အတိုင်းသာ ဆောင်ရွက်သွားမည်ဟု ဆို

ကိုစိုး၊ မင်းမင်း

ရှမ်းပြည်နယ်မြို့တော်၊ တောင်ကြီးမြို့နယ် အတွင်းရှိ ဖာမွန်းကျေးရွာအုပ်စု၊ ရေဖြူ (ထီဗွာ) ကျေးရွာတွင် အထူးစုံစမ်း စစ်ဆေးရေး ဦးစီးဌာနနှင့် ဒေသခံများအကြားဖြစ်ပွားနေသော မြေယာပိုင်ဆိုင်မှု အငြင်းပွားမှု ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာ လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာ ဆောင်ရွက်သွားမည်ဟု သိရသည်။

"၂၀၀၂ ဝန်းကျင်လောက်မှာ စစစ က အခု မြေယာ အငြင်းပွားနေတဲ့ မြေနေရာမှာ သစ်ဆိမ့်ပင်တွေ စိုက်ပျိုးမယ်။ အလုပ်အကိုင် အခွင့်အလမ်းနဲ့ အကျိုးအမြတ် ခံစားခွင့်ရမယ်ဆိုပြီးပြောလို့ ဒေသခံတွေက လက်ခံခဲ့တာပါ။ အခုလိုမြေယာတွေ သိမ်းခံရမယ်လို့ မထင်ခဲ့ဘူး။ ၂၀၀၆ လောက်မှာကြက်ဆူလာစိုက်တယ်။ အဲဒီနောက်ပိုင်းမှာ စစစ က သူတို့ပိုင်မြေဖြစ်ကြောင်း ပုံစံ ၁၀၅ လာပြမှ ရွာသားတွေက သူတို့မြေ အသိမ်းခံရတာကို သိခဲ့တာပါ" ဟုမြေသိမ်းဆည်း ခံရသည့် ကိုသောင်းထိုက်က ပြောသည်။

အဆိုပါ ကိစ္စနှင့် ပတ်သက်၍ ရှမ်းပြည်နယ် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန (စစစ)မှ တာဝန်ရှိသူအား ကမ္ဘောဇတိုင်းမှ သွားရောက်တွေ့ဆုံ မေးမြန်းရာတွင် "မြေလွတ်မြေရိုင်းဖြစ်တဲ့အတွက်ကျွန်တော်တို့ဌာနပိုင် ပုံစံ (၁၀၅) လျှောက်ပြီး သစ်ဆိမ့် စိုက်ပျိုးခဲ့တယ်။ သရက်ပင်၊ ထောပတ်ပင်၊ ကြက်ဆူပင်တွေ ခေတ်အဆက်ဆက် စိုက်ပျိုးခဲ့တယ်။ စတင် စိုက်ပျိုးကတည်းက ဒေသခံတွေကိုလည်း ထောက်ပံ့ ကူညီပေးခဲ့တာတွေ ရှိပါတယ်။ အခုကျွန်တော်တို့မြေပေါ်မှာ အကွက်ရိုက်ပြီးရောင်းလာတာတွေ ရှိနေလို့ ဌာနက ၂၀၀၂ ခုနှစ်ကတည်းက လုပ်ကိုင်ခွင့် ရရှိခဲ့တာနဲ့ မသိနားမလည်တဲ့ သူတွေက ဒီမြေကို ဝယ်မိမှာ စိုးတဲ့ အတွက် ဆိုင်းဘုတ်တွေ လာထောင် တာပါ။ အရင်လည်းထောင်ခဲ့တာ ရှိပါတယ်။ ဖျက်ဆီး ခံခဲ့ရတာပါ" ဟု ပြောသည်။

အဆိုပါ ရေဖြူကျေးရွာ ဒေသခံများနှင့် ဖြစ်ပွားလျက်ရှိသည့် မြေယာ အငြင်းပွားမှု အား သက်ဆိုင် ရာမြို့ နယ် မြေယာအငြင်းပွား မှု စီမံခန့်ခွဲမှု ကော်မတီ အဆင့်ဆင့်၏ ဆုံးဖြတ်ချက် အတိုင်းသာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ယင်းမြေနေရာပေါ်တွင် အိမ်ဆောက်နေထိုင်သူများ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ကိုင်နေသူများအပြင် မြေဝယ်ယူထားသူတို့အား ဌာနပိုင်မြေ ဖြစ်သည့်အတွက် ပြန်လည် စွန့်လွှတ်ပေးရန် အတင်းအကျပ် ဖိအားပေးခြိမ်းခြောက်ခဲ့ခြင်း တစ်စုံတစ်ရာ မရှိကြောင်း ၎င်းတာဝန်ရှိသူမှ ဆက်လက် ပြောကြားခဲ့သည်။

ယင်း အငြင်းပွားမှု ဖြစ်ပေါ်နေသည့်မြေဧရိယာ အကျယ်ဝန်းမှာ ၁၀ ဒသမ ၁၇ ရှိပြီး ယင်းမြေနေရာပေါ်၌ လက်ရှိတွင် လူနေအိမ် ၆ လုံးနှင့် စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများ တည်ရှိနေပြီး မြေယာအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ဒေသခံ မြေပိုင်ရှင်အ ချို့မှ ယခု လက်ရှိ အစိုးရအပြင် ယ ခင် အစိုးရ လက်ထက်ကလည်း သက်ဆိုင်ရာ ဌာနများသို့ တိုင်ကြားစာ ပေးပို့ထားကြောင်း သိရသည်။

# နမ့်စန်တွင် ရလခ စစ်မှုထမ်းဟောင်းအိမ်ရာ ဆောက်လုပ်မည့် မြေနေရာနှင့် ပတ်သက်၍ ကန့်ကွက်မှုများ ရှိနေ

စုလှိုင်

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ် အတွင်း အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်မှ စစ်မှုထမ်းဟောင်းအိမ်ရာ ဆောက်လုပ်မည့် မြေနေရာနှင့် ပတ်သက်၍ ယင်းနေရာတွင် မြေပေးမိန့် ရရှိထားသူများမှ ကန့်ကွက်မှုများ ရှိနေကြောင်း သိရသည်။

"အားလုံး ဧက ၇၀၀ ကျော်ရှိတယ်။ နိုင်ငံတော်သမ္မတ အပါအဝင် အကြီးအကဲတွေကို စာတင်တာရောက်သွားပြီ။ ပြန်ကြားစာမှာတော့ ဘယ်နေ့ ဘယ်ရက်အထိ ကန့်ကွက်ပေ့ါ။ ကန့်ကွက်တဲ့သူမရှိရင် အဲဒီမြေကို ယူမယ်ပေ့ါ။ မြေစာရင်းနဲ့ ဝမ်ပုံကျေးရွာ အုပ်စုမှာ ကြော်ငြာထားတယ်။ ဒီမြေတွေကမြေလွတ်မြေရိုင်းမဟုတ်ဘူး။ ပိုင်ရှင်တွေ ရှိတယ်။ ငွေသွင်းထားတဲ့ ပြေစာတွေ ရှိတယ်။ ကျွန်မတို့အနေနဲ့ ကိုယ့်မြေကို ပြန်လိုချင်တာပါ"ဟု နမ့်စန်မြို့နေ ဒေါ်ခင်စုက ကမ္ဘောဇတိုင်းသို့ပြောသည်။

နမ့်စန်မြို့၊ တိုးချဲ့အကွက်ရှိ မြေပိုင်ရှင် ၁၀ ဦးတို့သည် အမည်ပေါက်လက်ဝယ်ရရှိပြီးဖြစ်သော ၎င်းတို့မြေများအား ခြံစည်းရိုးခတ်ခြင်း၊ မြေပြုပြင်ခြင်း၊ အိမ် ဆောက်လုပ်ခြင်းများပြုလုပ်ရန် သက်ဆိုင်ရာဌာနများသို့ ခွင့်ပြုချက်ရရှိနိုင်ရေးအတွက်မြေစာရင်းရုံး၌ ၁၉၉၆ ခုနှစ်ခန့်က သွားရောက် ထုတ်ယူခဲ့ရာတွင် ယခင်လွိုင်လင်မြို့ (ယခု) မိုင်းနောင်မြို့ရှိ အမှတ်(၂) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်တပ်မှ သိမ်းယူပြီးဖြစ်ကြောင်း ပြောဆိုကာ မြေပုံများ ရေးဆွဲပေးခဲ့ခြင်း မရှိကြောင်း သိရသည်။

အဆိုပါ မြေယာသိမ်းဆည်းခံရမှုနှင့် ပတ်သက်၍ မြေပိုင်ရှင် ၁၀ ဦးတို့က မေလ ၁၈ ရက်တွင် နိုင်ငံတော်သမ္မတထံသို့ တိုင်ကြားစာ ပေးပို့ထားသည်ဟု သိရသည်။

ယင်း မြေများကို တပ်မတော်မှ သိမ်းဆည်းခဲ့သည် ဆိုသော်လည်း ယခုအချိန်အထိ မြေပိုင်ရှင်များအား သက်ဆိုင်ရာ ဌာနများမှ တစ်စုံတစ်ရာ အကြောင်းကြားခြင်း၊ အသိပေးခြင်း လုံးဝမရှိခဲ့ဘဲ ၎င်းမြေမှာ မြေလွတ်မြေရိုင်း အဖြစ်သာ တည်ရှိနေခဲ့ ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေများပေါ်တွင် ၂၀၂၀ ပြည့်နှစ်၊ နှစ်ဆန်းပိုင်းက အရပ်ဘက်ကုမ္ပဏီတစ်ခုဖြစ်သော နေမင်းရောင် ဆောက်လုပ်ရေး ကုမ္ပဏီမှ လမ်းအသုံးပြု ကောက်ခံရေးဂိတ် တည်ဆောက်ရန်အတွက် ဆိုင်းဘုတ်များ စိုက်ထူ ထားခြင်းကြောင့် ဆုံးရှုံးနစ်နာခဲ့သော မြေပိုင်ရှင်များမှ ဥပဒေနှင့်အညီ စိစစ်၍ မြေကွက်များအား ပြန်လည် ပေးအပ်ရန် လျှောက်ထားတင်ပြထားကြောင်း သိရသည်။



ကမ္ဘောဇတိုင်း
VOLUME.6, ISSUE 14 TUESDAY, JUNE 9, 2020

# ကျိုင်းတုံမြို့အဝင်ရှိ ကျိုင်းဖောင်း ချောင်းအတွင်း သဲ အလွန်အကျွံ စုပ်ယူနေသည့် လုပ်ငန်းများအား ရပ်ဆိုင်းပေးရန် ဒေသခံများ လိုလားနေ



ထက်တိုင်းကျော်

ကျိုင်းတုံမြို့အဝင် ပြည်ထောင်စု လမ်းမပေါ်ရှိ ကျိုင်းဖောင်းချောင်းကူးတံတား အနီးတွင် သဲ အလွန်အကျွံ စုပ်ယူနေသည့် လုပ်ငန်းများကြောင့် ချောင်းသဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းနှင့် တံတားပျက်စီးမည်ကို စိုးရိမ်သဖြင့် ရပ်ဆိုင်းပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

"ကျိုင်းတုံမြို့အဝင်မှာ သဘာဝနဲ့ လှပပြီး မိသားစုအတွက် ဟင်းစားငါးနဲ့ ဟင်းရွက်ခူးတဲ့ ချောင်းက အခုတော့ ပျက်စီးနေတာ တွေ့ရလို့ စိတ်မကောင်းပါဘူး။ တာဝန်ရှိသူတွေ အချိန်မီ ထိန်းသိမ်းပေးစေချင်ပါတယ်"ဟု ကျိုင်းတုံ ဒေသခံတစ်ဦးက ၎င်း၏အမြင်ကို ပြောသည်။

ယင်း ကျိုင်းဖောင်း တံတားအောက်ရှိ ကျိုင်းဖောင်းချောင်း အတွင်းပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်အချို့မှ သဲ စုပ်လုပ်ငန်းများ လုပ်ကိုင်နေကြသဖြင့် ချောင်းရေ စီးကြောင်းတိမ်ကော၍ရေလမ်းကြောင်းပြောင်းလဲခြင်း၊ ချောင်း၏ သဘာဝပတ်ဝန်းကျင်များ ပျက်စီးခြင်းများဖြစ်ပေါ်နေပြီး ချောင်းပေါ်တွင် တည်ဆောက်ထားသည့် AH-2 လမ်း စီမံကိန်းဝင် တံတား၏ ခံနိုင်ဝန်အား အတွက် ချောင်းအောက်ခြေမှ ဒေါက်တိုင်များဖြင့် ထိန်းမတ်ထားရကြောင်း သိရသည်။

"ချောင်း တစ်လျှောက် တံတားအောက် ကိုက် ၁၀၀၀ အကွာအဝေးအထိကို တံတား တည်တံ့ဖို့အတွက် သဲ ကျောက်စုပ်ထုတ်ယူခွင့် မပြုပေးဘူးဆိုတဲ့ သတ်မှတ်ချက်မျိုးကို ကျွန်တော်တို့ အရင် တာဝန်ထမ်းဆောင်ခဲ့တဲ့ မြို့နယ်တွေမှာ ထုတ်ခဲ့ဖူးပါတယ်။ အခုဒီမှာတော့ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ကို တင်ပြမယ်။ ဘယ်လို ညွှန်ကြားလာ မလဲတော့ မသိသေးဘူး" ဟု ကျိုင်းတုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်းက ပြောသည်။

ယင်းကဲ့သို့ ပြောဆိုမှုများနှင့် ပတ်သက်၍ ကျိုင်းဖောင်းချောင်း အတွင်း သဲစုပ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးကလည်း "သဲစုပ်လုပ်ငန်းအတွက် လိုင်စင်လျှောက် ရပါတယ်။ ခွင့်ပြုချက်ရလို့ လုပ်တာဖြစ်ပါတယ်" ဟု ပြောဆိုခဲ့သည်။

အဆိုပါ ကျိုင်းဖောင်း ချောင်းကူးတံတား အနီးဝန်းကျင် ကိုက် ၁၀၀၀ ခန့်အတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ သဲစုပ်စက် ၁၀ လုံးခန့်ဖြင့် သဲစုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ - တာချီလိတ် မြို့တို့ကို ဆက်သွယ်ထားသည့် အာဆီယံ အဝေးပြေးလမ်းမ (AH-2) စီမံကိန်း၌ ပါဝင်သည့် ကျိုင်းဖောင်းချောင်းကူး ကျောက်စီကွန်ကရစ် တံတားသည် ယင်းလမ်း၌ ကုန်သွယ် စီးပွားရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး တို့တွင် အရေးပါသည့် တံတားတစ်စင်း ဖြစ်ကြောင်း သိရသည်။

# တောင်ကြီးမြို့ အနောက်မြို့ပတ်လမ်း အပိုင်း(၂) အဆင့်မြှင့်တင်ခြင်းကို စက်တင်ဘာလတွင် အပြီး ဆောင်ရွက်မည်

စုလှိုင်

ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့၊ အနောက်မြို့ပတ်လမ်း အပိုင်း (၂) အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနမှ သိရသည်။

"ဒီ ဘဏ္ဍာရေးနှစ်ထဲမှာ အပြီးလုပ်မှာပါ။ အခက်အခဲတွေကတော့ အများကြီးပေါ့။ တောထဲမှာ လမ်းဖောက်သလို ချက်ချင်းတော့ မပြီးနိုင်ဘူး။ သက်ဆိုင်ရာ ဌာနတွေနဲ့ ညှိနှိုင်းပြီး လုပ်ရတယ်။ ကားတွေကလည်း တောက်လျှောက် သွားနေတော့ လုပ်ရတာ ခက်ခဲတယ်။ စက်တင်ဘာလ အပြီး လုပ်မယ်" ဟု တောင်ကြီးမြို့နယ် စည်ပင်သာယာရေး ဌာနမှ အမှုဆောင်အရာရှိ ဦးနေလင်းက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ထို့အတူတောင်ကြီးမြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင် ဦးဇော်ဝင်းထူးကလည်း "အနောက်မြို့ပတ်လမ်း ဝါးပြားလမ်းဆုံကနေ နဂါးပွက် လမ်းဆုံအထိက စီမံချက်ထဲမှာ ပါပါတယ်။ ဒီလုပ်ငန်းတွေ မပြီးသေးပါဘူး။ အဲဒီမှာ ရှိတဲ့ တရုတ်ဘုံကျောင်း အုတ်တံတိုင်းကလည်း အနောက်ကို ဆုတ်ရမှာဖြစ်တဲ့အတွက် အဲဒါတွေ လုပ်ဖို့ ကျန်ပါသေးတယ်" ဟု ပြောဆိုခဲ့သည်။

အဆိုပါ အနောက်မြို့ပတ်လမ်း အပိုင်း (၂) နဂါးပွက်လမ်းဆုံမှ ဝါးပြားလမ်းအထိ လမ်းအရှည် ၁ ဒသမ ၈ မိုင်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြု ရန်ပုံငွေဖြင့် အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ပြီး ကျန်အပိုင်း (၃)ဖြစ်သော ဝါးပြား လမ်းဆုံမှ တက္ကသိုလ် လမ်းဆုံအထိ အပိုင်းကို လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

တောင်ကြီးမြို့ရှိ အဓိကလမ်းမကြီး ၃ ခုဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အရှေ့မြို့ပတ်လမ်း၊ အနောက်မြို့ပတ်လမ်းများအနက် အနောက်မြို့ပတ်လမ်းသည် ကုန်တင်ယာဉ်ကြီးများ၊ တွဲယာဉ်များ ဖြတ်သန်းမောင်းနှင်ရာ လမ်းဖြစ်ပြီး တစ်နှစ်ထက် တစ်နှစ် လူဦးရေ ထူထပ်များပြားလာခြင်းကြောင့် အိမ်စီးမော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် အမြဲပြည့်ကျပ်နေကာ လမ်းနယ် ပေါ်တွင် စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်နေခြင်းကြောင့် ယာဉ်ကြောကြပ်တည်းမှုများ ဖြစ်ပေါ်နေသည်။

#

# နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ် ရှေ့ပြေးစီမံကိန်းအရ ရပ်စောက် သရက်အသင်းအစုအဖွဲ့က ထောက်ပံ့ငွေ ရရှိ

ခင်မော့ဆက်

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် သရက်အသင်းအစုအဖွဲ့မှ စုစည်း တည်ထောင်ထားသည့် Unique Lawk Sauk Mango Pacific ကုမ္ပဏီ၏ သီးနှံထုတ်ပိုးပြုပြင် စက်ရုံအတွက် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်၏ ရှေ့ပြေး စီမံကိန်းအရ ထောက်ပံ့ငွေကျပ် သိန်းတစ်ထောင် ရရှိခဲ့သည်ဟု သိရသည်။

အဆိုပါ စက်ရုံအတွက် ယခင်က အသင်းသားများ၏ စုဆောင်းငွေကျပ်သိန်း ၁၈၀၀ ခန့်ဖြင့် မြေ၊လျှပ်စစ်မီး၊ အဝီစိတွင်း၊ ရေကန်၊ စက်ရုံ၊ ရုံးခန်း ဆောက်လုပ်ခြင်း၊ ကုန်ကြမ်းပစ္စည်းများ ဝယ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ငွေကြေး မလုံလောက်မှု အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရပြီး ချေးငွေကုမ္ပဏီမှလည်း COVID-19 ကူးစက်ရောဂါ ကာလအတွင်း ချေးငွေ လုပ်ငန်းများအား ယာယီရပ်တန့်လိုက်သဖြင့် ရှေ့ဆက် လုပ်ငန်းများ အကောင်အထည် ဖော်ရန် အခက်အခဲများ ရင်ဆိုင်ခဲ့ရရာမှ မြန်မာ့စီးပွားရေးဘဏ်သို့ တင်ပြလျှောက်ထားရာ ကူညီထောက်ပံ့ငွေရရှိခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

"ဒေသတွင်း လုပ်ငန်းအဖွဲ့ အစည်းတွေ အနေနဲ့ စာရွက်စာတမ်း အပြည့်အစုံနဲ့ အမှန်တကယ် မှန်ကန်စွာ ချေးယူမယ်၊ ကတိတည်မယ်ဆိုရင်တော့ မြန်မာ့စီးပွားရေးဘဏ်ကို သွားရောက် ဆက်သွယ်ပြီး အသေးစိတ် မေးမြန်းနိုင်ပါတယ်"ဟု ရှမ်းတောင် သရက်အသင်းအစုအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးက ပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ဒေသ၌ တောင်ကြီး၊ ရပ်စောက်၊ ညောင်ရွှေ၊ ဆီဆိုင်၊ ပင်းတယနှင့် ဟိုပုံးမြို့နယ်တို့အား သရက် စိုက်ပျိုးထုတ်လုပ်သည့်ဇုန် ၆ ခုအဖြစ် သရက်အသင်းအစုအဖွဲ့မှ သတ်မှတ်ပြီး၊ ယခုရပ်စောက်မြို့နယ်တွင်သရက်သီးပြုပြင်ထုပ်ပိုးစက်ရုံကို ပထမဦးဆုံးစတင်တည်ဆောက်ကာ ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်ရန် ကြိုးပမ်းလျက်ရှိသကဲ့သို့ ကုမ္ပဏီမှလည်း ဒေသတွင်းရှိ သရက်စိုက် တောင်သူများကို GAP လက်မှတ်၊ တစ်ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြု လက်မှတ်များ ရရှိရန် ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောဆိုခဲ့သည်။



ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်အတွင်း သရက်စိုက်ဧက တစ်သောင်းခန့် အပါအဝင် ရှမ်းပြည်နယ်တစ်ခုလုံးတွင် သရက်စိုက်ဧကစုစုပေါင်း ၂၀၆၄၂ ဧကရှိကြောင်း ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီး ဌာန၏ အချက်အလက်များအရ သိရသည်။

#

# ရှမ်းပြည်နယ်အစိုးရ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကို ရပ်စောက်မြို့နယ်၊ မြေနီကုန်း ကျေးရွာမှ ပထမဆုံး ရရှိ

ထမံသီ

ရှမ်းပြည်နယ်အစိုးရ၏ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်း(SMU)ကို ရပ်စောက်မြို့နယ်၊ဖောင်းတောကျေးရွာအုပ်စု၊ မြေနီကုန်းကျေးရွာမှ ပထမဆုံး ရရှိခဲ့ပြီး စီမံကိန်း လုပ်ငန်းများ စတင်အကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိသည်ဟု သိရသည်။

"စီမံကိန်းကို စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍ၊ လူနေမှု ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနဲ့ ဝင်ငွေတိုးကဏ္ဍတို့ကို ရွေးရှုဆောင်ရွက်တာ ဖြစ်ပါတယ်။ ရရှိရန်ပုံငွေပေါ် မူတည်ပြီး စွမ်းဆောင် ရည်ကဏ္ဍအတွက် ကျပ်သိန်း ၃၀၊ ဝင်ငွေတိုးကဏ္ဍအတွက် ကျပ်သိန်း ၁၂၀၊ လူမှုပတ်ဝန်းကျင် တိုးတက်ရေးကဏ္ဍအတွက် ကျပ်သိန်း ၁၅၀ ကို ကဏ္ဍအလိုက် စီမံခန့်ခွဲပြီး မြန်မာနိုင်ငံ အတွင်း ရှမ်းပြည်နယ်မှာ ပထမဆုံးအကြိမ်အဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်တာပါ။ အခု ဆိုရင် လုပ်ငန်းပမာဏ ၅၀ ရာခိုင်နှုန်း ပြီးစီးပါပြီ"ဟု ရပ်စောက် မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင်ဦးက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် ၄ နှစ်က ကိုရီးယားနိုင်ငံနှင့် နားလည်မှုစာချွန်လွှာ ရေးထိုး၍ ကျေးရွာပေါင်း ၁၀၀ ကျော် ဆောင်ရွက်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ခုနှစ် ၅ နှစ်မြောက် စီမံကိန်း၌ ကိုရီးယား အကူအညီမပါဘဲ မြန်မာနိုင်ငံအတွင်း ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ရွေးချယ်ရာတွင် ရှမ်းပြည်နယ် အတွင်းရှိ ရပ်စောက်မြို့နယ် မြေနီကုန်း ကျေးရွာကို ရွေးချယ်ပြီး ရှမ်းပြည်နယ် အစိုးရ၏ ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် ပထမဆုံးအကြိမ် အဖြစ် မေလဒုတိယ အပတ်မှစ၍ လုပ်ငန်းများ စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရပ်စောက်မြို့နယ်တွင် ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ကျေးရွာပေါင်း ၁၅၇ ရွာရှိပြီး ကျေးရွာသစ် လှုပ်ရှားမှု စီမံကိန်း အောင်မြင်ခဲ့ပါက မြို့နယ်တွင်းရှိ အခြား ကျေးရွာများမှလည်း အတုယူ လိုက်ပါ လုပ်ဆောင်လာမည်ဖြစ်ကြောင်း သိရသည်။

#

## ပြောင်းမျိုးစေ့ဈေး မြင့်တက်နေမှုကြောင့် ပြောင်းစိုက် တောင်သူများ အခက်အခဲ ဖြစ်နေ



နန်းဝင်းရီ

ရှမ်းပြည်နယ်တောင်ပိုင်း ဒေသအတွင်းရှိ ပြောင်းစိုက်တောင်သူများ အနေဖြင့် ပြောင်းဈေးကွက်၌ ဈေးနှုန်း အနိမ့်သာ ရရှိသော်လည်း မျိုးစေ့ ဝယ်ယူရာတွင်ဈေးနှုန်း မြင့်တက်လာနေမှုကြောင့် အခက်အခဲ ဖြစ်ပေါ်နေရကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ပြောင်းစိုက်ရာသီတွင် ပြောင်းဖူးမျိုးစေ့အိတ်ငယ် တစ်အိတ်လျှင် ကျပ် ၃ သောင်းခွဲခန့်ဖြင့် ဝယ်ယူခဲ့ရသော်လည်း ယခုနှစ် ပြောင်းစိုက်ရာသီ တွင် ကျပ် ၄ သောင်းခွဲဖြင့် ဝယ်ယူနေရခြင်း ဖြစ်ကြောင်း သိရသည်။

"ပြောင်းစိုက်တာက ပိုးတွေစားတဲ့အပြင် ဆေးတွေ၊ မြေဩဇာတွေ ထည့် ရသေးတယ်။ အထွက်နှုန်းလည်း မကောင်း ဘူး။ ရောင်းတဲ့အချိန်ဆို တစ်ပိဿာကို ၂၉၀ ပဲရောင်းရပြီးတော့ မျိုးစေ့ဝယ် တဲ့အချိန်ဆို တစ်ပိဿာကို ၅၀၀ ကျော် တယ်။ တောင်သူတွေက တစ်နှစ်တစ်နှစ် အကြွေးပဲ ကျန်တယ်။ မျိုးစေ့က ဈေးတက်တော့ သိပ်အဆင် မပြေဘူး" ဟု ဟိုပုံးမြို့နယ်နေ ပြောင်းစိုက်တောင်သူ ဒေါ်မနီက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ထို့အတူရပ်စောက်မြို့မှပြောင်းစိုက်တောင်သူ ဒေါ်တင်ရှိန်ကလည်း "မနှစ်တုန်းက မကောင်းဘူး။ ပိုးတွေကျတာနဲ့ ဈေးတွေက မရှိတော့ ရှုံးတယ်။ ဒီရောဂါတွေနဲ့ ဆိုတော့ ဈေးနှုန်းကလည်း ဘယ်လိုဖြစ်မလဲ သိဘူး။ ကိုက်ညီတဲ့ ဈေးနှုန်းလေးတွေ ဖြစ်စေချင်တယ်။ အန်တီတို့ဆို ပင်ပင်ပန်းပန်း လုပ်ရတယ်လေ။ ပြောင်းကုန်လို့ ရောင်းတဲ့လူ နည်းပြီဆိုရင် ဈေးတက်တယ်၊ ပြောင်းထွက်ချိန်ဆိုရင် ဈေးကျတယ်" ဟု ပြောဆိုခဲ့သည်။

တောင်သူများအနေဖြင့်ပြောင်းစိုက်ပျိုးရာတွင် အပင် ဖြစ်ထွန်းအောင်မြင်ရန်အတွက် အဆင့်ဆင့်ပြုလုပ်ရသည့် အတွက် ပြန်လည်ရောင်းချရာတွင် သင့်တင့်သည့် ဈေးနှုန်း ရရှိလိုကြခြင်းဖြစ်ကြောင်း သိရသည်။

## ကျိုင်းတုံတွင် အိမ်ခြံမြေ အရောင်းအဝယ် နည်းပါး

ထက်တိုင်းကျော်

ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့တွင်အိမ်ခြံမြေအငှားဈေးကွက်ကောင်းနေသော်လည်း အရောင်းအဝယ် နည်းပါးနေလျက်ရှိသည်ဟု သိရသည်။

COVID-19 ကပ်ရောဂါ ဖြစ်ပွားနေချိန်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသများအတွင်း ခရီးသွားလာခွင့်ပိတ်ပင် တားမြစ်ထားခြင်းနှင့် စီးပွားရေး လုပ်ငန်းများ ရပ်ဆိုင်းနေမှုကြောင့် အိမ်ခြံမြေ ရောင်းချလိုသူများပြားပြီး အဝယ်မလိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

"အိမ်ငှားနဲ့ မြေငှားကတော့ အထိုက်အလျောက် ရှိနေပါတယ်။ စားသောက်ဆိုင်တွေ၊ ဈေးဆိုင်တွေ၊ ဟိုတယ်နဲ့ တည်းခိုခန်း အချို့ကိုတော့ အခု ဇွန်လဆန်းပိုင်းမှာ ပြန်ခွင့်ပြုနေပါပြီ။ ဒါပေမဲ့ COVID-19 ကူးစက်ရောဂါ ကာကွယ်ရေးသတိနဲ့ လုပ်ရမှာဆိုတော့ အရင်လိုချက်ချင်း အိမ်ခြံမြေ အရောင်းအဝယ်တွေ လုပ်ဖို့ရာ မဖြစ်နိုင်သေးပါဘူး"ဟု ကျိုင်းတုံမြို့နေ ဒေသခံတစ်ဦးက ပြောသည်။

ကျိုင်းတုံမြို့နယ်ရှိ အိမ်ခြံမြေနှင့် စိုက်ပျိုးမြေ အရောင်းအဝယ်ဈေးကွက်တွင် ရောင်းသူခေါ်ဈေးမှာ ယခင် စီးပွားရေး လုပ်ငန်းများ ခေတ်ကောင်းစဉ်က ဆိုဈေးဖြင့်သာ တစ်သမတ်တည်း တောင်းဆို နေမှုကြောင့် အခြား မြို့နယ်များထက် ဈေးနှုန်းပိုမိုမြင့်မားနေသည့်အတွက် အဝယ် မလိုက်ခြင်း ဖြစ်နိုင်သည်ဟု သုံးသပ် ပြောဆိုမှုများ ရှိနေသည်။

"တခြားမြို့တွေမှာ သိန်း ၅၀ လောက်နဲ့ မြေတစ်ကွက် ရနိုင်ပေမဲ့ ကျိုင်းတုံမှာ ဘာစာရွက်စာတမ်း အထောက်အထား ခိုင်ခိုင်မာမာ မရှိတဲ့ ရွာမြေကိုတောင် သိန်း ရာချီပြီး တောင်းနေတာဆိုတော့ ဒေသခံမဟုတ်သူတွေက အငှားနဲ့ပဲနေဖို့ စဉ်းစားတော့တာပေါ့"ဟုကျိုင်းတုံမြို့နေ ဝန်ထမ်းတစ်ဦးက ပြောဆိုခဲ့သည်။

ကျိုင်းတုံမြို့သည် ရှမ်းပြည်နယ်အရှေ့ပိုင်း၏မြို့တော်ဖြစ်ပြီး မြို့ပေါ်ရပ်ကွက် ၅ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၁ စု ရှိကာ မြို့သစ်မြေ၊ ရွာမြေ၊ လယ်ယာမြေ၊ သစ်တောမြေ၊ ဆည်မြောင်းမြေ၊ လမ်းဦးစီးမြေနှင့် အခြားဌာနဆိုင်ရာ မြေများအတွင်း ကျူးကျော် ဝင်ရောက်နေထိုင်ခြင်း၊ အဆောက်အဦ ဆောက်လုပ်ခြင်းများကိုတားမြစ်ထားကြောင်း သိရသည်။




### "တစ်ဦးတည်းသာ ဖြစ်ပါကြောင်း"

ရပ်စောက်မြို့၊ ဇော်ဂျီရပ်ကွက်၊ ရောလမ်း၊ နယ်မြေ (၁)နေ အဘ (ဦးချစ်အေး)၏ သမီး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၃/ရစန(နိုင်) ၀၀၁၁၅၅ ကိုင်ဆောင်သူ အသက်(၅၄)နှစ်ရှိ ကျွန်မ ဒေါ်ခင်နွယ်ဝင်း (ခေါ်) ဒေါ်ခင်မာကြည် (ဒုတိယ လက်ထောက်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)သည် အမည်နာမ ၂ ခု ဖြစ်သော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းသာ ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်နွယ်ဝင်း (ခေါ်) ဒေါ်ခင်မာကြည်

VOLUME.6, ISSUE 14 TUESDAY, JUNE 9, 2020

ကမ္ဘောဇတိုင်း

## မြေသိမ်းတဲ့ တပ်မတော်၊ တာဝန်မဲ့ အစိုးရနဲ့ လယ်ယာမဲ့ တောင်သူ

# မဖြစ်ခဲ့ရလိုပါ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်အတွင်း တပ်မတော်မှ သိမ်းဆည်းထားသည့် လယ်ယာမြေများနှင့် ပတ်သက်၍ အငြင်းပွားမှုများ ဖြစ်ပေါ်နေလျက်ရှိရာ ဒေသခံများက တပ်မတော်နှင့် သက်ဆိုင်ရာ ဌာနများ၏ ညှိနှိုင်း ဆုံးဖြတ်ပေးမှုများအပေါ် ကျေနပ်အားရမှု မရှိကြောင်း ဝေဖန်မှုများလည်း ထွက်ပေါ်နေသည်။

အစဉ်အဆက် ယင်းမြေပေါ်တွင် စိုက်ပျိုးသီးနှံများ ထွန်ယက်စိုက်ပျိုးခဲ့ကြသည့် တောင်သူများအဖို့ လက်ရှိတွင် စိုက်ပျိုးထွန်ယက်ခွင့် မရသလို အတင်း ဝင်ရောက် စိုက်ပျိုးထွန်ယက်မှုကြောင့် တပ်မတော်မှ တရားစွဲဆိုထားမှုများလည်း ရှိနေသည်။

ဧက ၂၂၀၀ ခန့်ရှိသည့် အဆိုပါ မြေများကို ၁၉၉၂ ခုနှစ်မှ စတင်၍ တပ်မတော်က သိမ်းဆည်းခဲ့ကြခြင်း ဖြစ်သည်ဟု ဒေသခံ တောင်သူများက ဆိုကြသည်။ ယင်းကဲ့သို့ တပ်မတော်မှ သိမ်းဆည်းခဲ့မှုကြောင့် တောင်သူများအဖို့ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နိုင်ခြင်း မရှိဘဲ စားဝတ်နေရေး အထွေထွေ အခက်အခဲများ ဖြစ်လာကြမည်ဟုလည်း ဆိုကြသည်။

၂၀၁၀ ပြည့်နှစ် နောက်ပိုင်း ပထမအကြိမ် အရပ်သားအစိုးရ တက်လာပြီးနောက် မြန်မာနိုင်ငံတစ်ဝှမ်းတွင် ဖြေရှင်း ဆောင်ရွက်ရသည့် အဓိက ဦးစားပေး ပြဿနာများအနက် လယ်သိမ်း ယာသိမ်း ကိစ္စများသည်လည်း တစ်ခု အပါအဝင် ဖြစ်သည်။ စစ်အစိုးရခေတ် တစ်လျှောက် တရားသဖြင့်/မတရားသဖြင့် သိမ်းဆည်းခဲ့သော မြေယာများအနက် လက်ရှိတွင် အချို့မှာ ပြန်လည်စွန့်လွှတ်မှုများ ရှိသလို အမှန်တကယ် အသုံးပြုနေသည့်အတွက် မစွန့်လွှတ်မှုများလည်း ရှိနေသည်။ အချို့မှာမူ သက်ဆိုင်ရာ မြေသိမ်းအဖွဲ့အစည်းကိုယ်တိုင်က အသုံးပြုခြင်း မရှိသော်လည်း အကြောင်း အမျိုးမျိုးဖြင့် ပြန်လည် မစွန့်လွှတ်မှုများ၊ ပြန်လည် စွန့်လွှတ်ပါသော်လည်း မူလ လယ်ယာမြေ လုပ်ကိုင်သူထံ ပြန်မရောက်ဘဲ အခြားဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိက လက်ဝယ်များသို့ လွှဲပြောင်း ရောက်ရှိသွားသည့်အတွက် တောင်သူများ ထိခိုက်နစ်နာ ဆုံးရှုံးရမှုများ ရှိနေသည်။

လက်ရှိ အစိုးရလက်ထက်တွင် လယ်ယာမြေနှင့် အခြား မြေများ သိမ်းဆည်းခံရမှု ပြန်လည် စိစစ်ရေးကော်မတီ အဆင့်ဆင့် ဖွဲ့စည်း၍ တောင်သူများ ထိခိုက် နစ်နာမှု မရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရပါသည်။ သို့သော် ယင်းကော်မတီ အဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုများမှာ တောင်သူတို့၏ နစ်နာဆုံးရှုံးမှုများကို ကုစားပေးနိုင်ခြင်း မရှိဘဲ တောင်သူများ မြေသိမ်းခံရသည့်အပြင် တရားစွဲဆိုခံရမှု အများအပြားကို မြန်မာနိုင်ငံတစ်ဝှမ်းတွင် တွေ့မြင်နေရဆဲ ဖြစ်သည်။

"တိုင်းရင်းသား ဒေသခံတွေ ခါးမဦးချ လုပ်ခဲ့တာကို ဘယ်တုန်းက မြေသိမ်းလိုက်မှန်း မသိရဘဲ မောင်းထုတ်ခံရတဲ့ကိစ္စ၊ တောင်သူတွေမှာ မြေက အသက် ဖြစ်ပြီး တောင်သူအလုပ် မလုပ်ရတာ၊ ကြွေးမြီတွေနဲ့ စားဝတ်နေရေး ခက်ခဲနေတာတွေ၊ မြေသိမ်း၊ စက်သိမ်း၊ အမှုဖွင့် ခံရတာတွေနဲ့ မျက်ရည် ကျရတာတွေကို စာနာ သင့်ပါတယ်" ဟု ပအိုဝ်းလူငယ်စင်တာမှ ခွန်ထက်စံက ပြောသည်။

တောင်သူများအတွက် မြေသည် အသက်ဖြစ်သည်။ မြေ မရှိပါက လုပ်ကိုင်စားသောက်ရန် မဖြစ်နိုင်ပါ။

ယခုကဲ့သို့ မြေယာသိမ်းဆည်းမှုများက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသား အချင်းချင်း စည်းလုံး ညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေး၊ တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေး၊ ပြည်သူများ အလုပ်လက်မဲ့ နည်းပါးစေရေး စသည့် အခြေခံမူများကို ဆန့်ကျင်သကဲ့သို့ ဖြစ်နေသည်။

လက်ရှိ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် သမ္မတအဖြစ် စတင် တာဝန်ယူစဉ် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်က မိန့်ခွန်း ပြောကြားရာ၌ အစိုးရအနေဖြင့် ဥပဒေမဲ့ သိမ်းဆည်းခံရသည့် လယ်ယာမြေများ ပြန်လည် ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေး ရရှိရေးတို့ကို ဥပဒေနှင့် အညီ ဆောင်ရွက်သွားမည် ဖြစ်ပြီး တောင်သူလယ်သမားများ၏ လူနေမှုဘဝ မြင့်မား တိုးတက်ရေး၊ အလုပ်သမားများ၏ ဘဝစိုပြည်ရေး၊ ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့် ရရှိရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်း ပြောဆို ထားခဲ့သည်။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး ကိစ္စများအတွက် အရေးပါအရာရောက်ဆုံး အဖွဲ့အစည်း တစ်ရပ် ဖြစ်ပြီး ပြည်ပရန်ကို ကာကွယ်ရန်အတွက် မရှိမဖြစ် လိုအပ်ပါသည်။ အခြားတစ်ဘက်တွင်လည်း ယင်း တပ်မတော်အပေါ် ပြည်သူလူထု ယုံကြည်ကိုးစားမှု အပြည့်အဝ ရှိနေရန်၊ တိုင်းရင်းသားတို့၏ ချစ်ခင်ယုံကြည် ကိုးစားမှု ရှိနေရန် လိုအပ်ပါသည်။ ယခုကဲ့သို့ တပ်သိမ်းမြေ ကိစ္စရပ်များက တပ်မတော်အပေါ် ပြည်သူများ ယုံကြည်ကိုးစားမှု လျော့နည်းစေသည့်အပြင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်း ထိခိုက်စေနိုင်ပြီး တစ်မျိုးသားလုံး၏ အန္တိမ ရည်မှန်းချက် ဖြစ်သည့် တစ်မျိုးသားလုံး ပြန်လည်ရင်ကြားစေ့ရေးနှင့် ပြည်တွင်း ငြိမ်းချမ်းရေး ဆောင်ရွက်မှုများကို ဆူးငြောင့်ခလုတ် ဖြစ်စေနိုင်ပါသည်။

တစ်ဖန် ပြည်သူလူထု အကျိုးစီးပွားအတွက် အကာအကွယ်ပေးရန် လိုအပ်သော ရွေးကောက်ခံ ပြည်သူ့ အစိုးရနှင့် ပြည်သူ့ ကိုယ်စားလှယ်တော်များ အနေဖြင့်လည်း တပ်မတော်နှင့် ဒေသခံ တောင်သူများအကြား စေ့စပ် ညှိနှိုင်းပေးကာ တောင်သူများ၏ အကျိုးစီးပွား အကာအကွယ်ပေးရေး တာဝန်ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တောင်သူ လယ်သမားများကလည်း မိမိတို့ပိုင် လယ်မြေပေါ်တွင် စိတ်အေးချမ်းသာစွာ ထွန်ယက်စိုက်ပျိုးခွင့် ရရှိရန် လိုအပ်ပါသည်။ ဒေသတွင်း မငြိမ်းချမ်းမှု၊ မြေယာ သိမ်းဆည်းခံရမှုနှင့် အထွေထွေ အကြပ်အတည်းများကြောင့် ပြည်တွင်းရှိ အခြေခံလူတန်းစားအများအပြား ပြည်ပနိုင်ငံသို့ တရားဝင်/တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ခဲ့ကြရာ လတ်တလောတွင် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဂယက်ကြောင့် ပြည်တွင်းသို့ အလုံးအရင်းဖြင့် ပြန်လည်ဝင်ရောက်လာနေသည်ကို အားလုံးအသိပင်ဖြစ်သည်။

တပ်မတော်အနေဖြင့် ပြည်သူချစ်သောတပ်မတော်၊ ပြည်သူ့တပ်မတော်ဖြစ်ဖို့အရေး၊ မြေမသိမ်းသည့် တပ်မတော် ဖြစ်စေဖို့အရေး ဒေသခံတောင်သူများအတွက် ထောက်ထားငဲ့ညှာသင့်သလို အစိုးရ၊ လူထုကိုယ်စားလှယ်တို့ အနေဖြင့်လည်း ပြည်သူ့အကျိုးစီးပွား ကာကွယ်ရမည့်တာဝန်ကို ထမ်းဆောင်ရင်း ပြည်သူ့မေတ္တာကို ခံယူနိုင်ကြပါစေကြောင်းနှင့် လယ်ယာမြေ မပိုင်သည့်တောင်သူများ ကင်းဝေးပြီး မြန်ပြည်တစ်ဝှမ်း ငြိမ်းချမ်း သာယာနိုင်ပါစေကြောင်း ဆန္ဒပြု လိုက်ရပါသည်။ ။

ကမ္ဘောဇတိုင်း

" မီဒီယာအကြံပေး "

ဦးသန်းဝေ (တောင်ကြီး)
ဒေါက်တာ အောင်ကျော် (သွား/ဆရာဝန်)

" ဥပဒေအကြံပေး "

ဦးအောင်ဌေး (LL.B)
တရားလွှတ်တော်ရှေ့နေ

" အယ်ဒီတာချုပ် "

ဇေတိုင်း

" တာဝန်ခံ အယ်ဒီတာ "

နန်းနန်းတိုင်း

" သတင်းအယ်ဒီတာ "

ကိုစိုး (ကမ္ဘောဇတိုင်း)

" သတင်းထောက်ချုပ် "

မင်းဇော်မင်း

" အကြီးတန်းသတင်းထောက် "

ထက်တိုင်းကျော်၊ ဇေယျာ

" သတင်းထောက် "

နန်းဝင်းရီ၊ စုလှိုင်၊ မင်းမင်း
စိုင်းသိမ်သူ၊ ခွန်သက်ထူး
စိုင်းအောင်မြတ်၊ ခွန်သန်းအောင်

" ပင်တိုင်ဆောင်းပါးရှင် "

အောင်ဆန်းဝင်း၊ စိုင်းကျော်မောင်

" ထုတ်ဝေသူ "

ဦးတင်အောင်ကျော် (မြ - ၀၁၀၇၉)

" ပုံနှိပ်သူ "

ဦးအေးဝင်း၊ "အေးကမ္ဘာ" ပုံနှိပ်တိုက် (၀၀၂၉၁)

" ဂျာနယ်တိုက် တည်နေရာ "

တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

Mail - kanbawzatai.news@gmail.com
Website - www.kanbawzatainews.com
Facebook - www.facebook.com/kanbawzatai
- www.facebook.com/kbztai
Phone - 09899885514/ 09252783348
- 09428313690/ 09428360702

" ရှမ်းပြည်နယ် ကိုယ်စားပြု အပြစ် ထုတ်ဝေ ဖြန့်ချိသည်။ "

ကမ္ဘောဇတိုင်း
VOLUME.6, ISSUE 14 TUESDAY, JUNE 9, 2020

# ပြိုကျပျက်စီးခဲ့သည့် ပင်လောင်း ဟော်နန်းနေရာတွင် နတ်နန်း တည်ဆောက်သွားမည်

မင်းဇော်မင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့ရှိပြိုကျပျက်စီးခဲ့သည့် ပင်လောင်း ဟော်နန်းနေရာတွင် မြေစောင့်နတ်နန်း တည်ဆောက်ထိန်းသိမ်းသွားမည် ဖြစ်ကြောင်း သိရသည်။

“ဗုဒ္ဓတက္ကသိုလ် ဆရာတော်ကို အမေ မသေခင်ကတည်းက လှူခဲ့ပြီးပါပြီ။ အခု ဟော်နန်းနေရာမှာ အစောင့်အရှောက်တွေအတွက် နတ်နန်းဆောက်ဖို့ဟော်နန်းကိုပြန်လည်ထိန်းသိမ်းနိုင်ဖို့ မွေတော်ဆရာတော်ကို ကူညီပေးနေပါတယ်”ဟု ပင်လောင်းစော်ဘွားကြီး စဝ်မိုးကျော်၏ သမီးဖြစ်သူ ဒေါ်စဝ်စိန်လှက ပြော သည်။

ပြီးခဲ့သည့် မေလ ၁၉ ရက်၊ နံနက်ပိုင်းက ပြိုကျခဲ့သည့် ပင်လောင်းဟော်နန်း နေရာတွင် ဟော်နန်းအရှင်ထံ ရှမ်းရိုးရာဓလေ့ထုံးတမ်းအစဉ်အလာဖြင့် ခွင့်တောင်းပွဲခံ၍ ပင်လောင်းမြို့ မွေတော်ပရိယတ္တိ ဆရာတော်က လာရောက် ချီးမြှင့်ပေးခဲ့ပြီး ဟော်နန်းသန့်ရှင်းရေးကို ရပ်ကွက်လူငယ်များ စုပေါင်း လုပ်ဆောင်ကာ ယာယီနတ်နန်းကို ဆောက်လုပ်ခဲ့ကြောင်းနှင့် မည်သူမဆို လာရောက်လှူဒါန်းနိုင်ကြောင်း ၎င်းက ဆက်လက် ပြောဆိုခဲ့သည်။

အဆိုပါပင်လောင်းဟော်နန်းကို ပင်လောင်းစော်ဘွားကြီး စဝ်ခွန်ခမ်းချိုလက်ထက် ၁၉၁၄ ခုနှစ် ကတည်းက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၁၀၆ နှစ်ကျော်သက် တမ်းရှိပြီဖြစ်ကာ နောက်ဆုံး ပင်လောင်းစော်ဘွား စဝ်မိုးကျော် ၁၉၆၂ ခုနှစ်တွင် ထိန်းသိမ်းခံရပြီးနောက် ၁၉၆၈ ခုနှစ်တွင်ပြန်လည်လွတ်မြောက်လာခဲ့သော်လည်း ရန်ကုန်တွင် ၃ နှစ်ကြာ အကျယ်ချုပ် ခံခဲ့ရသဖြင့် ဟော်နန်းကို ထိန်းသိမ်းနိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း သိရသည်။

ပြိုကျပျက်စီးခဲ့သည့် ဟော်နန်းကြီးမှာ အလျား ၁၂၀ ပေ၊ အနံ ပေ ၇၀ ရှိ သစ်သား ၂ ထပ်ဆောင်ဖြစ်ပြီး ၂၀၁၆ ခုနှစ်၊ မေလ ကတည်းက တစ်စိတ်တစ်ပိုင်း ပြိုကျခဲ့ပြီးနောက် ၂၀၁၉-၂၀၂၀ ပြည့်နှစ် မေလ ၁၉ ရက်တွင် လုံးဝ ပြိုကျ ပျက်စီးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ပင်လောင်းသည် ရေးရှမ်းစော်ဘွားနယ်မြေ ၃၄ နယ်အနက် တစ်ခု အပါအဝင်ဖြစ်ကြောင်း သိရသည်။

# COVID-19 ရောဂါ ထိန်းချုပ်နိုင်မှုအပေါ် မူတည်၍ ရွေးကောက်ပွဲ ကျင်းပမည့်ရက်ကို ကြေညာမည်ဟု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ပြော

မော်မော်

လက်ရှိဖြစ်ပွားနေသော COVID-19 ရောဂါ ထိန်းချုပ်နိုင်မှု အပေါ် မူတည်၍ ရွေးကောက်ပွဲ ကျင်းပမည့်ရက်ကို ကြေညာသွားမည် ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ပြောဆိုခဲ့သည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်နှင့် မဲရုံများ သတ်မှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန်လ ၂ ရက်မှ ၄ ရက်အထိ နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေး ခန်းမတွင် ပြုလုပ်ရာ အစည်းအဝေး၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ယင်းကဲ့သို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အနေဖြင့် လက်ရှိ အချိန်တွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ COVID-19 ရောဂါနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ တတိယအကြိမ် လွှတ်တော် သက်တမ်းအတွက် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နှောင်းပိုင်း ကာလတွင် ကျင်းပပေးရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအရ ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ကြိုတင် ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ ကျင်းပမည့်ရက်ကို လက်ရှိဖြစ်ပေါ်နေသည့် COVID-19 ရောဂါ ထိန်းချုပ်နိုင်မှုအပေါ်မူတည်ပြီး သတ်မှတ်ကြေညာသွားမည် ဖြစ်ပါကြောင်း ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် ရွေးကောက်ပွဲများ ကျင်းပမှု အနေဖြင့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို မကျင်းပမီ ၂ လနှင့် ၂၄ ရက်အလိုတွင် ကြိုတင်အသိပေး ကြေညာနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မကျင်းပမီ



၄ လ ကြိုတင် ကြေညာပေး နိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် လက်ရှိအချိန်တွင် COVID-19 ရောဂါ ဖြစ်စဉ်ကြောင့် ပြည်ပနိုင်ငံများ၊ အိမ်နီးချင်း နိုင်ငံများမှ မြန်မာ နိုင်ငံသားများနှင့် ရွှေ့ပြောင်း အလုပ်သမားများသည် ၎င်းတို့၏ နေရာဒေသအသီးသီးသို့ ပြန်လည် ဝင်ရောက်လျက်ရှိပြီး ၎င်းမဲဆန္ဒရှင်များကို အခြေခံမဲ ဆန္ဒရှင် စာရင်းတွင် စိစစ် ထည့်သွင်းသွားရန် လိုအပ်ပါကြောင်း၊ တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များ၏ အခြေခံ မဲဆန္ဒရှင် စာရင်းရရှိရေးအတွက်ကိုလည်း ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း ၎င်းက ဆက်လက်ပြောဆိုခဲ့သည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ လွှတ်တော်အလိုက် မဲဆန္ဒနယ်များ၊ မဲရုံများ လျာထားသတ်မှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်း တင်ပြခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်း ဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အတည်ပြုပြီးနောက် မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် ရွေးကောက်ပွဲ ၂ ကြိမ်၊ ကြားဖြတ်ရွေးကောက်ပွဲ ၃ ကြိမ်၊ စုစုပေါင်း ၅ ကြိမ်မြောက် ကျင်းပခဲ့ပြီး ဖြစ်ကာ ယင်းရွေးကောက်ပွဲများအားလုံးတွင် ရှမ်းပြည်နယ်အတွင်းရှိ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှ ၄ မြို့နယ်နှင့် အထူးဒေသ (၄) မိုင်းလားမြို့နယ်များတွင် ကြားဖြတ် ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ခြင်း မရှိဘဲ ယခုကျင်းပမည့် ၂၀၂၀ ပြည့်နှစ် ပြည်လုံးကျွတ် အထွေထွေ ရွေးကောက်ပွဲတွင် ယင်းမြို့နယ်များ၌ ရွေးကောက်ပွဲ ကျင်းပသွားဖွယ် ရှိနေကြောင်းသိရသည်။

# ၂၀၂၀ ရွေးကောက်ပွဲတွင် တပ်မတော်သားနှင့် အတူနေမိသားစုများမှ အပ မဲပေးပိုင်ခွင့်ရှိသူ ၃၇ သန်းကျော် ရှိ

မင်းဇော်မင်း

၂၀၂၀ ပြည့်နှစ် ပြည်လုံးကျွတ် အထွေထွေ ရွေးကောက်ပွဲတွင် မြန်မာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မဲဆန္ဒပေးပိုင်ခွင့်ရှိသူ တပ်မတော်သားများနှင့် အတူနေ မိသားစုများမှ အပ ၃၇ သန်းခန့် ရှိနေသည်ဟု သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေး၊ ဆဋ္ဌမနေ့ကို ဇွန်လ ၁ ရက်က ကျင်းပရာ အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးကိုကိုနိုင်က အထွေထွေ ရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်နှင့် အဆင်ပြေ သက်သာစွာ ဆန္ဒမဲ ပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ပတ်သက်၍ကြယ်ပွင့်ပြမေးခွန်းမေးမြန်းမှုကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင် ဦးမြင့်အောင်က ယင်းကဲ့သို့ ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ရွေးကောက်ပွဲ အတွက် ကြိုတင် ပြင်ဆင်မှု အနေဖြင့် ၂၀၁၉ ခုနှစ်ကို မဲဆန္ဒရှင် စာရင်းပြုစုသည့်နှစ်အဖြစ် သတ်မှတ်ခဲ့ပြီး လူဦးရေ အချက်အလက်များ ကောက်ခံခြင်း၊ အခြေခံမဲဆန္ဒရှင် စာရင်းများ ပြုစုခြင်းဆိုင်ရာ လုပ်ငန်း စီမံချက်အား ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းရေးဆွဲခြင်း၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ပထမ ပတ်တွင် တစ်နိုင်ငံလုံး အခြေခံ မဲဆန္ဒရှင်စာရင်းများကို ပြုစုခဲ့ကြောင်း ၎င်းက လွှတ်တော်တွင် ဖြေကြားခဲ့သည်။

“ပြုစုပြီးတဲ့အခြေခံ မဲစာရင်းများကိုလစဉ်ဖြည့်စွက်ခြင်း၊ပြင်ဆင်ခြင်း၊ နုတ်ပယ်ခြင်းများ ဆက်လက်ဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ အထိ ပြုစုပြီး အခြေခံ မဲဆန္ဒရှင်စာရင်းမှာ ၃၇ သန်း ကျော်ဖြစ်ပါတယ်”ဟုဦးမြင့်အောင်ကပြောသည်။

သို့သော် မတ်လအထိ ကောက်ယူထားသော မဲဆန္ဒရှင် စာရင်းများတွင် တပ်မတော်သားများနှင့် အတူနေ အိမ်ထောင်စုဝင်များကို ထည့်သွင်းရန် ကျန်ရှိနေသေးကြောင်း ၎င်းက ဆက်လက် ပြောဆိုခဲ့သည်။

၂၀၁၅ ခုနှစ်၊ ပြည်လုံးကျွတ် အထွေထွေ ရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်က ကျင်းပပြုလုပ်ခဲ့ရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ၃၄ ဒသမ ၂၉ သန်းကျော် ရှိသည့်အနက် ၂၃ ဒသမ ၉၁ သန်းခန့်သာ မဲလာရောက်ပေးခဲ့ပြီး မဲပေးသူ ၆၉ ရာခိုင်နှုန်းခန့် ရှိခဲ့ကြောင်း သိရသည်။

#




စာအုပ်အမည် - ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဘောဂဗေဒကို လေ့လာခြင်း
စာရေးသူ - ခင်စိုးအောင် (ECO' 77)
တန်ဖိုး - ၅၀၀၀
မှာယူနိုင်သည့်ဖုန်း - ၀၉၄၀၁၄၃၁၇၅၈

ဤစာအုပ်သည်ဖွံ့ဖြိုးရေး ဘောဂဗေဒဘာသာရပ်အဖြစ် ထိုးထွက်လာချိန်တွင် ပညာရှင်များ၊ လူမှုရေးသိပ္ပံနှင့် ဘောဂဗေဒပညာ လေ့လာသင်ယူနေသူ ကျောင်းသားများအကြား အထင်ကရ စာအုပ်တစ်အုပ် ဖြစ်ခဲ့သလို ကုလသမဂ္ဂအေဂျင်စီများ နိုင်ငံအစိုးရများကပါ အထူးနှစ်ခြိုက်သဘောကျခဲ့တဲ့အပြင် အချို့သော နာမည်ကျော်ပုဂ္ဂိုလ်များက ဖွံ့ဖြိုးဆဲနိုင်ငံများမှ အစိုးရများ လက်ကိုင်ပြုရမည့် လက်စွဲကျမ်းဟုလည်း အမည်တပ်ခဲ့ပါသေးတယ်။

ဆရာကြီး၏ ရေးသားဖော်ပြချက်များသည် ဘောဂဗေဒပညာရှင် ပီသစွာ ပညာရပ်ပိုင်းအရ ဟာကွက်များ၊ အားသာချက်များ ထောက်ပြထားသလို ယနေ့အထိ ကျင့်သုံးမြဲ ကျင့်သုံးဆဲဖြစ်နေသည့် ပေါ်လစီလမ်းညွှန်မှုများလည်း ပါဝင်ပါတယ်။

မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးရေးဘောဂဗေဒ ဘာသာရပ်အပေါ် စိတ်ဝင်တစား လေ့လာနေသူများ၊ ကျောင်းသူ ကျောင်းသားများ၊ အရပ်ဖက် အဖွဲ့အစည်းမှ သက်ဆိုင်သူများအတွက် ဖွံ့ဖြိုးရေး ဘောဂဗေဒ အခြေခံသဘောတရားများကို လေ့လာနိုင်မည့် စာအုပ်ကောင်းလေး တစ်အုပ်ပဲ ဖြစ်ပါတယ်။




စာအုပ်အမည် - မေတ္တာကြောင့်သာ မဟုတ်ခဲ့လျှင်
စာရေးသူ - ချမ်းသာထွန်း
တန်ဖိုး - ၃၀၀၀
မှာယူနိုင်သည့်ဖုန်း - ၀၉၄၀၁၄၃၁၇၅၈

ဤစာအုပ်သည် ယနေ့ခေတ် လူငယ်တွေ ဖတ်ရှုလေ့လာသင့်တဲ့ ဘဝအောင်မြင်ရေး လမ်းညွှန် စာအုပ်တစ်အုပ်လည်း ဖြစ်ပါတယ်။ ဖတ်ရှုလေ့လာကြည့်ပါက ဘဝအောင်မြင်ရေး လမ်းစများမှသည် ဖခင်တစ်ဦးရဲ့ မေတ္တာတရားကြီးမားပုံကိုလည်း တွေ့မြင်ရမည် ဖြစ်သည်။ လူ့ဘဝမှာ အောင်မြင်တဲ့ လူတစ်ယောက်ဖြစ်ဖို့ ဆောင်ရန်၊ ရှောင်ရန် ကျင့်ဝတ်များကို စာရေးသူ၏ အတွေ့အကြုံများနှင့် နှိုင်းယှဉ်ပြကာ ရေးသားဖော်ပြထားတာ ဖြစ်ပါတယ်။

ဘွဲ့ရပြီး ရန်ကုန်ကို တက်လာသည့် အညာကျေးလက်က လူငယ်တစ်ယောက်၊ ဘဝကို ခက်ခက်ခဲခဲ အရှုံးမပေးဘဲ ရင်ဆိုင်ကျော်ဖြတ်ပြီး ရန်ကုန်လို မြို့ကြီးမှာ ဇီးရိုးကနေ ဟီးရိုးဖြစ်အောင် ကြိုးစားတည်ဆောက်နိုင်ခဲ့တဲ့ လူငယ်တစ်ယောက်က သမီးလေးတစ်ယောက် ရလာတဲ့အခါမှာ သူရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲပြဿနာတွေကို သူဘယ်လိုရင်ဆိုင်ကျော်ဖြတ်ခဲ့လဲ၊ ဘဝကို လမ်းမှား အရောက်မခံဘဲ အောင်မြင်လာအောင် ဘယ်လိုတည်ဆောက်ခဲ့လဲဆိုတာတွေကို သူ့သမီးငယ်ကို ပြောပြနေသလိုမျိုးခံစားရေးဖွဲ့ထားပြီး စာဖတ်သူတွေအတွက်လည်း ဘဝအားမာန်ဆိုင်ရာ ခွန်အားဖြည့် အတွေးများ ပေးမည့် စာအုပ်လေး ဖြစ်ပါတယ်။

ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon




ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon




ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon



ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon



ကမ္ဘာ့ဇာတိုင်း
VOLUME.6, ISSUE 14 TUESDAY, JUNE 9, 2020

# ကိုဗစ်နှင့် စိတ်ဓါတ် ကျဆင်းမှု



" မင်းဇော်မင်း " ရေးသားသည်။

ကိုဗစ် အင်မတန် ကြောက်စရာ ကောင်းသည့် ၂၀၂၀ ပြည့်နှစ်၏ သေမင်းတမန် အမည်ဖြစ်သည် လေ–

ဘာပဲပြောပြော အပြင်မထွက်ရဲအောင် ခြေငြိမ် သွားကြရသည်။

ငါ့ဝမ်းပူဆာ မနေသာလို့ ထွက်ရသည့်သူများ၊ စေတနာအရ ၊ တာဝန်အရ ထွက်ရသည့်သူ များမှာတော့ အိမ်မှာမနေ နိုင်ကြပါ။

တိုက်ပွဲ ရက်ကြာလာသည်နှင့် အမျှ အားအင်တွေ၊ စိတ်ရှည် သည်းခံမှုတွေ ရုတ်လျော့လာကြသည်။

ဤတွင် လူ့အဖွဲ့အစည်းအတွက် အကာအကွယ် ဖြစ်စေသည့် ဥပဒေများကို ထုတ်ပြန်ကာ ရုတ်လျော့မှုများ မဖြစ်စေရန်၊ ပေါက်ကွဲမှုများ မဖြစ်စေရန် ထိန်းသိမ်း ကြရတော့သည်။

Home stay မှ စကာ Quarantine အထိ မျိုးစုံသော အကန့်အသတ်များ ကြားတွင် လူအဖွဲ့အစည်းတစ်ခုလုံး ရှင်သန်ကြရတော့ရာ လွတ်လပ်စွာ နေထိုင်နေရသည့် ဘဝမှ ထောင်ကျသလို ချုပ်တည်းမှု များစွာနှင့် ကြုံတွေ့ကြရသည့် အပြင် ရောဂါ၏ တိုက်ခိုက်မှုကို ခံရမည့် စိုးရိမ်စိတ်၊ အခြားသူများအား မသင်္ကာစိတ်များ၊ လူအချင်းချင်းနွေးထွေးချစ်ခင်စွာ ဖက်လဲတကင်းနေထိုင်ကြရမှု မတတ်သာ၍ ခပ်ခွာခွာ နေကြရသည့် အနေအထားများသည် ပုံမှန်ဘဝများကို ရိုက်ခတ်ခံရသလို စိတ်ပိုင်းဆိုင်ရာများလည်း ထိခိုက်ခဲ့ကြရပေသည်။

Isolation of The Society ဆိုသည့် လူ့အဖွဲ့အစည်းမှ ခွဲခွာခံရမှု ဆိုသည်မှာ လူ့အဖွဲ့အစည်းကို အန္တရာယ် ကျရောက်စေသည့် အပြုအမူ၊ ကူးစက်မှုတွင်သာ ကျင့်သုံးသည့် ဥပဒေဖြစ်ရာ လူသတ်မှု ကျူးလွန်သူ စိတ်မပြည့်သူ တစ်ဦးသည် ၎င်း၏ လူမှုပတ်ဝန်းကျင်ကို ထိခိုက်စေမည်မှာ သေချာသဖြင့် လူ့အဖွဲ့အစည်းမှ ခွဲခွာကာ အကျဉ်းအချုပ် ချထားရသလို ယခုလို ကမ္ဘာလုံးဆိုင်ရာ ကူးစက် ကပ်ရောဂါမျိုးတွင်လည်း ကူးစက်ခံရသူ၊ ကူးစက်ခံရနိုင်ချေ ရှိသူတို့ကို ခွဲခြား ကုသခြင်းဖြင့် ထားရမည်ဖြစ်ရာ ရှောင်လွှဲ၍ မရနိုင်ပေ။ အကယ်၍ ရှောင်လွှဲခဲ့သူမှ တစ်ဆင့် ဆက်လက် ပြန့်ပွားကူးစက်ကာ သေဆုံးမှုများ ဖြစ်ပေါ်စေပါက ပုံမှန်ရိုးရိုး လူသတ်မှုထက်ပင် လူပေါင်း များစွာကို သေစေမည် ဖြစ်သဖြင့် အင်မတန် ကြောက်စရာကောင်းသည့် လူသားမဆန်မှုပင် ဖြစ်ပေသည်။

သို့အတွက် ကန့်သတ်မှုများအတွင်း လူ့အဖွဲ့အစည်းကို ကာကွယ်သည့် အနေဖြင့် နေကြရသူများတွင် စိတ်ဖိစီးမှုများ ဖြစ်ပွားလာစေသည်ကို သိရှိခြင်းဖြင့် လည်းကောင်း၊ ကိုယ်တိုင် ဆန်းစစ် ဝေဖန်ခြင်းဖြင့် လည်းကောင်း မိမိတို့ စိတ်သဏ္ဌာန်ကို သိစွမ်းရှိမည် ဖြစ်သဖြင့် ဤဆောင်းပါးကို ရေးပါသည်။

ကိုဗစ်ကာလ အတွင်း အိမ်တွင် စာဖတ်ခြင်း၊ တရားထိုင်ခြင်း၊ ဂိမ်းဆော့ခြင်း စသည်များ သာမက ဗီဒီယိုမှ တဆင့် သင်တန်းများလည်း တက်ရောက်နိုင်သည် ဖြစ်ရာ မိမိသည်လည်း စိတ်ပိုင်းဆိုင်ရာ လူမှုရေးဆိုင်ရာ အထောက်အပံ့ ပေးသည့် UNESCO မှပေးသည့် သင်တန်းတစ်ခုကို တက်ရောက်လေ့လာခွင့် ရခဲ့ပါသည်။

ဤသင်တန်းတွင် အဓိကမှာ မိမိတို့ ဖြစ်ပေါ်နေသည့် ကိုယ်တိုင် အကဲဖြတ် စိတ်ဖိစီးမှု မေးခွန်းလွှာ ဆိုသည့် သင်တန်းအကဲဖြတ်ဇယားကို သင်တန်းနည်းပြ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာ တင်အောင်မိုးထံက ရလိုက်ခြင်းက မိမိစိတ်ကို မိမိ ဆန်းစစ်နိုင်သည့် တန်းဖိုးရှိ အရာတစ်ခုပင် ဖြစ်ပါသည်။

၁။ မွန်းကြပ်ပြီး ကြောက်ရွံ့နေသည်ဟု ခံစားရသည်။
၂။ ကိုယ်ခန္ဓာ နာကျင်ကိုက်ခဲမှုများ ရှိသည်။
၃။ စိတ်ရော လူရော အမြဲတမ်း ပင်ပမ်းနွမ်းနယ်နေသည်။
၄။ အသံကြားရုံမျှနှင့်ပင် ထိတ်လန့် ထခုန်မိသည်။
၅။ အလုပ်တွင် စိတ်ဝင်စားမှု မရှိတော့ပါ။
၆။ စိတ်လိုက် မာန်ပါ လုပ်တတ်ပြီး စွန့်စားတတ်သည်။
၇။ စိတ်ပူပန်သောက ရောက်ဖွယ် ကိစ္စရပ်များကို ရင်ထဲမှ မထုတ်နိုင်ပါ။
၈။ စိတ်မကောင်းဖြစ်ပြီး ဝမ်းနည်း ငိုချင်သည်။
၉။ ယခင်ကလောက် လုပ်ကိုင်နိုင်စွမ်း မရှိပါ
၁၀။ ရှင်းလင်းစွာ စီစဉ် စဉ်းစားမှုတို့တွင် အခက်အခဲ ဖြစ်နေသည်
၁၁။ အိပ်စက်ရာတွင် အခက်အခဲ ရှိသည်
၁၂။ လုပ်နေကျ ပုံမှန် အလုပ်ကိုပင် အားစိုက်လုပ်နေရသည်
၁၃။ ပြင်းပြင်းထန်ထန် ဝေဖန်တတ်သည်
၁၄။ အိပ်မက်ဆိုးများ မက်သည်
၁၅။ စိတ်တိုလွယ်ပြီး သာမန်အဆင်မပြေမှုလေးများကပင်

ကိုယ့်ကို အလွန်အကျွံ အနှောင့်အယှက် ပေးလျက်ရှိသည်

၁၆။ အလုပ်တွင် ယခင်ကထက် ပိုမို အချိန်ပေး အလုပ် လုပ်လျက်ရှိသည်။

(ဇယားအား နောက်ဆုံးတွင် ဖော်ပြထားပါသည်။)

အထက်ပါ အချက် တစ်ခုချင်းစီတွင် လုံးဝ မရှိပါက ၁ မှတ်၊ တစ်လ တစ်ကြိမ် ၂ မှတ်၊ တစ်ပတ် တစ်ကြိမ် ၃ မှတ်၊ အမြဲတမ်း ၄ မှတ်ဟူ၍ အမှတ်ပေးကာ ရရှိသည့် စုစုပေါင်း အမှတ်တွင် ၂၁ မှတ်အထိမှာ သာမန်သာ ဖြစ်သဖြင့် စိုးရိမ်စရာ လုံးဝ မရှိသလို ၂၁ မှတ်မှ ၃၅ အထိမှာ အောက်ပါ အချက်များကြောင့် ဖြစ်နိုင်သည်ကို ကုစားနိုင်ပေသည်။

၃၅ ကျော်လွန်လျှင်မူ စိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများဖြင့် ပြသရန် လိုအပ်လာမည်ဟု ဆိုသည်။ ဤ ဇယားပါ ဆန်းစစ်ချက်များသည် မိမိကိုယ်တိုင် ဆန်းစစ်နိုင်မှုကို အထောက်အပံ့ပြုမည် ဖြစ်ပြီး ကိုယ်တိုင် သာမက အခြား သူများတွင်ပါ ယင်းအချက်များအတိုင်း အမှတ်ပေးခိုင်း ကြည့်ခြင်းဖြင့် စိတ် ဖိစီးမှု ခံစားချက်များကို ကုစားနိုင်မည် ဖြစ်ပေသည်။

Psychosocial Support ဆိုသည့် စိတ်ပိုင်းဆိုင်ရာ လူမှု အထောက်အပံ့ဆိုသည်မှာ စိတ်ပိုင်းဆိုင်ရာသက်ရောက်မှုများ နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများ အချင်းချင်း ဆက်နွယ်နေမှု၊ အပြန်အလှန် လွှမ်းမိုးနေမှုကို ဆိုလိုသည်။(UNICEF–1997)

စိတ်လူမှု အထောက်အပံ့ဆိုသည်မှာ လူထု၏ စိတ်ဓာတ်ရေးရာ လူမှုရေးရာကို မြှင့်တင်ပေးသည့် ကြားဝင် ကူညီဆောင်ရွက်မှု လုပ်ငန်းစဉ်ဖြစ်သည်ဟု ပါမောက္ခ ဒေါက်တာတင်အောင်မိုးက ဖွင့်ဆိုခဲ့သည်။

စိတ်ပိုင်းဆိုင်ရာ လူမှုကျန်းမာမှု Psychosocial Wellbeing ဆိုသည်မှာ ဘဝတွင် အဆင်ပြေစွာ နေထိုင်မှု ဟုပင် ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

အဓိက အာရုံစိုက်ရာ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် လျစ်လျူရှုနိုင်စွမ်း နည်းပါးသည့် သူငယ်ချင်း၊ ကျောင်း၊ ဘာသာရေးတို့ကို လုံခြုံ တန်ဖိုးထားမှုတို့မှ လျစ်လျူရှုခံရပါက ဘဝတွင် အဆင်ပြေစွာ နေထိုင်နိုင်စွမ်း မရှိဟု ဆိုသည်။

WHO မှ ဖွင့်ဆိုသည့် စိတ်ကျန်းမာရေး ဆိုသည်မှာ လူတိုင်းလူတိုင်း မိမိတို့ စွမ်းဆောင်ရည် အလားအလာကို သိရှိ သဘောပေါက်ပြီး ပုံမှန် စိတ်ဖိစီးမှုများကို ရင်ဆိုင် ခံစားနိုင်ကာထိထိရောက်ရောက် အကျိုးရှိအောင် အလုပ် လုပ်ကိုင်နိုင်၍ မိမိတို့ အသိုင်းအဝန်းကို ပံ့ပိုး ထောက်ပံ့ပေးနိုင်သည့် ကျန်းမာပျော်ရွှင်မှု အခြေအနေပင် ဖြစ်သည်။

တစ်နည်းအားဖြင့် စိတ်ကျန်းမာရေး ဆိုသည်မှာ ဘဝ၏ မတူညီသော စိန်ခေါ်တိုက်ပွဲ အမျိုးမျိုးကို မိမိ၏ ကိုယ်ပိုင်စွမ်းအားဖြင့် ရင်ဆိုင်နိုင်စွမ်း ဖြစ်သည်။

ယခု ကိုဗစ်ကာလမှ မဟုတ် သဘာဝဘေး၊ စစ်ဘေး၊ ရောဂါဘေးဖြစ်ပွားစဉ်တွင် လူ့အဖွဲ့အစည်းအတွင်း စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပေါ်စေသည် ဖြစ်ရာ ယင်းကို ကုစားပေးနိုင်မည့် အနေအထားများကို သိထားခြင်းဖြင့် ကိုယ်တိုင် သာမက အခြားသူများကိုပါ ကူညီပံ့ပိုးပေးနိုင်မည် ဖြစ်သည်။

ဦးတည် အုပ်စုအလိုက် ဆိုပါက ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင် မိခင်နှင့် နို့စို့ကလေးများ၊ နာတာရှည် ရောဂါရှင်များ၊ အမျိုးသမီးများ အပေါ် အကြမ်းဖက် မခံရစေရန်ကို ဝန်ဆောင်မှု ပေးနိုင်မည် ဖြစ်သည်။

ကျဉ်းကျပ်သွားသည့် ပတ်ဝန်းကျင်က စိတ်ကိုပါ ကျဉ်းကျပ်စေမည်ဖြစ်ရာ ပေါက်ကွဲ ပွင့်ထွက်လိုမှု အာသီသက စိတ်ပိုင်းပွင့်ထွက်မှု ဖြစ်ပေါ်စေကာ ရုပ်ပိုင်းတွင် သတိလက်လွတ်လုပ်ဆောင်မှုများ၊ စိတ်ဓာတ် ကျဆင်းမှုများ ဖြစ်ပေါ်စေသည်။

စိတ်ဖိစီးမှု သွင်ပြင်လက္ခဏာများ အနေဖြင့် အိပ်စက်မှု ပြဿနာ၊ ပင်ပန်း နွမ်းနယ်ခြင်း၊ အစာအိမ် ပြဿနာရှိခြင်း၊ ကိုယ်လက် ကိုက်ခဲခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ဝမ်းနည်းခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ အလွန် တက်ကြွလွယ်ခြင်း၊ အစားအသောက် ပျက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ဒေါသ ထွက်ခြင်း၊ ပူဆွေး သောက ရောက်ခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ မကောင်းသည်များ သာတွေးခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာများ၊ ယုံကြည်မှု ပျောက်ဆုံးခြင်း၊ ပျင်းရိလာခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်း လာခြင်းတို့ ဖြစ်သည်။

သက်ရောက်မှု မတူညီမှုက တုံ့ပြန်ဖြေရှင်းမှုလည်း မတူညီနိုင်ပေ။ စိတ် တည်ငြိမ်မှု လေ့ကျင့်ခန်းများ ဖြစ်သည့် အသက်ရှူ လေ့ကျင့်ခန်း၊ သတိပဋ္ဌာန်၊ သတိချပ်ခြင်း အနေဖြင့် ၅ မျိုး၊ ၄ ခု၊ ၃ ခါ၊ ၂ ချက်၊ ၁ ခါ ဆိုသည်မျိုးကို တွေးတောမှု၊ စိတ်အနားယူ ဖြေလျော့ခြင်း နည်းလမ်းများကို လုပ်ဆောင်နိုင်ရန် တိုက်တွန်း ထားသည်။

ဝင်ငွေ မရှိ စားစရာ မရှိသဖြင့် Quarantine ဝင်သူမှ ကျန်ရစ်သူ မိသားစုသို့ စိတ်ပူပန်ခြင်း၊ မိသားစုကို လက်လွတ်ရပြီဟု တွေးခြင်း၊ ရောဂါကြောင့် လူမှုဝန်းကျင်မှ ရှောင်ရှား ခံရသူဟု တွေးထင်ခြင်း မမှန်ကန်သည့် သတင်းများအပေါ် ယုံကြည်ကြောက်ရွံ့မှု သတင်းကူးစက် ခံရခြင်းတို့ကို ပတ်ဝန်းကျင်မှ Psychosocial Support လုပ်ပေးရမည် ဖြစ်သည်။

သို့အတွက် စိတ်ပိုင်းဆိုင်ရာ ရှေးဦး သူနာပြုစုခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ ကနဦး ကူညီ စောင့်ရှောက်မှုကို လုပ်ဆောင်ပေးနိုင်ရန် ကြိုးပမ်းကြရမည် ဖြစ်သည်။

စာမျက်နှာ (၁၉) သို့ ➤ ➤ ➤

ယခုဆောင်းပါးသည် စာရေးသူ၏ အာဘော်သာ ဖြစ်ပါသည်။

# အကျိုးများစေ တိုင်းရင်းဆေးတွေ

" ဒေါက်တာ အောင်ကျော် (သွား/ဆရာဝန်)" ရေးသားသည်။

နှစ်ငါးဆယ်

"ကိုအောင်ကျော်ကြီး နေကောင်းရဲ့လားဗျ"

"ကောင်းတယ် ခြောက်ဆယ်ရေ။ တို့တွေ ကွဲသွားကြတာ နှစ် ငါးဆယ်နီးပြီနော်။ တစ်ခါမှ ပြန်မဆုံကြဘူး"

"ဟုတ်ဗျာ။ သက်ကြီး ပူဇော်ပွဲ မလာဘူးလား ကိုအောင်ကျော်"

"ငါက ခရီးထွက်ပျင်းတယ်။ ပထမအကြိမ် သွားညီလာခံ တစ်ခေါက်ပဲ ရောက်တာ"

"ကျွန်တော့်အသက် ၇၀ လေ။ ဖြစ နဲ့အထက် ကန်တော့တာဗျာ"

"အေး ငါက ၇၄ ပြည့်ပြီ။ မင်းကန်တော့ခံဆိုတော့ ငါ့မျက်စိထဲမှာ ပြောင်စပ်စပ် ရယ်ကျဲကျဲရုပ်ပဲ ပေါ်လာနေတယ်ဟ"

"ဝိတိုရိယတောင် အကြောင်းတွေပါ ပါလာတော့ ကိုအောင်ကျော်ကြီးကို သိပ်သတိရတယ်၊ တကယ်။"

တိုက်တိုက်ဆိုင်ဆိုင်ပင်။ သည်မနက် တူမလေး ဖြူထွေးက ခရီးသွား အစီအစဉ်ဖြင့် ၁၀ ရက် ခရီးစဉ် သွားခဲ့ရာ၌ ဝိတိုရိယတောင် (Mt.Victoria) မြန်မာလို နတ်မတောင် ချင်းလို ခေါ်နူးဇုမ်သို့ တစ်ရက်ခရီးပါဝင်၏။ လိုင်းပေါ်တင်ထားလို့ မြင်ရဖတ်ရတော့ အတိတ်က အရိပ်တွေ ပြန်ပေါ်လာကြ၏။ ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ကျောင်းပိတ်ရက်မှာ တက်ခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ်ပေါင်းစုံ တောင်တက်အဖွဲ့ အထူးပြုကြီးပမ်းမှုတစ်ခုပါ။ ဒီဇင်ဘာ ၃၁ ရက်ညနေပိုင်း၊ တောင်ခြေအေးစခန်းမှာ တစ်ညအိပ်၊ နောက်နေ့မနက် ၁၉၇၂ ဇန်နဝါရီလ ၁ ရက် တောင်ထိပ်ရောက်၊ အလံတွေ လွှင့်ထူ၊ စုပေါင်းဓာတ်ပုံရိုက်ကြ၏။ သွားဘက်ဆေးကျောင်းသား ၁၀ ဦး ကျောင်းသူ ၁ ဦး ပါဝင်၏။ ၂ ဦးတွဲစီ ပါတနာအဖြစ် တွဲပေးရာ နောက်ဆုံးနှစ် ကွန်တော်နှင့် စတုတ္ထနှစ် ခြောက်ဆယ်ကြီး တစ်တွဲဖြစ်၏။ ဖြူဖွေး၏ ပို့စ့် အောက် ခြေ၌ "၇၁ နှစ်ကုန် ရောက်ခဲ့ဖူး။ နှစ်၅၀ နီးပါး ကြာ အတွင်း သစ် တောတွေ အလွန်ပါးသွားခဲ့။ ပိုပူလာ" ကွန်မင့်ရေးတင်ဖြစ်ခဲ့သေး ၏။ ဟော အခုနေ့ခင်းမှာ ခြောက်ဆယ်ကြီးက ဖုန်းခေါ်လာ၏။ FB မသုံးခဲ့သော ကျွန်တော်။ "အမေစုတောင် သုံးနေပြီ။ ပါပါးသုံးတော့"ဟု သမီးက ဖွင့်ပေး၏။ နာရီပိုင်းအတွင်း တက်လာလိုက်ကြတာ။ အမျိုးတွေ၊ မိတ်ဆွေတွေ၊ သူစိမ်းတွေများမှများ၊ ကွန်တော်က စာတိုပေစလည်းရေးတော့ ကျွန်တော်မသိပေသော်လည်း ကိုယ့်စာဖတ် ပရိသတ်တွေက သိနေကြပါလိမ့်မည်။ မိတ်ဖွဲ့လာသူတွေ အများကြီးပါ။

နွေဦးလေရူး အရှေ့မှာ ရွက်ဝါတွေ တစ်နေရာစီ လွင့်သွားကြသလို၊ ဆွေမျိုးရော မိတ်ဆွေ အပေါင်းအသင်းတွေပါ တစ်နေရာစီလွင့် ကမ္ဘာ့အနှံ့ရောက်ရှိသွားကြ၏။ မထင်မှတ်ထားသူတွေ မတွေးမိသည့် တိုင်းခြားပြည်ခြား ပင်လယ်သမုဒ္ဒရာခြားရောက်နေကြ၏။ အတန်းဖော်မဘက်တီမှာ ဩစတြေးလျ။ ဆစ်ဒနီမြို့မှာတဲ့။ "အောင်ကျော်ရေ ဒီမှာ ဆောင်းရာသီဟ" "ဟေ အေး ကမ္ဘာမြောက်ခြမ်းအောက်နားမှာကိုနော။ တို့တွေတော့ အပူဒဏ်လှိမ့်ခံ။ ဒီနွေအလွန်ပူ။ တို့တောင်ကြီးမှာ 34 °C (93 °Fကျော်)ဟာ" "ဝူး မကြုံစဖူးနော်"။ သူနှင့် ပြန်မဆုံစတမ်း ကွဲသွားလိုက်ကြတာ ၁၀ တန်းဖြေပြီးကတည်းက။ နှစ် ၂၀ လောက် ကြာတော့၊ ကျွန်တော်က သွားဆရာဝန်၊ သူက တပ်သူနာပြု လူထွက်၊ စပယ်ရှယ်နပ် လုပ်နေချိန်ပါ။ နောက်ပျောက်သွားပြန်ရော။ စင်ကာပူမှာ သတင်းသန့်သန့် ကြားလိုက်၏။ ခုဆို ထပ်မတွေ့တာ နှစ် ၄၀ အများကြီး စွန်းသွားပြီ။ နောက်တစ်ဦး ထပ်ဆက်သွယ်လာပြန်သည်။ သူက မကြာခဏ တောင်ကြီးပြန်လာတတ်သူပါ။ သူ့အမျိုးသား သိပ်မမာနေ၍ ခု မလာနိုင်သည်မှာ ၅ နှစ်ခန့်ရှိပြီ။ တွေ့လျှင် ချွဲနောက်ကွယ်မေ့အစားထဲက။ အခြား ငယ်ပေါင်း ၂ ဦး၏ ဖုန်းနံပါတ်လိုချင်သည်ကို ရှာပို့ပေးရ၏။ သူ အမေရိကား ရောက်နေသည်မှာ ကျွန်တော့်အိမ်ထောင်တစ်သက် ၄၅ နှစ် ရှိရော့မည်။

တိုင်းရင်းဆေး

"အောင်ကျော်၊ ငါမေးဦးမယ်။ ဖုန်းမချနဲ့ဦး။ ခုကိုဗစ်အတွက် တိုင်းရင်းဆေး ဘာကောင်းတုံး ပြောပြပါဦး"

"နင်ကလေး အထူးကုဆရာဝန်ပဲဟာ။ တိုင်းရင်းဆေး ယုံလို့လား"

"ဟာ ငါငယ်ငယ်က ကြီးကြီးလက်စွဲဆေးတွေနဲ့ လူဖြစ်လာတာပါ။ အစွမ်းထက်တာတွေ အများရှိတယ်။ နင်သိလား"

"အား ဟုတ်သားပဲ။ နင့်ကြီးကြီး ဝတုတ်တုတ်ကို ပြန်မြင်လာပြီ။ ငါ့အဘွားဆီမှာ ရှိန်းခိုတစ်ခါလာတောင်းသေးတယ်ကွ"

"အေး အဲဒါ ငါဖျားချင်ချင်ဖြစ်တိုင်း ရှိန်းခိုနည်းနည်းကျွေး။ နားနှာခေါင်းမှာ လိမ်းပေးနေကျ"

"တောက်တီးတောက်တဲ့။ ရှိန်းခိုက အခဲပါ။ ရှူခိုင်းတာဆို ဟုတ်သေး"

"ရေနည်းနည်းနဲ့ ဖျော်ပြီး သောက်ရတာ အကြွင်းကျန်ကို လိမ်းတာပါ သူငယ်ချင်း။ ဒါနဲ့ ကိုရိုနာနဲ့ ကိုက်မယ့်ဆေးပြောဦး"

"ချင်းရေက ထိရောက်ပါသတဲ့ နောက်ပြီး"

"နေဦး အောင်ကျော်။ ချင်းထောင်းပြီး အရည်ညှစ်ယူရင် သိပ်စပ်မှာပေါ့"

"ချင်းထောင်းကိုပြုတ်တဲ့ ချင်းပြုတ်ရေပါ။ တို့တွေ ငန်းဆေးသောက်ဖို့ ကွမ်းရွက်ထန်းလျက်နဲ့ ချင်းရေပြုတ်သလိုလေကွာ"

"အေး အဲဒီသုံးမျိုးလုံး ပေါင်းပြုတ်တာတော့ သောက်လို့ မဆိုးပါဘူး။ ကြီးကြီးက ဆေးဖြစ်တယ်ဆိုပြီး ဆားနည်းနည်းထည့်သေး"

"ဟုတ်တယ် သူငယ်ချင်း။ သာမန်ချောင်းဆိုးတာ ကွမ်းရွက်ပြုတ်ရေနဲ့ သက်သာကြတယ်။ သိပ်ချောင်းဆိုးရင် လေးညှင်းပွင့် ထောင်းထည့်တယ်"

"ဘာအတွက်တုံး။ ပြောပြပါဦး အောင်ကျော်"

"အပူဓာတ်ဖြည့်တာပါ။ တို့ ရှမ်းပြည်က ရာသီဥတုအေးလို့ အအေးမိချောင်းဆိုး ဖြစ်တာများတယ်။ ချောင်းဆိုးတာမှာ တိုင်းရင်းဆေးပညာအရ အပူဆိုးနဲ့ အအေးဆိုး ရှိတယ်။ ကုသတော့ ပေးတဲ့ဆေး မတူဘူးတဲ့။ ဆေးလွဲနေရင် မြန်မြန် မပျောက်ဘူးပေါ့ကွာ။ အပူရှပ်ပြီးဆိုးရင် အအေးနဲ့ ဖြေလျှော့။ အအေး ကြောင့်ဆိုရင် အပူဓာတ် ဖြည့်စွက်တာပေါ့ကွာ"

"ကိုရိုနာက လည်ချောင်းနာပြီ အဆုတ်ကို ဒုက္ခပေး၊ အသက်ရှူကျပ်တာတဲ့။ ချောင်း မဆိုးဘူး ပြောတယ်နော်"

"အေး ချင်းရေက အပူဓာတ်၊ ရောဂါ စတင်ဝင်ရောက်စမှာ ချင်းရေသောက်ထားရင် အများကြီး ကာကွယ်တယ်တဲ့"

"ရောဂါဝင်စဆိုလို့ ဗိုင်းရပ်စ်တစ်ကောင်ထဲ ဝင်ရုံနဲ့ နာရီပိုင်းအတွင်း အကောင်ရေ သိန်းချီ တိုးပွားတာတဲ့အောင်ကျော်"

"အေးပေါ့ကွာ။ ကိုရိုနာ ဟုတ်မဟုတ် မသေချာသေးပေမယ့် ရိုးရိုးအအေးပတ် ဖျားနာတာကို ချင်းရေက အကျိုးပြုတာကိုး"

"နောက် ဘာနည်းရှိသေးလဲ အောင်ကျော်"

"ဆေးခါးကွ။ ယိုးဒယား ရှေးနည်းအရ သူတို့တိုင်းရင်းဆေးမှာ သုံးနေကျ၊ ငါတို့မြန်မာတွေလည်း သုံးတာပါပဲ"

"အင်းဆေးခါးဟင်းရည်ချက်တဲ့ ဆေးခါးမှုန့်လား"

"ဟုတ်တယ်။ နှစ်မျိုးရှိတယ်။ ဆေးခါးကြီးနဲ့ ဆေးခါးသေး။ အရိုင်းနဲ့ အယဉ်ကွာတာနေမှာ။ ဂျပန်ခေတ်တုန်းက ကွီနိုင်တွေ ရှားပါးပြတ်လပ်သွားတယ်။ အဲဒါ ငှက်ဖျားအတွက် ဆေးခါးမှုန့်ပဲ အားကိုးခဲ့ကြရတယ်လို့ တို့အဘွား ပြောပြဖူးတယ်"

"ဒီမှာ ဘယ်လွယ်ပ့ါမလဲ။ အင်္ဂလိပ်လို နင်မသိဘူးလား။ Botanical name"

"မသိဘူးကွာ။ ငါက Botanist မှ မဟုတ်တာ။ ငါပြောတဲ့ တိုင်းရင်းဆေးနည်းတို နင်ယုံလို့လား"

"မီးဖိုချောင်ထဲက ဟင်းချက်စရာတွေပဲ။ ဒုက္ခတော့ မပေးနိုင်ပါဘူး အောင်ကျော်"

"အနည်းအများ dose ကိုတော့ ချင့်ချိန်ရမှာပေါ့။ တစ်ခုက တမာရွက်ပြုတ် သောက်တဲ့။ သူလည်း ခါးတာပဲ"

"အလွန်အကျွံ များသွားရင် side effects တွေ ရှိတာ သတိထားရမှာပေါ့"

"ဟုတ်ပ့ါ။ ဒီမှာ တမာရွက်ရေ ကျိုသောက်လွန်းလို့ ဆီးကျောက်ကပ် ဒုက္ခရောက်ကြတယ်ဆိုလား ကြားမိလိုက်သေးတယ်ကွ"

ဘေးထွက်ဆိုးကျိုး

တိုင်းရင်းဆေးဖြစ်စေ၊ သိပ္ပံနည်းကျဆေးဖြစ်စေ၊ မည်သည့်ဆေးမဆို မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးရှိစမြဲပါ။ ကောင်းကျိုးလိုသည်က တစ်ချက်၊ ဘေးထွက်ဆိုးကျိုးက နှစ်ချက်ဆိုသောအခါ သိပ်ပြီး ကီးမကိုက်ချင်ပါ။ ဆိုးကျိုးကို ဖြေဖို့ တွဲဖက်ပေးကြရပါ၏။ ပမာအားဖြင့် "အသက်ကြီး ဆင်စီးပါ"အဆိုတစ်ရပ်၏ ညွှန်ချက်မှာ ဆင်တုံးမနွယ်ကို အသက် ၅၀ ကျော်က ဆေးဖြစ်ဝါးဖြစ် စားပေးရမည်ဆို၏။ အလွန်ခါး၏။ နှစ်တစ်ထောင်နွယ်ပင်ဟုလည်း စကားပရိယာယ်ဖြင့် တင်စားကြသေး၏။ မှန်ပါသည်။ တစ်နွေလုံး ပူပြင်းလွန်း၍ ခြောက်သွေ့နေသောအနွယ်များ မိုးကျလာသည်နှင့် အညွန့်များပြူထွက်ကာ ရှင်သန်ပွားများပါတော့သည်။ အသက် ၅၀ ကျော် အရွယ်သည် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ ဝင်ရောက်ရန် အလားအလာများသော ဘဝအဆစ်အပိုင်းဖြစ်၏။ ဆင်တုံးမနွယ်ကို စားပေးခြင်းအားဖြင့် ကျန်းမာရေး ပိုကောင်းစေပြီး အသက်ပိုရှည်စေနိုင်၏။ သို့သော် ယင်းသို့သော်ကို ဆက်ရေးရပါမည်ဆိုလျှင် သူ့မှာလည်း ဆိုးကျိုးရှိ၏။ အစိမ်းသက်သက် မစားသင့်တဲ့။။ ဓာတ်ကို ဖျက်ပြီးမှ စားသုံးရပါမည်။ အကာအကွယ်အားဖြင့် ကြော်စားပါတဲ့။ နှမ်းဆီတစ်ဝက်နှင့် ထောပတ်တစ်ဝက် ရောစပ်ရမည်။ နွယ်တုတ်တုတ်ကို ကန့်လန့်ဖြတ် ပါးပါးလွှာ၍ အာလူးအချပ်ကြော်လို ကြွပ်အောင် ကြော်ရမည်။ မီးမတူးပါစေနှင့်။ ထမင်းစားပြီးတိုင်း ကြီးလျှင်နှစ်ချပ် ငယ်လျှင် သုံးချပ် ဝါးစားကာ ရေနွေးရုံလေးဖြင့် သောက်ချရပါမည်။ လိုတိုး ပိုလျှော့ ချင့်ချိန်ပါ။ ဆေးပိုလွန်းသွားလျှင် သွေးပေါင်ချိန် ကျတတ်၏။ ဓာတ်မဖျက်လျှင် ဘာဖြစ်မည်နည်း။ ကျောက်ကပ် ပျက်တတ်သည်ဟု ဆို၏။ တိုင်းရင်းဆေးများ၌ ဆင်တုံးမနွယ်ကို အမယ်တစ်ခုအနေနှင့် ပါဝင်တတ်၏။ ဆိုးကျိုးခြေဖျက်ရန် ကိုက်ညီမည့် အခြားအမယ်တစ်ခုကို ဆေးစပ်၌ ထည့်ထားပြီးဖြစ်တတ်၏။ အင်္ဂလိပ်ဆေးများ၌လည်း အလားတူ ဖြစ်သည်။ သိသာအောင် ပြောရလျှင် အကိုက်အခဲအပြင်းစားပေးရလျှင် အစာအိမ် မထိစေရန် အစာခြေရည် အက်စစ်ကို စုပ်ယူထားလိုက်ရန် အက်ကလီဆေး တစ်မျိုးဖြင့် ပူးတွဲစားစေတတ်၏။ သုံးတတ်လျှင် အဆိပ်ပင် ဆေးဖြစ်ရပါတော့သည်။

ဆေး မတည့်ခြင်းသည်လည်း ခက်လှ၏။ အင်ပျဉ်ကဲ့သို့ အဖုအဖိမ့် အကွက်ကြီးတွေ ထွက်၏။ အလွန်ယားယံ၏။ နံ့သာဖြူသွေးလိမ်းလျှင် သက်သာတတ်၏။ ဖြေဆေး ပူးတွဲစားလျှင်တစ်မျိုးတစ်ဖုံအဖြစ် မကြမ်းဘဲ သက်သာခွင့် ရနိုင်၏။ ယင်းအနီကွက်သည် တဖြည်းဖြည်း ညိုလာညိုးလာသော်လည်း အညိုကွက် အမည်းကွက်များအဖြစ် ကျန်ရစ်တတ်ပါသည်။ ကာလရှည်ကြာပါမှ အညိုရောင်အကွက် တစ်ဖြည်းဖြည်း ပါးလျားသက်သာလာမည်။ နဂိုအသားရောင် ပြန်ဖြစ်အောင် နှစ်ချီကြာတတ်၏။ ဆေးနှင့်အစာများ မိမိနှင့် မသင့်ခြင်းကြောင့် ယားယံကွက် ဖြစ်ပေါ်လာခြင်းပါ။ ရေများများသောက်ရန် လိုအပ်၏။ ချောင်းမြောင်းများကို ရေများများဖြင့် တိုက်ဆေးသကဲ့သို့ ဆေးမတည့်ခြင်း အဆိပ်များကိုလည်း ဆီးအဖြစ် များများစွန့်လွှတ်သည့်အထဲ နည်းနည်းချင်း ပါသွားနိုင်ကြောင်း သိရ၏။ နေ့ချင်းညချင်းတော့ မပျောက်နိုင်ပါ။ လပေါင်းနှစ်ပေါင်းများစွာ ကြာမြင့်တတ်၍ စိတ်ရှည်ရပါသည်။

ကျွန်တော့် သူငယ်ချင်း ဒေါက်တာမတစ်ဦး ရှိပါသည်။ သူဆေးမတည့်ပုံမှာ၊ ဖြေဆေး ဘီပီအိုင်ထုတ် ဘာမီတွန်ကဲ့သို့ အခြားကုမ္ပဏီထုတ် ဆေးအမည်မတူ၊ ဓာတုပစ္စည်း ကရိုဖင်နီရ

စာမျက်နှာ (၁၉) သို့ ➤ ➤ ➤

ကမ္ဘာ့ဇတိုင်း
VOLUME.6, ISSUE 14 TUESDAY, JUNE 9, 2020

# တိုက်ပွဲတွေလည်း နဂ္ဂတစ် ဖြစ်ပါစေ


Photo - TNLA

“ အောင်ဆန်းဝင်း ” ရေးသားသည်။

ကမ္ဘာကြီး တိတ်ဆိတ်ဆွံ့အသွားတယ်။ တိတ်တဆိတ်ဆွံ့အခြင်းနဲ့ အတူ ပွက်လောရိုက်ကုန်တာလည်း ရှိတယ်။ ဘယ်အရပ်က ခြေဆန့်လာမယ်မှန်း မသိတဲ့ သေမင်းတမန် ဗိုင်းရပ်စ်ကြောင့် လူသားထုရဲ့ လှုပ်လှုပ်ခတ်ခတ် ယန္တရားတွေ ရပ်တန့်ကုန်တယ်။ မမြင်ရတဲ့ တရားခံအတွက် တစ်ယောက်မျက်နှာ တစ်ယောက် လက်ညှိုးထိုးကြတယ်။ ပေါက်ဖော်ကြီးတို့နိုင်ငံက အစပြုလိုက်တာ ကမ္ဘာ့ပုလိပ်ကြီးကိုတောင် မျက်ဖြူဆိုက်သွားစေတယ်။ တစ်နေရာ တစ်ခန်း မရပ်တဲ့ ကိုရိုနာ ဗိုင်းရပ်စ်ဆန်းက အရပ်ရပ် အပြည်ပြည် ဝင်ခွင့် တောင်းစရာမလိုတမ်း ခရီးဆက်တယ်။ ရောက်လေရာ အရပ်မှာ လူသားထုကြီးကို အကြီးအကျယ် ဒုက္ခဖြစ်စေတယ်။ COVID–19 လို့လည်း တစ်ကမ္ဘာလုံးက အမည်သမုတ်ခေါ်ဝေါ်ကြတယ်။ ဒီကောင်တော်တော် ဆိုးတယ်။ စစ်ပွဲတိုက်ပွဲဖြစ်တာထက်တောင် လူသားထုကို အန္တရာယ်ဖြစ်စေခဲ့တယ်။

အစပြုတုန်းက ယဉ်သကို ထင်ရပေမယ့် နောက်ပိုင်းတော့ ပတ်ကြမ်းတိုက် ဘီလူးဆိုင်း တီးလာတယ်။ ရောက်လေရာ အရပ်ကို အလဲလဲ အပြိုပြိုနဲ့ ဖရိုဖရဲဖြစ်အောင် အမွှေအနှောက်ဇယားခင်းတယ်။ ဗိုင်းရပ်စ်မာယာအောက်မှာ ကမ္ဘာ့လူသားထုကြီး တစ်ချက်အငိုက်မိသွားတယ်။ တစ်ချက်ဆိုမှ တကယ့်ကို တစ်ချက်လေး။ ဒါပေမယ့် အဲ့ဒီတစ်ချက်လေးက နျူကလီးယားဗုံးကွဲအားထက် ပြင်းလွန်းတယ်။ အတိုင်းအဆမရှိ ချွေချခံလိုက်ရတဲ့ ဇီဝိန်တွေဆိုတာ အခြေမခိုင်တဲ့ ရော်ရွက်ဝါတွေကို နွေအရိုင်းက စိတ်တိုင်းကျ ဝင်ခွေ့တဲ့ အတိုင်း။ အရှေ့အရပ်က နိုင်ငံတွေ မျက်ဖြူဆိုက်သွားတယ်။ အနောက်အရပ်က နိုင်ငံတွေ ဒေါက်ပြုတ်ကုန်တယ်။ တောင်အရပ်က နိုင်ငံတွေ ကစဥ့်ကလျားတွေဖြစ်လို့။ မြောက်အရပ်ကနိုင်ငံတွေ ထိတ်ထိတ်လန့်လန့် ပြူးပြူး ပြာပြာ။ အလယ်သားတွေလည်း ခေါင်းထောင်ဖို့မရဲကြတော့။

ကိုဗစ်ဆိုတဲ့ ဇာတ်နာကြီးက အရပ်တကာကို ဘရိတ်မပါတမ်း လှည့်နေတယ်။ ဒီကောင်ကမ္ဘာမြေပေါ် ရောက်လာပြီး အ ရပ်တကာ ဒုက္ခပေးတည်းက လူသားတွေမှာ အပြုံးတွေ ပျောက်ဆုံးကုန်တယ်။ ရုတ်တရက် ဆုံတွေ့ကြရင် တစ်ဦးနဲ့တစ်ယောက် အတိတ်မေ့သလို ဖြစ်နေတယ်။ တစ်ကြိမ်တစ်ခါမှ မမြင် မတွေ့ဖူးတဲ့ လူတွေလို ဖြစ်နေတယ်။ ဒီကောင် ဘယ်အပေါက်က ဝင်လာမှန်း မသိနိုင်တော့ ကိုယ်စီကိုယ်စီ မျက်နှာဖုံးတွေနဲ့။ မတ်စ်တပ်ထားကြတယ် ဆိုလား။ မပီမသ လူတွေက မတ်တပ်သွားပါလို့ ဆိုတယ်။ ခပ်နောက်နောက် လူတွေက မတ်တပ်ကြီး ဘယ်လိုသွားမှာလည်း ထိုင်သွားရမှာပေါ့ လို့ အတွန့်တက်တယ်။ အတော်ညစ်တဲ့ ကိုဗစ်ကြောင့် လူသားတွေ မျက်နှာဖုံးကိုယ်စီနဲ့ ဖြစ်ကုန်ကြတယ်။ အပြုံးတွေ ပျောက်ဆုံးကုန်တယ်။

လူသားတွေ ဖြစ်တည်ကတည်းက ကမ္ဘာလောကကြီးမှာ ကပ်ရောဂါအမျိုးမျိုး ပေါ်ခဲ့တယ်။ ဘုရားရှင် လက်ထက်ကလည်း ဖြစ်ခဲ့တယ်။ သိပ္ပံပညာ ထွန်းကားတဲ့ ခေတ်မှာလည်း ဖြစ်တယ်။ နောင်လည်း ဖြစ်နေလိမ့်ဦးမယ်။ ကပ်ဘေးဆိုက်တာနဲ့ အငတ်ဘေးပါ ဆိုက်လာတယ်။ ကြံ့ရာအပေါက်က ထင်သလို နောက်တဲ့ ဗိုင်းရပ်စ်ကြောင့် အိမ်ထဲမှာပဲ နေကြရတယ်။ ရှိတဲ့လူတွေက စတေးအက်ဟုမ်းရင်း ချက်လိုက်ပြုတ်လိုက် စားလိုက်သောက်လိုက် သာသာယာယာပေါ့။ တစ်နေ့လုပ် တစ်နေ့စားဖို့တောင် မလွယ်ကူတဲ့ အခြေခံလူတန်းစား တွေအတွက်တော့ နွေခေါင်ခေါင် ခေါင်းမီးတောက်တဲ့ကာလ။ လုပ်ကိုင်ရင်းတောင် မငတ်ရုံအခြေမှာ အလုပ်အကိုင်မဲ့တော့ ငွေဗလာနတ္ထိဖြစ်။ ဆန်အိုးတွေမှောက်။ ရပ်တန့်ထားလို့မရတဲ့ အစာအိမ်သံချောင်းခေါက်သံအတွက် အလှူရှင်ကိုသာ အားထားမျှော်လင့်ရတဲ့ဘဝ။

လက္ခဏာဆရာက ပြောတယ်မေရယ်။ နှလုံးလမ်းကြောင်းမှာ ကျွန်းခံနေတယ်။ မိန်းမနဲ့ ပတ်သက်လာရင် အမြဲတမ်းပဲ ကံဆိုးနေတယ်။ ထိလှည်းပေါ်က လွင့်လာတဲ့ စိုင်းထီးဆိုင်သီချင်း နားထောင်ပြီး ကိုဗစ်ကာလကြီးလွန်သွားရင် ငါတော့ အလုပ်လက်မဲ့ဖြစ်တော့မယ် ထင်တယ်လို့ လက္ခဏာဆရာက ပြောတယ်။ ရောဂါကာကွယ်ဖို့ အကောင်းဆုံး နည်းလမ်းတွေထဲမှာ လက်ဆေးခြင်းက တစ်ခုအပါအဝင် ဖြစ်နေတယ်။ မကြာခဏ လက်ဆေးဖို့ တိုက်တွန်းထားတယ်။ အပြင်က ပြန်လာတိုင်း လက်ဆေးကြရတယ်။ ကိုဗစ်ကို သတိရတိုင်း လက်ဆေးတယ်။ လက်သန့်ဆေးရည်တွေ သုံးကြတယ်။ လက်ဆေး ဆပ်ပြာတွေ သုံးကြတယ်။ တစ်ခါ တစ်ခါ လက်ဆေးတိုင်း မိနစ် ၂၀ ကြာတယ်။ အချိန်ကြာလာတော့ လက္ခဏာတွေ ပျောက်ကုန်မှာ စိုးရိမ်တယ်။ လက္ခဏာဆရာလည်း အလုပ်လက်မဲ့ ဖြစ်သွားမှာ စိုးရိမ်နေတယ်။

ပြည်တွင်းရှိတဲ့ လူထက် ခလုတ်ထိမှ အမိတတဲ့ လူတွေဆီမှာ ရောဂါပိုး ကူးစက်မှု အများဆုံးဖြစ်တာ တွေ့ရတယ်။ သက်ဆိုင်ရာက ရောဂါပိုးတွေ့ရှိတဲ့ လူစာရင်းကို နေ့စဉ်ကြေညာပေးတယ်။ ပိုးတွေ့လူနာရှိတဲ့ ရက်ဆို သတိပြုဂရုစိုက်ဖို့ တစ်ဦးနဲ့တစ်ယောက်၊ တစ်နေရာက တစ်နေရာ ဆော်သြကြတယ်။ အနီးအပါးမှာ လှုပ်လှုပ်ခတ်ခတ် ဖြစ်နေတာ တွေ့ရင် လက်တို့ပြီး ထိန်းသိမ်းကြတယ်။ ပြည်တွင်းမှာ ရောဂါပိုး တွေ့ရှိမှု မရှိသလောက် ဖြစ်တာ အခွင့်ကောင်းယူပြီး လူးလူးစိန်တချို့ ဘာသာရေးအခမ်းအနားတွေ ကျင်းပပြုလုပ်တာတော့ စိတ်ပျက်စရာတစ်ခု။ တားမြစ်ထားရင် နည်းနည်း ဖောက်ဖျက်ကျူးလွန်လိုက်ရမှ နေသာထိုင်သာရှိတာ မြန်မာ့ဓလေ့တစ်ခုလို့ ပြောရမလား။ မတော်တဆ တစ်ဦးတစ်ယောက်ဆီမှာ ရောဂါပိုး ရှိခဲ့ရင်နောက်ကြောင်းတွေ ရတက်မအေးစရာ။ အသိဉာဏ်မဲ့လေခြင်းများလား။

အိမ်တွင်းပုန်း စတေးအက်ဟုမ်းရတာ မလွယ်ဘူးလို့ ပြောကြတယ်။ ဟုတ်တယ်။ ဘယ်လွယ်ပါ့မလဲ။ လူသားတွေဆိုတာ မိုးလင်းက မိုးချုပ် လောကကြီးနဲ့ ထိတွေ့ချင်ကြတာ လူ့သဘာဝ ရက်ပေါင်းများစွာ မလုပ်မကိုင် ငုတ်တုတ်ထိုင်ဖို့ဆိုတာ လွယ်တဲ့ ကိစ္စတစ်ခုမဟုတ်ဘူး။ ဝယ်ဆိုတဲ့ စာလုံးတစ်ခုကို ခဏမေ့ထားပြီး စားရေးနဲ့ နေရေးအတွက် လုံးချာလည်အောင် လုံးပန်းနေရတဲ့ မြန်မာပြည်သူ အများစုအတွက်က ပိုတောင်ခက်ခဲပါသေးတယ်။ သက်ဆိုင်ရာနဲ့ အလှူရှင်တွေရဲ့ အထောက်အပံ့ဆိုတာလည်း တကယ်တန်း တွေးကြည့်ရင် ဆေးမီးတိုသဘောလောက်။ အချိန်တစ်ခုတန်ရင် သွေးအေးသွားကြလိမ့်မယ်။ လည်ပတ်နေတဲ့ သွေးတွေ မအေးနိုင်တာက ထုံးစံအတိုင်း အောက်ခြေက အခြေခံပြည်သူ။ ထွက်သက်မတိုင်မီ လည်ပတ်နေတဲ့ သွေး မရပ်တန့်ဖို့ ကိုဗစ်နှုတ်ခွန်းဆက်မယ့် အချိန်ကို စောင့်နေကြရတယ်။

စိတ်ညစ်စရာ တစ်ပုံတစ်ပွနဲ့ အပူလုံးကြွတာကို ကြံဖန်ဖြေသိမ့်ကြတာ ဒီနေ့ရောဂါပိုး မတွေ့ဘူးဆိုတဲ့ နဂ္ဂတစ် အဖြေထွက်တဲ့နေ့။ သက်ဆိုင်ရာ ဝန်ကြီးဌာနက ထုတ်ပြန်တဲ့ အဖြေကို စောင့်ပြီး သူ့ထက်ငါ လူမှုကွန်ရက်ပေါ် အသိပေးကြတယ်။ ရောဂါကင်းရှင်းတဲ့နေ့သစ်ကို ဝိုင်းပြီး ဂုဏ်ပြုကြတယ်။ သတိလက်လွှတ် မနေဖို့လည်း ထိန်းကြပြန်တယ်။ ဘာပဲဖြစ်ဖြစ် ရောဂါပိုး မတွေ့တဲ့၊ မရှိတဲ့ နေ့ဆိုရင် ပြည်သူလူထု တစ်ရပ်လုံး ပျော်ရွှင်ကြတာတော့ အမှန်တရား။ ဘယ်သူ တစ်ဦးတစ်ယောက်ကမှ ရောဂါပိုးကြားမှာ စိတ်ညစ်ခံပြီး မနေချင်ကြဘူး။ နေရေး၊ စားရေး ဆိုတဲ့ စကားလုံး ၂ ခုနဲ့ အလိုလို ကျပ်နေတဲ့ ပြည်သူတွေက အတိဒုက္ခ ထပ်ရောက်စေမယ့် ပိုးတွေကို မလိုချင်ကြဘူး။ ရောက်လာမှာကိုလည်း စိုးရိမ်ကြတယ်။ ရောဂါပိုး မရှိတဲ့ နေ့သစ်၊ နဂ္ဂတစ်ဆိုတဲ့ မင်္ဂလာသံ ကြားရတဲ့ နေ့သစ်မျိုးပဲ ရောက်လာစေချင်ကြတယ်။

အမိမြန်မာပြည်ကြီးရဲ့ ရင်ခွင်ထဲမှာ တိုင်းရင်းသား ညီအစ်ကို မောင်နှမ လူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြတယ်။ တစ်ဦးနဲ့တစ်ယောက် အခန့်သင့်တဲ့ အခါရှိသလို အမျက်ကြုံတဲ့ အခါလည်း ရှိခဲ့တယ်။ ရှိနေသေးတယ်။ မျက်နှာခြင်းဆိုင်လိုက်ကျောခိုင်းလိုက်တာနဲ့ ပြောစကားတွေ တိမ်လိုလေလို ပျောက်သွားလိုက်နဲ့။ တပ်ဆင်ထားတဲ့ ကြိုးတွေ အထားအသို မှန်မှ မြန်မာ့စောင်းသံက နားဆင်လို့ ကောင်းတယ်။ နားထောင်လို့ကောင်းတဲ့ စောင်းသံတွေဖြစ်ဖို့အတွက် ကြိုးတစ်ချောင်းချင်းရဲ့ သတ်ပုံမှန်ဖို့ လိုပါတယ်။ စောင်းကြိုးညှိ သတ်ပုံမှားနေသရွေ့တော့ နားထောင်ကောင်းတဲ့ စောင်းတစ်လက် ဖြစ်လာနိုင်မှာ မဟုတ်ပါဘူး။ ပြည်သူတွေ မျှော်လင့်နေကြတယ်။ တိုက်ပွဲဆိုတဲ့ ရောဂါပိုး ကင်းစင်တဲ့နေ့။ ညီအစ်ကိုချင်း စစ်ခင်းတာရပ်တဲ့ တိုက်ပွဲ နဂ္ဂတစ်ဖြစ်တဲ့နေ့။ အချိန်တန်ရင် ကိုဗစ်က ထွက်သွားလိုက်မယ်။

အရင်ကတော့ ဒီနဂ္ဂတစ်ဆိုတဲ့ သိုးဆောင်းစာလုံးကို လူအများစု (သာမန်အောက်ခြေ ပြည်သူ) ရင်းနှီးကျွမ်းဝင်မှု မရှိခဲ့ ကြဘူး။ မြန်မာပြန်ဆိုထားတဲ့ အဘိဓာန်မှာတော့ ငြင်းပယ်သော၊ ဆန့်ကျင်သော၊ မဟုတ်၊ မရှိ စသည်ဖြင့် အဓိပ္ပာယ် ဖွင့်ဆိုချက်တွေ တွေ့ရပါတယ်။ အဓိပ္ပာယ် ဘယ်လို ဖွင့်ဆိုထားပါစေ မြန်မာပြည်သူတွေ ရင်းနှီးသွားတာက မရှိဆိုတဲ့ အဓိပ္ပာယ်။ ဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး ရောဂါပိုး မတွေ့တဲ့ ရက်ဆို ဒီနေ့တော့ နဂ္ဂတစ်ဖြစ်တယ်လို့ အချင်းချင်း ပြောကြတယ်။ မရှိဆိုတဲ့ နဂ္ဂတစ်ကိုပြည်သူတွေ ကြိုက်ကြတယ်။ တိုက်ပွဲတွေ မရှိတဲ့ နဂ္ဂတစ်နေ့ရက်တွေဆိုရင် မြန်မာပြည်သူတွေ ဘယ်လောက်များ ပျော်ရွှင် ချမ်းမြေ့လိုက်မလဲ။ ကိုဗစ်ဆိုတဲ့ ဗိုင်းရပ်စ်ဆိုးက ကမ္ဘာမြေပေါ်က ပျောက်ကွယ်သွားလိမ့်မယ်။ မြန်မာမြေပေါ် အမြစ်တွယ်နေတဲ့ စေတနာဗိုင်းရပ်စ်ဆိုးကြီးလည်း နဂ္ဂတစ်နေ့ရက်တွေ ဖြစ်ပါစေ။ ။

# ပညာရေးအတွက် ပညာပေး

“ ဇန် ” ရေးသားသည်။



လူတို့သည် ဘာအတွက် ပညာသင်ကြား ကြပါသလဲဆိုသည့် မေးခွန်းကလေးသည် လွယ်မယောင်နှင့် ခက်ပေလိမ့်မည်၊ တိမ်မယောင်နှင့် နက်ပေလိမ့်မည်။ အလွယ်ကလေးပင် ဖြေလိုက်လျှင်လည်း ရပေသည်ပေါ့ ပညာတွေ တတ်ချင်လို့ပါ။

ပညာတွေ တတ်ရင် ဘာလုပ်ကြမလဲပေါ့၊ ဘာအတွက် တတ်ချင်ကြတာလဲ၊ ပညာတွေကို သင်ကြားပြီးရင် အသုံးပြုဖို့လား၊ တတ်ပြီးရင် ပြီးပြီလား၊ ကိုယ့်အတွက် အသုံးပြုကြမှာလား၊ အများအတွက် အသုံးပြုကြမှာလား စသည်ဖြင့် မေးခွန်းတွေ များစွာများစွာ ထပ်မံ ပေါ်ထွက်လာတော့မှာပဲ ဖြစ်ပါတယ်။

ဟုတ်ပြီ။ ပညာဆိုတာကရော ဘာလဲ၊ ဘယ်ပညာကို သင်ချင်တာလဲ၊ ပညာ ဆိုတာကရော ကိုယ်သင်ချင်တာကို ရွေးချယ်သင်ကြားခွင့် ရှိသလား၊ သင်ကြားပေးသူက သင်ပေးသလောက်ကိုသာ၊ သူတတ်သည့် ပညာကိုသာ၊ ပြဋ္ဌာန်းထားသည့် သင်ရိုးများကိုသာ သင်ကြားရတာမျိုးလားဆိုတဲ့ မေးခွန်းတွေကိုရော ဖြေရှင်းနိုင်ကြပြီလားဆိုတာ စဉ်းစားဆင်ခြင်စရာ ဖြစ်ပါတယ်။

အစကို ပြန်ကောက်ရရင် ပညာ သင်ကြားကြတယ် ဆိုတာ အဓိကအားဖြင့် လူတွေ အကြောင်း၊ လောကကြီး အကြောင်း၊ သက်ရှိသက်မဲ့ ဒြပ်ရှိ ဒြပ်မဲ့တွေ အကြောင်း၊ နိယာမတွေအကြောင်း၊ သီအိုရီတွေ အကြောင်း၊ လူ လောကကြီးမှာ ဖြစ်ပျက်ခဲ့ပြီးတဲ့ ကောင်းခြင်းဆိုးခြင်း သဘောတရားတွေကို အလွယ်တကူ ထပ်မံပြီး မမှားအောင်၊ ဆင်ခြင်နိုင်အောင်၊ အတုယူ သိကြားနားလည်နိုင်အောင်၊ ဘဝမှာ ကြုံတွေ့ ရင်ဆိုင်ရမယ့်ကိစ္စ ကြီးငယ်များနဲ့ ပြဿနာတွေကို ရင်ဆိုင် ဖြေရှင်းနိုင်အောင်၊ မိမိအကျိုးစီးပွား သို့မဟုတ် အများ အကျိုးစီးပွား တွေကို ဖော်ဆောင်နိုင်အောင် ဆိုပြီး ပညာတွေ သင်ကြား သင်ယူကြတာလို့ပဲ ဆိုရမှာ ဖြစ်ပါတယ်။

ပညာလို့ အလွယ်တကူ ခေါ်ဆို သတ်မှတ်ပြီး သင်ကြားနေကြရတဲ့ သင်္ကေတများ၊ အက္ခရာများ၊ အမှတ်အသားများ၊ နုတ်များ၊ ဗျည်းများ၊ သရများဟာ ပညာ မဟုတ်သေးပါဘူး။ ဒါတွေဟာ လူအများစု အသုံးပြုနားလည်တဲ့ အမှတ်အသားတွေဖြစ်ပြီး လူတွေရဲ့ တွေ့ရှိသမျှ၊ သိကြားသမျှ၊ ဖန်တီးတီထွင် သမျှ၊ အကြားအမြင်၊ ဗဟုသုတ၊ အတတ်ပညာ၊ အသိပညာ၊ အတွေးအခေါ်၊ အယူအဆတွေကို အများဆုံး မှတ်တမ်းတင်နိုင်တာမို့ ပညာတတ်ချင်ရင်၊ ပညာသင်ယူချင်ရင် အများသိတဲ့ အများသုံးပြုတဲ့ ဘာသာစကားနဲ့ စာပေတွေကို လေ့လာ၊ သင်ယူ၊ မှတ်သား၊ အသုံးပြု၊ ဝေဖန်၊ ဆန်းစစ်၊ သရုပ်ခွဲ၊ ငြင်းခုန်၊ ဆွေးနွေး၊ မေးမြန်း၊ သက်သေပြ၊ စာရင်းပြုစု၊ သုတေသနလုပ်၊ အသစ်သစ်သော ကိစ္စကြီးငယ်တွေ ပြဿနာတွေကို ဖြေရှင်းဆောင်ရွက်ပြီး ကိုယ်တိုင်လည်း တဖန်ပြန်လည် မှတ်တမ်းတင်ထားနိုင်အောင် စတင် သင်ကြားကြရတဲ့ အခြေခံပညာရေး တစ်ခုသာ ဖြစ်ပါတယ်။

**လူတွေရဲ့ တွေ့ရှိသမျှ၊ သိကြားသမျှ၊ ဖန်တီးတီထွင် သမျှ၊ အကြားအမြင်၊ ဗဟုသုတ၊ အတတ်ပညာ၊ အသိပညာ၊ အတွေး အခေါ်၊ အယူအဆတွေကို အများဆုံး မှတ်တမ်းတင်နိုင်တာမို့ ပညာ တတ်ချင်ရင်၊ ပညာသင်ယူချင်ရင် အများသိတဲ့ အများ သုံးပြုတဲ့ ဘာသာစကားနဲ့ စာပေတွေကို လေ့လာ၊ သင်ယူ၊ မှတ်သား၊ အသုံးပြု၊ ဝေဖန်၊ ဆန်းစစ်၊ သရုပ်ခွဲ၊ ငြင်းခုန်၊ ဆွေးနွေး၊ မေးမြန်း၊ သက်သေပြ၊ စာရင်း ပြုစု၊ သုတေသနလုပ်၊ အသစ်သစ်သော ကိစ္စကြီးငယ်တွေ ပြဿနာတွေကို ဖြေရှင်း ဆောင်ရွက်ပြီး ကိုယ်တိုင်လည်း တဖန်ပြန်လည် မှတ်တမ်းတင် ထားနိုင်အောင် စတင် သင်ကြားကြရတဲ့ အခြေခံ ပညာရေး တစ်ခုသာ ဖြစ်ပါတယ်။**

ဥပမာ “ မီး ”ဆိုတဲ့ အရာသည် စာနဲ့ ဘယ်လို မှတ်သားထားတယ်။ ရုပ်ပုံ သင်္ကေတနဲ့ ဘယ်လို အမှတ်အသားပြုထားတယ်။ အသံအားဖြင့် ဘယ်လို ထွက်ဆိုရတယ်လို့ သင်ကြားရတာသည် အခြေခံပညာရေး ဖြစ်ပါတယ်။ မီးကို လူသားတွေ ဘယ်နှစ်ရာစုက စတင်တွေ့ရှိခဲ့တယ်။ မီးကို မာကျောတဲ့အရာဝတ္ထုတွေ အချင်းချင်းပွတ်တိုက်ခြင်း၊ ကြိတ်ချေခြင်း တွေကနေရနိုင်တယ်၊ မီးကို ဘယ်အရာတွေက ကြာရှည်ခံအောင် ထိန်းသိမ်း ထွန်းညှိထားနိုင်တယ်။ မီးကို ဘယ်အရာတွေက သုတ်သင် ရှင်းလင်း ပတ်သက်နိုင်တယ်။ မီးကို ဘယ်အရာတွေက သို့မဟုတ် အောက်ဆီဂျင်က၊ ဓာတ်ဆီက၊ ရေနံက၊ သဘာဝဓာတ်ငွေ့က၊ အားအင် ပြင်းထန်စေတယ် ကြီးထွားစေတယ် ဆိုတာတွေသည် အသိပညာ ဗဟုသုတတွေ ဖြစ်လာစေမှာဖြစ်ပါတယ်။ မီးကို ထမင်းဟင်းချက်ပြုတ်တဲ့နေရာတွေ၊ ဝရိန်တို့တဲ့နေရာတွေ၊ အပူပေးတဲ့ နေရာတွေ၊ အလင်းရောင်အဖြစ် အသုံးပြုတဲ့ နေရာတွေအဖြစ် ပြုလုပ်ဖန်တီး သုံးစွဲကြတာကတော့ ကျွမ်းကျင်မှု အတတ်ပညာပိုင်း ဖြစ်လာပါတယ်။ မီးကိုအခြားသော နည်းပညာတွေနဲ့ အပူစွမ်းအင်၊ အလင်း စွမ်းအင်တွေ အဖြစ် ထုတ်နုတ်ပြီး အသုံးပြုဖို့ တွေးဆကြံစည် တတ်လာရင်တော့ သိပ္ပံပညာရှင် သို့မဟုတ် စွန့်ဦးတီထွင် သို့မဟုတ် မီးပညာရှင် အဆင့်တွေလို ရောက်လာမှာ ဖြစ်ပါတယ်။ သာမန်အားဖြင့်တော့ မီးကို ဘယ်အချိန်၊ ဘယ်နေရာမှာ၊ ဘယ်လို နိုင်နင်းစွာ အသုံးပြုမယ်၊ မီးနဲ့ ပတ်သက်တဲ့ ကိစ္စတွေ ပြဿနာတွေ ကြုံဆုံရတဲ့အခါ အလွယ်တကူ ဘယ်လို ဖြေရှင်း ရင်ဆိုင်ကြရမယ်ဆိုတာတွေကို သိနားလည်ထားပြီး လက်တွေ့ အသုံးပြုဖို့ တတ်မြောက်ထားတယ် ဆိုရင်တော့ မီးနဲ့ ပတ်သက်ပြီး သင်ကြားခဲ့ရကျိုး နပ်ပြီလို့ ဆိုရမှာဖြစ်ပြီး လက်တွေ့အသုံးချပညာ တတ်မြောက်ခဲ့ပြီးလို့ ဆိုရမှာပဲ ဖြစ်ပါတယ်။

သို့သော် အချို့သော ကိစ္စများသည် မီးကဲ့သို့ ဂဃဏန ရေးသား မှတ်တမ်းပြု ပြဋ္ဌာန်းထားပြီး သင်ရိုးညွှန်းတမ်း တစ်ခုအဖြစ် သင်ကြား ပြသ လက်ဆင့်ကမ်း ပေးရုံမျှနဲ့ သင်ယူသူမှာ လက်တွေ့ဘဝတွင် ကိုယ်တိုင် လိုက်နာကျင့်သုံး နိုင်တာတွေ ရှိသလို စာနဲ့ သင်ကြားပြသ လက်ဆင့်ကမ်းပေးမယ့် လက်တွေ့ဘဝမှာ ကိုယ်တိုင် အသုံးမချနိုင်တဲ့ ပညာရပ်တွေလည်း များစွာ ရှိနေကြတာပဲ ဖြစ်ပါတယ်။ ဥပမာဆိုရလျှင် ကလေးတစ်ဦးကို လမ်းလျှောက်တတ်ဖို့ စာနဲ့ ပေနဲ့ ဘာသာစကားနဲ့ သင်ကြား ပြသပေးရုံမျှနှင့်တော့ မလုံလောက်နိုင်သလို စာပေ စကား ဖတ်ရှု နားထောင်ပြီး လမ်းလျှောက် တတ်သွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ယင်းသို့ပင် ပြေးတာ၊ စက်ဘီးနင်းတာ၊ ကားမောင်းတာ၊ စွန့်လွှတ်တာ၊ အားကစားနည်း များစွာ သင်ယူတာ၊ အထူးဆိုရလျှင် ကိုယ်ခန္ဓာကို အသုံးပြုရတဲ့ ပညာရပ်တွေနဲ့ ဦးနှောက် အတွေးအခေါ်၊ အယူအဆတို့ကို အသုံးပြု ဖြေရှင်းရတဲ့ အရာတွေကို စာပေနဲ့ ဘာသာစကားနဲ့ သင်ကြားရုံနဲ့ မလုံလောက်တဲ့အတွက် လက်တွေ့ သင်ကြားကြရမှာပဲဖြစ်ပါတယ်။ စာထဲကအတိုင်း သိနားလည်ထားရုံမျှနဲ့ ပြင်ပလက်တွေ့ ဘဝမှာ အသုံးချနိုင်ဖို့ မလွယ်ကူပါဘူး။ ယင်း ကိစ္စများဟာ ကိုယ်ခန္ဓာကို ချိန်သားကိုက် ထိန်းချုပ်ညှိနှိုင်း ကိုင်တွယ်နိုင်မှုနဲ့အတူ အလိုအလျောက် တုံ့ပြန် ပြန်ကြားရေး စနစ်များနဲ့ အပြန်အလှန် ဆက်သွယ် ဆောင် ရွက်နေတဲ့ ဦးနှောက်နဲ့ ကိုယ်ခန္ဓာကြားက ချိန်သားကိုက် သဟဇာတ ဖြစ်မှု၊ ပြင်ဆင် ဆောင်ရွက်နိုင်မှု၊ ပြုလွယ် ပြင်လွယ် ပြောင်းလွယ်နိုင်မှု၊ ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ရခြင်းတွေကြောင့် လက်တွေ့မဆောင်ရွက်တဲ့ မတတ်မြောက်နိုင်တဲ့ ပညာတွေများစွာထဲက အနည်းငယ်မျှသာ ဖြစ်ပါတယ်။ ဒီနေရာမှာ စက်ဘီးအမြင့်က ဘယ်လောက်၊ အလျားကဘယ်လောက်၊ ဘီးနှစ်လုံး၊ စမုတ်တိုင် ဘယ်နှချောင်း၊ ဘီး၏ အချင်းက ဘယ်လောက်၊ ချိန်းကြိုးက ဘယ်နှဆစ်၊ စက်သွားစိတ်က ဘယ်နှစိတ်တို့ကြောင့် ခြေနင်းနှစ်ဘက်တွင် ဘယ်ခြေနင်းကို ပထမဦးစွာ စတင်နင်းရမည် ဖြစ်ပြီး မြေပြင်ပေါ်တွင် ကိုးဆယ်ဒီဂရီ ထောင်မတ်ပြီး ရွေ့လျားနိုင်အောင် ခန္ဓာကိုယ်ကို မည်ကဲ့သို့ ကိုယ်နေဟန် အနေအထားဖြင့် တက်ရောက်ပြီး တစ်ဖာလုံလျှင် ခြေနင်းကို ဘယ်နှပတ်လည်အောင် နင်းရမည် စသည်ဖြင့် စာပေနဲ့ စကားနှင့် သင်ကြားနေလျှင် တတ်မြောက်မည် မဟုတ်သလို ပြဿနာကလေးကို ပြဿနာကြီးဖြစ်အောင် ဖန်တီးခြင်းမျိုးသာဖြစ် သွားပါလိမ့်မည်။ ထို့ကြောင့် စက်ဘီးပေါ် တင်ပြီး လက်တွေ့ နင်းခိုင်းလိုက်ခြင်းဖြင့် အချိန်ကုန်သက်သာပြီး ရက်ပိုင်းအတွင်းမှာပင် သင်ယူတတ်မြောက် သွားနိုင်ပေလိမ့်မည်။ ထို့အပြင် လူတစ်ဦးနှင့်တစ် ဦးကြားတွင် မည်သည့် ပြဿနာများ ဖြစ်တတ်ကြောင်း ယင်း ပြဿနာဖြစ်လျှင် မည်ကဲ့သို့ရှင်းပါ စသည်ဖြင့် စာပေနှင့် သင်ကြားနေလျှင် အရာရောက်နိုင်မည် မဟုတ်ပေ။ လူတစ်

စာမျက်နှာ (၂၈) သို့ >>>

" ကောင်လေး(မြန်မာစာ) " ရေးသားသည်။

# အမှတ်တရ ဆရာ့ ကျေးဇူး



ဆရာဟူသည် အကြင်နာလက် မေတ္တာဖက်၍ ထွန်ယက်စိုက်ပျိုးပြီး ပန်းမျိုးတစ်ရာ ဖူးပွင့်အောင် ဦးဆောင်ညွှန်ပြပေးနေသူ ဖြစ်ပါသည်။ မြန်မာတို့၏ လူ့ဘောင်ဘဝတွင် တုနှိုင်းမရ ကျေးဇူးကြီးမားလှသော ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် ဆရာတို့သည် အမွန်မြတ်ဆုံးသော ငါးဖြာဖြစ်ပါသည်။ မြန်မာမှန်လျှင် ဘုရား၏ ဂုဏ်ကျေးဇူး၊ တရားတော်၏ ဂုဏ်ကျေးဇူး၊ သံဃာတော်၏ ဂုဏ်ကျေးဇူး၊ မိဘဂုဏ်ကျေးဇူးနှင့် ဆရာသခင်တို့၏ ဂုဏ်ကျေးဇူးကို အထူးပင် အောက်မေ့လှ၏။ လူ့ဘဝတွက်လက် ဦးဆရာသည် မိနှင့် ဖတို့ ဖြစ်ပါ၏။ ဒုတိယ ဆရာမှာ ကျောင်းတွင် စာပေပညာ သင်ပြပေးသော ဆရာများ ဖြစ်ပါသည်။ ဆရာတို့သည် စေတနာ၊ ဝါသနာ၊ အနစ်နာခံလျက် တပည့်တို့ ပညာရအောင်၊ တတ်သိလိမ္မာအောင် သွန်သင်ပြသ လမ်းညွှန်ပေးကြပါသည်။ လူတိုင်းလူတိုင်း မိမိတို့ ကျောင်းနေဘဝတွင် သင်ဆရာ၊ မြင်ဆရာများ များစွာရှိကြသော်လည်း သင်ဆရာ၊ မြင်ဆရာ များစွာ ရှိကြသည့်အထဲမှာ ၁၀ တန်း ကျောင်းသားဘဝတုန်းက စာပေပညာ သင်ကြားပေးခဲ့သော ဆရာ ဦးထိန်လင်းအကြောင်းကို ဤအမှတ်တရ ဆရာ့ကျေးဇူးဆောင်းပါးတွင် ရေးသားဂုဏ်ပြုပါမည်။

ဆရာသည် အရပ်အနည်းငယ်ရှည်ပြီး ပိန်ပိန်ပါးပါး အဝတ်အစား ဝတ်သည့်အခါ သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်တတ်ပါသည်။ အသက် ၄၀ ကျော်နေပြီ ဖြစ်သော်လည်း လူငယ်လူရွယ်ကို သွက်လက်ဖျတ်လတ်ဆဲ ဖြစ်ပါသည်။ ရိုးဖြောင့်တည်ကြည်သည်။ အလုပ်နှင့် ပတ်သက်လာလျှင်လည်း ပြတ်သားသည်။ နာယကဂုဏ်ခြောက်ပါးနှင့် ညီညွတ်သည်။ အပြစ်မြင်သည့်အခါတွင်လည်း ဝမ်းတွင် မသိုဟုတ်တိုင်းဆိုတတ်သည်။ မသိသည် မတတ်သည်ကိုလည်း သင်ပြပေးသည်။ ယနေ့ထိ ဆရာ့ဆုံးမစကား၊ ပြောစကားတို့ကို နားဝယ်ကြားယောင်နေဆဲ ဖြစ်ပါသည်။ အများအကျိုးအတွက် ဆောင်ရွက်ရသော ပရဟိတလုပ်ငန်းများကိုလည်း စိတ်ဝင်စားသူ၊ လူမျိုးရေး နိုင်ငံရေး အလွန်တက်ကြွစွာ ပါဝင်လှုပ်ရှားသူ တစ်ယောက်လည်း ဖြစ်ပါသည်။ မှတ်မှတ်ရရ ကျွန်တော် ဆယ်တန်းကျောင်းသားဘဝတွင် ပထမဦးဆုံး ဆရာနှင့် ဆုံတွေ့ခဲ့ရသည်။ ဆရာသည် ယခင်က အစိုးရကျောင်းတွင် မြေဖြူကိုင်သည့် ကျောင်းဆရာ လုပ်ခဲ့ပြီး တာဝန်ကျသည့် အရပ်ဒေသတွင် ကျောင်းသား/သူ လူငယ်လူရွယ်များ လမ်းမှန်နေရာမှန် ရောက်အောင်လည်း လမ်းညွှန်သွန်သင်ဆုံးမပေးခဲ့ပါသည်။ ဆရာသည် အခြေအနေ တစ်စုံတစ်ရာကြောင့် အစိုးရကျောင်းဆရာ ဘဝမှ အနားယူကာ ဘော်ဒါဆောင်ဖွင့်ပြီး အဆောင်ဆရာအဖြစ် လုပ်ကိုင်ခဲ့ပါသည်။ ဆရာသည် ကျောင်းဆရာဘဝမှ အနားယူပြီး အခက်အခဲများစွာကို ကျော်ဖြတ်ကာ ရိုးသားစွာ ကြိုးစားခဲ့သောကြောင့် အောင်မြင်မှုအသီးအပွင့်များကို တဖြည်းဖြည်း ခံစားလာရသည်။ ဆရာ၏အဆောင်သည် ကျွန်တော်တို့ ရပ်ကွက်ထဲတွင် တည်ရှိပါသည်။ ဆရာ၏ အဆောင်နာမည်သည် ရွှေပန်းတိုင် ဘော်ဒါဆောင်ဖြစ်သည်။ ဆရာသည် စာအသင်အပြကောင်းသောကြောင့် ယနေ့တွင် ရွှေပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း နာမည်နှင့်အတူ အနာဂတ်မှာ ဦးဆောင်မည့် သားကောင်းသမီးကောင်း ရတနာများကို ဆက်လက် မွေးထုတ်ပေးလျက် ရှိပါသည်။ ကျွန်တော် ၉ တန်း ဖြေဆိုပြီး အောင်စာရင်း ထွက်ပြီးအချိန်တွင်ကျွန်တော်၏ အစ်မမှ ဘော်ဒါဆောင်မှာနေရန် အဆင်မပြေမှု များကြောင့် ဆရာ၏ အဆောင်တွင် ၁၀ တန်း ကျူရှင်တက်ရန် ကျောင်းအပ်ပေးခဲ့သည်။ ကျွန်တော် အဆောင်နားသို့ ကျူရှင်သွားအပ်သောနေ့တွင် ဆရာက "ဒီမယ် ကောင်လေးရေ ငါက အပြင်ရော အတွင်းရော သင်ပေးတယ်ကွ"လို့ ကျွန်တော်တို့ ရပ်ကွက်မှလူများသည် ကျွန်တော်၏ နာမည်အရင်းကို မခေါ်ဘဲ ကောင်လေးဟု ခေါ်ကြသည်။ ကျွန်တော်လည်း နားမလည်သောကြောင့် "ဆရာ ဘာကိုဆိုလိုတာလဲဗျ"ဟု ပြန်မေးလိုက်ပါသည်။ ဆရာက "ဒီလိုကွ အပြင်ဆိုတာက မင်းတို့ ၁၀ တန်းအောင်လို့ အပြင်လောကကြီးထဲ သွားတဲ့အခါမှာ ဘာတွေ လိုအပ်လဲ၊ ဘာတွေ ပြင်ဆင်ရမလဲပေါ့။ အတွင်း ဆိုတာက မင်းတို့ရဲ့ ကိုယ်တွင်းက အတွင်းစိတ်ကို ပြုပြင်သင်ပြပေးတာကို ဆိုလိုတာ"ဟု ကျွန်တော့်အား ပြန်လည်ရှင်းပြပေးခဲ့ပါသည်။ ဆရာသည် စာသင်သည့်အခါ ဟာသတွေ ရောနှောကာ အသင်အပြကောင်းသော ဆရာကောင်း တစ်ယောက် ဖြစ်သည်။ သူ့နေရာနှင့်သူ ဒေါနှင့်မာန်နှင့် အမျိုးမျိုး ပြောင်းလဲ ပြောဆိုတတ်ပါသည်။ တစ်ခါတရံ ဆရာ၏ တက္ကသိုလ် ကျောင်းသားဘဝအကြောင်း ကျွန်တော်တို့ကို ပြောပြသောအခါ တက္ကသိုလ် တက်ချင်သည့် စိတ်များ တဖွားဖွား ပေါ်ပေါက်လာကြသည်။ ထို စိတ်များကြောင့်လည်း ၁၀ တန်း အောင်ရမည်ဟု မိမိကိုယ်ကို ကြုံးဝါးပြီး ၁၀ တန်း ကျောင်းသား/သူများကို Guide လုပ်ပေးရင်း ဆရာ့အား ကူညီခဲ့ပါသည်။ ကျွန်တော် ၁၀ တန်းအောင်စ လေတိုက်တိုင်း လေနှင်ရာ လွင့်တတ်သော သစ်ရွက်ကလေးကဲ့သို့ လူငယ်ဘဝလမ်းမှားတတ်သော အရွယ်လည်း ဖြစ်ပါသည်။ ထိုသို့ လူငယ်အရွယ်တွင် ဆရာ့ဆီကို ကျွန်တော် ရောက်ရှိခဲ့ခြင်းသည် ကျွန်တော့်အတွက် တန်ဖိုးမဖြတ်နိုင်သော အမှတ်တရတွေ အလေ့အကျင့်ကောင်းတွေ ရရှိခဲ့ပါသည်။

ပထမဦးဆုံး အလေ့အကျင့်ကောင်း တစ်ခုရှိခဲ့ပုံမှာ ဆရာသည် စာ အသင်အပြ အလွန်ကောင်းသော ဆရာကောင်း တစ်ယောက်ဖြစ်ရခြင်းမှာ စာဖတ် အင်မတန် ဝါသနာပါသောကြောင့် ဖြစ်သည်။ ဆရာနှင့်အတူ နီးနီးကပ်ကပ် ထိတွေ့ခဲ့ရသော ကျွန်တော်လည်း စာဖတ် ဝါသနာပါသည့် အလေ့အကျင့်ကောင်း တစ်ခုရရှိခဲ့ပါသည်။ စာဖတ်ဝါသနာပါအောင် ဆရာပြောခဲ့ပုံက `ကောင်လေး မင်း စာဖတ်ကွ၊ စာဖတ်မှ သူများ မသိတာ သိမယ်။ သူများထက် ခေါင်းတစ်လုံး ပိုသာတယ်`လို့ ကျွန်တော့်အား ပြောခဲ့ပါသည်။ ဆရာ့အခန်းထဲက စာအုပ်စင် ဗီဒိုထဲရှိ စာအုပ်တွေယူပြီး ကျွန်တော့်အား စာဖတ်သည့် အလေ့အကျင့်ရအောင် စာဖတ်စေသည်။ အဆောင်တွင် ၁၀ တန်း Guide လုပ်ရသောကြောင့် ကျောင်းသား/သူများ မသိနားမလည်သည့် သင်ခန်းစာတွေကို ရှင်းပြလိုက်၊ အားလပ်ချိန်တွင် ဆရာပေးထားသည့် စာအုပ်စာပေများ ဖတ်လိုက် စသည်ဖြင့် အလေ့အကျင့်ကောင်းတွေ ရရှိခဲ့ပါသည်။ ၁၀ တန်းအောင်စ တက်သစ်စ လူငယ်တွေ ကွမ်းယာဆိုင်မှာ၊ လက်ဘက်ရည်ဆိုင်မှာ၊ လမ်းမပေါ်မှာ အလဟဿ အချိန်တွေ ကုန်နေမည့်အစား ဆရာက စာအုပ်စာပေတွေနှင့် ထိတွေ့ပေးခဲ့သောကြောင့် စာဖတ်ဝါသနာပါခဲ့ပါသည်။ အဆောင်မှာ လကုန်မုန့်ဖိုးပေးသော ပိုက်ဆံများကို ကျွန်တော်သည် အလဟဿမဖြုန်းတီးဘဲ မြို့ထဲ၌ရှိသော စာအုပ်စာပေဆိုင်မှ စာအုပ်များ ဝယ်ယူခဲ့ပါသည်။ ပထမဦးစွာ ဆရာဦးဘုန်း (ဓာတု) စာအုပ်များ၊ ဆရာဦးအောင်သင်း စာအုပ်များကို စတင်ဖတ်ရှုခဲ့ပါသည်။ ဆရာ အစပြု ပျိုးထောင်ပေးခဲ့သော စာဖတ်သည့် အလေ့အကျင့်များကြောင့် ယခုချိန်တွင် ထိုက်တန်သည့် နေရာကောင်း တစ်ခုကို ရရှိခဲ့ပါပြီ။ ကျွန်တော်သည် ဆရာကောင်း တစ်ယောက်နှင့် မတွေ့ဘဲ လူမိုက်တစ်ယောက်နှင့် တွေ့ဆုံခဲ့ပါက ယခုချိန်တွင် လမ်းပေါ်ကလူ၊ လမ်းမှားလျှောက်လှမ်းပြီး ရည်ရွယ်ချက်၊ မျှော်လင့်ချက်မဲ့သော လူငယ်ဘဝကို ပိုင်ဆိုင်ရလိမ့်မည် ဖြစ်သည်။

ဒုတိယ အလေ့အကျင့်ကောင်း တစ်ခုက အများအကျိုးအတွက် ဆောင်ရွက်ရသည့် ပရဟိတစိတ် ရှင်သန်လာအောင် ပြုစုပျိုးထောင်ပေးခြင်း ဖြစ်ပါသည်။ ဆရာက "ကောင်လေးရေ ငါတို့အဆောင်က ကျောင်းသား/သူ တွေနဲ့ ပုန်းတလုတ်ကန်နားအပတ်စဉ် အမှိုက်ကောက်ရ အောင်ကွာ" ဟု ဆိုပြီး ကျွန်တော့်အား ပြောခဲ့ပါသည်။ ထို့ကြောင့် ဆရာက "ညောင်ညိုရိပ်ချစ်သူ" အမည်ဖြင့် အဆောင်မှာရှိသည့် ကျောင်းသား/သူ များနှင့်အတူ အပတ်စဉ် စုပေါင်းအမှိုက်ကောက်သည့် အလေ့အကျင့်ကောင်းတွေ ကျွန်တော်အပါအဝင် ကျောင်းသား/သူ များလည်း ရရှိခဲ့ကြပါသည်။ ယနေ့အချိန်ထိ ဆရာသည် သူ၏ ကျောင်းသား/သူ များနှင့်အတူ အပတ်စဉ် စုပေါင်းအမှိုက်ကောက်နေကြသည်ကို တွေ့ရှိနေရပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း တာဝန်ကျရာ ဒေသများတွင် ကျေးရွာလူထုနှင့် စုပေါင်းအမှိုက်ကောက်သည့် အလေ့အကျင့် ကောင်းတွေကို ဆက်လက်ပြီး ပြန်လည် လက်ဆင့်ကမ်းခဲ့ပါသည်။

ကျွန်တော်သည် ဆရာ့ကို ကြည့်ပြီး အားကျအတုယူစရာကောင်းသည့် အလေ့အကျင့်ကောင်း တစ်ခုလည်း ရှိပါသေး

စာမျက်နှာ (၂၀) သို့ ➤ ➤ ➤

**ပထမဦးဆုံး အလေ့အကျင့်ကောင်း တစ်ခုရှိခဲ့ပုံမှာ ဆရာသည် စာ အသင်အပြ အလွန်ကောင်းသော ဆရာကောင်း တစ်ယောက် ဖြစ်ရခြင်းမှာ စာဖတ် အင်မတန် ဝါသနာပါသောကြောင့် ဖြစ်သည်။ ဆရာနှင့်အတူ နီးနီးကပ်ကပ် ထိတွေ့ခဲ့ရသော ကျွန်တော်လည်း စာဖတ် ဝါသနာပါသည့် အလေ့အကျင့်ကောင်း တစ်ခု ရရှိခဲ့ပါသည်။ စာဖတ် ဝါသနာပါအောင် ဆရာပြောခဲ့ပုံက " ကောင်လေး မင်း စာဖတ်ကွ၊ စာဖတ်မှ သူများ မသိတာ သိမယ်။ သူများထက် ခေါင်း တစ်လုံး ပိုသာတယ်"လို့ ကျွန်တော့်အား ပြောခဲ့ပါသည်။**

## ➢ စာမျက်နှာ(၁၅)တိုင်းရင်းဆေးတွေမှ အဆက်

မင်း မဲလိတ်တူ ဘာဖြေဆေးကိုမှ မတည့်ခြင်း ဖြစ်၏။ သာမန်အင်ပျဉ်ထ၊ ချောင်းဆိုးနှာစေးတို့၌ သုံးနိုင်သော အိမ်သုံးဆေးတစ်မျိုး ဖြစ်ပါ၏။ ဖြေဆေးကိုပင် သူနှင့် မသင့်ခြင်း allergy ဖြစ်ပြီဆိုသောအခါ သူ့ခမျာမှာ တော်ရုံရောဂါအတွက် ဘာဆေးကိုမှ မစားရဲတော့ပါ။ မြန်မာတိုင်းရင်းဆေးတော့ သူတည့်တတ်ပါ၏။ နောက် ပင်စင်စား အလယ်တန်းပြ ဆရာမတစ်ဦး ဆေးမတည့်ခြင်းကြောင့် သေလုမြောပါး ဖြစ်၊ ဆေးရုံတင်၊ အတော်ကြီးကြိုးစားကုသလိုက်ကြရသည်။ အရေပြားပေါ်၌ယားကွက်တွေအပြင် အူလမ်းကြောင်းပါ ရောင်ခြင်း၊ ဝမ်းလျှောခြင်း၊ မူးပြီးမေ့သွားခြင်းအထိ ဖြစ်ရှာ၏။ သာမန်ချောင်းဆိုး ဖျားနာခြင်းမှ အသည်းအသန် အခြေဆိုက်တော့၏။ ပေါ့စေလိုလို့ ဆေးကြောင်ထိုး၊ ဆေးကြောင့် ပိုဆိုး ပိုလေးသွားသည်ကို သတိပြုဖွယ်ပါ။ ရှေးလူကြီးများ ဆေးထိုးကြောက်ခြင်း၌ ဆေးထိုးအပ် အနုတ်အသက်ပါသွား၍ ဖြေဆေးတောင် မတွေ့သွားရရှာသူတို့လည်း ရှိခဲ့ဖူးရာ ကြောက်သူကို အပြစ် မဆိုသာ။ သို့သော် ဖြစ်ခဲလှပါသည်။

ကာကွယ်ဆေး

ပိုလီယို၊ ကြက်ညှာချောင်းဆိုး၊ ဆုံဆို့၊ ကျောက်ကြီး၊ တီဘီ၊ အသည်းရောင် အသားဝါ၊ တုပ်ကွေး၊ ဝက်သက်၊ ကျိုက်သိုး၊ ရေကျောက်၊ နှမ်းကျောက်၊ ပဲသီတာ စသည်ဖြင့် လူတို့အားတိုက်ခိုက်သော ရောဂါပိုးတွေ များလှစွာ၏။ ကလေးဘဝ ရောဂါတစ်မျိုးတစ်ကြိမ် ဖြစ်ပြီးလျှင် ပြန်မဖြစ်ဟု သိရခြင်းမှာ ကိုယ်ခန္ဓာ၏ တုံ့ပြန်တိုက်ခိုက်သော ပဋိပစ္စည်း antibodies များ သဘာဝအတိုင်း ဖြစ်လာလေ့ရှိမြဲကြောင့်ပါ။ ဝက်သက်ထွက်ရာ၌ ကျောက်ကြီးတစ်လုံးနှစ်လုံး ပါခဲ့သော် နှစ်မျိုးလုံး ပီးခဲ့ပြီတဲ့။ ပီးသည်ဆိုခြင်းမှာ ဖြစ်ပြီး၍ နောက်ထပ် ပြန်မဖြစ်တော့ ခံနိုင်ရည်ရှိသွားပြီ အဓိပ္ပါယ်ဖြစ်၏။ မေးခိုင်ကာကွယ်ဆေးနှင့် အသည်းရောင် အသားဝါ ဘီပိုးစီပိုး ကာကွယ်ဆေးများကမူ ၅ နှစ်တန်သည် အာမခံရှိ၏။ အာမခံ ကာလကုန်လျှင် ပြန်ထိုးရန် လိုအပ်၏။ တုပ်ကွေးကဲ့သို့သော ဗိုင်းရပ်စ်ပိုးတွေက သူတို့ကိုယ်၌ Mutation ဆိုသော မျိုးကွဲအသစ် ဖြစ်ထွန်းတတ်၍ ကာကွယ်ဆေးများ ဖော်၍မပြီးနိုင်တော့ပါ။ တုပ်ကွေး ကာကွယ်ဆေး တစ်မျိုးသည် သူ့ပဋိပစ္စည်းနှင့် ဆိုင်သော ပိုးကိုသာ ခုခံနိုင်ရည်ရှိ၏။ မျိုးကွဲများအတွက် အာမခံ မရှိနိုင်ပါ။ ကမ္ဘာ့လောကကြီးထဲ၌ ဗိုင်းရပ်စ်ပိုးသစ်တွေကလည်း တစ်ချိန်ပြီးတစ်ချိန် ပေါ်ထွန်းနေကြ၏။ ကြက်ငှက်တုပ်ကွေး၊ ဝက်တုပ်ကွေး စသည်တို့ကြောင့် ကြက်ငှက် ဝက်များသာ ဒုက္ခရောက် သေကျေကြသည် မဟုတ်ပါ။ သူတို့မှတစ်ဆင့် လူသို့ ကူးစက်ခံရပြန်သည်။ လွန်ခဲ့သော ဆယ်နှစ်ကျော် ကာလဆားစ်( SARS) ရောဂါ၊ မားစ် (Mers) ရောဂါများ တစ်ခေတ်ထခဲ့ပြီးပြီ။ ယခု ဝူဟန်ဗိုင်းရပ်စ်တဲ့။ ဝူဟန်က ဆားစ်တို့ မားစ်တို့နှင့် အုပ်စုတူ၊ မူကွဲ ဗိုင်းရပ်စ်ဟု သိရသော်လည်း ကာကွယ်ဆေး ထုတ်ဖော်ရန် လွယ်မယောင်နှင့် ခက်နေသေး၏။ စမ်းသပ် အောင်မြင်နေပြီဟုလည်း သတင်းတွေ ထွက်လာသည်။

အီဘိုလာရောဂါအတွက် အသုံးပြုအောင်မြင်ခဲ့သော Remdesivir ဆေးကို ဝူဟန်ခေါ် ကိုရိုနာ ခေါ် ကိုဗစ် ၁၉ ယခုကြုံနေရသော ကပ်ဘေးရောဂါ ကုကရေး၌ စမ်းသပ်ပေးကြည့်သောအခါ သက်သာပြန်စေသည်ကို တွေ့ရပါသတဲ့။ ကိုဗစ်ရောဂါ ခံစားနေရသူ ကူးစက်ခံ လူနာကို ပေးခဲ့လျှင် ၁၁ ရက်ဖြင့် သက်သာပြီး မပေးခဲ့က ၁၅ ရက် ကြာလိမ့်မည်။ အဓိပ္ပါယ်မှာ ၄ ရက် စောပြီး ထူးခြားမှု ရှိခြင်းပါ။ တဖန် သေနှုန်းကို ဆန်းစစ်ကြည့်သောအခါ၌လည်း ဆေးပေးလျှင် လူတစ်ရာ ၈ ဦးသာ သေပြီး မပေးခဲ့လျှင် ၁၁ ဦး သေပါသတဲ့။ ၃ ဦး အသေလျော့ခြင်းပါ။ ထို့ကြောင့် သက်သာမြန်ခြင်းနှင့် သေနှုန်းနည်းခြင်းသာရှိ၏။ သိပ်ပြီး ထူးခြားကြီး ထူးခြားသည် မဟုတ်ပါ။ သို့သော် ဘာဆေးမှ မရှိမပေးခြင်းနှင့် နှိုင်းစာလျှင် နည်းသော ထူးခြားချက်ကိုလည်း ကောက်ရိုးတစ်မျှင်ကဲ့သို့ ဖမ်းဆုပ်သင့်သည်သာဖြစ်၏။ U.S ဆေးကုမ္ပဏီနှင့် အိန္ဒိယဆေးကုမ္ပဏီတို့က ကိုဗစ် ၁၉ အတွက် ဆေးထုတ်ဖို့နှင့် ဆေးကို ကမ္ဘာဖြန့်ထုတ်ဝေဖို့သ ဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံအပါ အဝင် နိုင်ငံတစ်ရာကျော်ကို ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်သည်။ ကိုဗစ်ဆေးသည် U.S ၌ စမ်းသပ်ကုသပေးခဲ့ရာ၌ အောင်မြင် သည်ဟုလည်း သိရ၏။ FDA က ထောက်ခံ၍ WHO မှ ထုတ် လုပ်သုံးစွဲဖို့ ခွင့်ပြုချက် ထုတ်ပြန်သည်ဟု နားလည်သိရှိရ၏။ သို့သော် ယခုနှစ်ကုန်လောက်မှ ထွက်နိုင်မည်တဲ့။ ၁၀-၅- ၂၀၂၀ နေ့ BBC မှ သတင်းဖြစ်၏။

သိပ္ပံနည်းကျ ဆေးများမှာ သုတေသနပြုခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်း၊ ဆေးထုတ်ဖော်ရရှိလျှင် ဓာတ်ခွဲခန်း စမ်းသပ်ခံ တိရစ္ဆာန်၊ ကြွက်တို့စသည် ပေးကြည့်၊ လေ့လာကြည့်ပြီးမှ လူနာများကို ဆေးပေးအုပ်စု ဆေးမပေးအုပ်စု ခွဲကာ ထူးခြားမှု နှိုင်းယှဉ်အဖြေထုတ်ခြင်း၊ တကယ်အားကိုးနိုင် အကျိုးရှိနိုင်မှ FDA မှ ထောက်ခံချက်ယူ၊ WHO ၏ ခွင့်ပြုမိန့်ဖြင့် ထုတ်လုပ်ဖြန့်ချိ၏။ ထို အဆင့်များစွာ သေချာအောင်လုပ်သည့်တိုင် အဆင်မသင့်မှုများ ထွက်ပေါ်လာသော် ရပ်ဆိုင်းတားမြစ်ရပါ၏။ ထုတ်လုပ်ရာ၌ သဘာဝမှ များများ မရနိုင်လျှင် ဓာတုဗေဒ သဘော သဘာဝထပ်တူကို ယူ၍ ထုတ်ရခြင်း ရှိ၏။ တိုင်းရင်းဆေးကမူ အမြစ်အခေါက် သီးပွင့်ခက်ရွက် အနှစ်အသားများကို ယူ၍ ဆေးစပ်ရရာ ပိုမို အန္တရာယ် ကင်းရှင်းနိုင်ပါသည်။ ပြီးတော့ အချို့ဆေးတို့မှာ တိုင်းရင်းသားများ ဘေးဘိုးစဉ်ဆက် လက်ဆင့်ကမ်း သုံးစွဲ၍ ထိရောက်အကျိုး ရှိသည်တို့ကို သိပ္ပံနည်းဖြင့် ပြန်လည်ဖော်စပ်ရောင်းချခြင်းလည်း ရှိ၏။ ထို့ကြောင့် တိုင်းရင်းဆေးကို အထင်မသေးသင့်ပါကြောင်း။

#

## ➢ စာမျက်နှာ(၁၆)ကိုဗစ်နှင့် စိတ်ဓါတ်ကျဆင်းမှု အဆက်

စိတ်ပိုင်းဆိုင်ရာ ရှေးဦး သူနာပြုစုခြင်း Psychosocial First Aid (PFA) ဆိုသည်မှာ ကပ်ဘေး ဖြစ်ရပ်ဆိုးများကြောင့် ဒုက္ခ ခံစားနေရသော အကူအညီ လိုအပ်နေသူများကို လူသားဆန်၍ အထောက်အကူ ဖြစ်စေသော ချက်ချင်းတုံ့ ပြန်ကူညီမှုပေး သည့် နည်းလမ်းတစ်ခု ဖြစ်သည်။

လတ်တလော ပြင်းထန်သည့် ဖြစ်ရပ် ဆိုးနှင့် ကပ်ဘေးအ ခြေအနေ ကြုံတွေ့နေရသော စိတ်သောက ရောက်နေသောသူများအတွက် PFA ကို လုပ်ဆောင်ပေး နိုင်ပေသည်။ အရေးပေါ်ဆေးဝါးကုသမှု လိုအပ်သော စိုးရိမ်ထိတ်လန့်ဖွယ်ရာ အသက်အန္တရာယ် ကြုံတွေ့နေရသည့် ထိခိုက် ဒဏ်ရာ ရနေသူများ၊ မိမိကိုယ်ကို ဂရုမစိုက်နိုင်လောက်အောင် စိတ်ညစ် နေသူများ၊ မိမိကိုယ်မိမိ ထိခိုက်နာကျင်အောင် ပြုလုပ်နိုင်သူများ၊ အခြားသူများကို ထိခိုက်နာကျင်အောင် ပြုနိုင်သူများမှာ စိတ်ပိုင်းဆိုင်ရာ ရှေးဦးသူနာပြုစုခြင်းလုပ်ပေးရန် လိုအပ်နေသူများဖြစ်သည်။

စိတ်ပိုင်းဆိုင်ရာ ရှေးဦး သူနာပြုစုခြင်း Psychosocial First Aid (PFA) ပြုလုပ်ပေးမည့်သူများ အနေဖြင့် ဖြစ်စဉ် အခြေအနေကို တည်ငြိမ်စွာ ကြည့်ရန်၊ သေချာစွာ နားထောင်ရန်၊လိုအပ်မည့်သူများ၊ အရာများကို ချိတ်ဆက်ရန် လုပ်ဆောင်ပေးရမည်ဖြစ်သည်။

လိုအပ်ပါက အခြေခံ နှစ်သိမ့်ဆွေးနွေးခြင်း Basic Counselling ကို အရေးပေါ် အခြေအနေတွင် ထိခိုက်ခံစားလွယ်သူများဖြစ်သည့်သူ များကို လုပ်ဆောင်ပေးရမည် ဖြစ်သည်။ နှစ်သိမ့် ဆွေးနွေးခြင်း ဆိုသည်မှာ လူနှစ်ဦး ရည်ရွယ်ချက်ရှိရှိ စကားပြောဆိုခြင်းပင် ဖြစ်သည်။ အထောက်အကူပြု ဆက်ဆံရေးနှင့် ဘေးကင်း လုံခြုံသော ပူးပေါင်း ဆောင်ရွက်မှု တစ်ရပ်ပင် ဖြစ်သည်။

စိတ်ပိုင်းဆိုင်ရာ ကနဦး စောင့်ရှောက်မှု (PFA) ဖြင့် မလုံလောက်သည့် အခါတွင်မူ လေ့ကျင့်ထားသော သီးခြား ပညာရှင်မဟုတ်သည့် ကျွမ်းကျင် ပညာရှင်များ၊ စိတ်ကျန်းမာရေး ဆရာဝန်၊ စိတ်ကုထုံး ပညာရှင်၊ ကုခန်းစိတ်ပညာရှင်၊ နှစ်သိမ့်ဆွေးနွေး စိတ်ပညာရှင်တို့ထံသို့ ရည်ညွှန်း လွှဲပေးရမည် ဖြစ်ပေသည်။

COVID-19 ကပ်ရောဂါ ကာလအတွင်း အများပြည်သူတို့ စိတ်ဆင်းရဲခြင်း ဒုက္ခ၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခ၊ အမျိုးမျိုးသော အခက်အခဲများ ဖြစ်ပေါ်ခဲ့ရသည်။ ဖြစ်ပေါ်နေဆဲ ဖြစ်ပြီးနောက် အလွန်ကာလ တွေ့ကြုံရမည်များမှာ မလွဲမသွေဖြစ်ကြရာ စိတ်ပိုင်းပြဿနာများ၊ စိတ်ကျ ဝေဒနာများကို ဤဆောင်းပါးပါ အချက်အနည်းငယ်က သက်သာစေရန် ဖြည့်ဆည်း ထောက်ပံ့ပေးနိုင်ရေး ကြိုးစားထားပါသည်။

ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအပေါင်း ရောဂန္တရကပ် (ရောဂါ ပိုးမွှားဘေး)၊ ဒုဗ္ဘိက္ခန္တရကပ် (အစာရေစာငတ်မွတ်ခေါင်းပါးခြင်းဘေး)၊ သတ္တန္တရကပ် (လက်နက်များဖြင့် သတ်ဖြတ်မှုဘေး) ဆိုသည့် ကပ်ကြီး(၃)ပါးမှ ထာဝရ ကင်းလွတ်ပါစေကြောင်း ဤဆောင်းပါးဖြင့် ကျေးဇူးပြုပါသည်။

#

## မိမိတို့ ဖြစ်ပေါ်နေသည့် ကိုယ် တိုင် အကဲဖြတ် စိတ်ဖိစီးမှု မေးခွန်းလွှာ

| စဉ် | အကြောင်းအရာ | လုံးဝ မရှိ (၁ မှတ်) | တစ်လ တစ်ကြိမ် (၂ မှတ်) | တစ်ပတ် တစ်ကြိမ် (၃ မှတ်) | အမြဲတမ်း (၄ မှတ်) |
|---|---|---|---|---|---|
| ၁ | မွန်းကြပ်ပြီး ကြောက်ရွံ့နေသည်ဟု ခံစားရသည်။ | | | | |
| ၂ | ကိုယ်ခန္ဓာ နာကျင်ကိုက်ခဲမှုများ ရှိသည်။ | | | | |
| ၃ | စိတ်ရော လူရော အမြဲတမ်း ပင်ပန်းနွမ်းနယ်နေသည်။ | | | | |
| ၄ | အသံ ကြားရုံမျှနှင့်ပင် ကိုလန့် တရုန်မိသည်။ | | | | |
| ၅ | အလုပ်တွင် စိတ်ဝင်စားမှု မရှိတော့ပါ။ | | | | |
| ၆ | စိတ်လိုက် မာန်ပါ လုပ်တတ်ပြီး စွန့်စားတတ်သည်။ | | | | |
| ၇ | စိတ်ပူပန်သောက ရောက်ဖွယ် ကိစ္စရပ်များကို ရင်ထဲမှ မထုတ်နိုင်ပါ။ | | | | |
| ၈ | စိတ်မကောင်းဖြစ်ပြီး ဝမ်းနည်း ငိုချင်သည်။ | | | | |
| ၉ | ယခင်ကလောက် လုပ်ကိုင်နိုင်စွမ်း မရှိပါ။ | | | | |
| ၁၀ | ရှင်းလင်းစွာ စီစဉ် စဉ်းစားမှုတို့တွင် အခက်အခဲ ဖြစ်နေသည်။ | | | | |
| ၁၁ | အိပ်စက်ရာတွင် အခက်အခဲ ရှိသည်။ | | | | |
| ၁၂ | လုပ်နေကျ ပုံမှန် အလုပ်ကိုပင် အားစိုက်လုပ်နေရသည်။ | | | | |
| ၁၃ | ပြင်းပြင်းထန်ထန် ဝေဖန်တတ်သည်။ | | | | |
| ၁၄ | အိပ်မက်ဆိုးများ မက်သည်။ | | | | |
| ၁၅ | စိတ်တိုလွယ်ပြီး သာမာန်အဆင်မပြေမှုလေးများကပင် ကိုယ့်ကို အလွန်အကျွံ အနှောင့်အယှက် ပေးလျက်ရှိသည်။ | | | | |
| ၁၆ | အလုပ်တွင် ယခင်ကထက် ပိုမို အချိန်ပေး အလုပ်လုပ်လျက်ရှိသည်။ | | | | |

VOLUME.6, ISSUE 14 TUESDAY, JUNE 9, 2020
ကမ္ဘာ့ဇတိုင်း

### ➢ စာမျက်နှာ(၁၈) အမှတ်တရ ဆရာကျေးဇူးမှ အဆက်

သည်။ ဆရာသည် စာသင်သည့်အခါ စာအရင်မသင်ဘဲ `စိတ်ထားကောင်းဖို့ ပထမ` ဟူသော ဆောင်ပုဒ်ကို လက်ကိုင်စွဲကာ စိတ်ကို အရင်သင်လေ့ရှိသည်။ ကျွန်တော်တို့ ၁၀ တန်းကျောင်းသားဘဝတုန်းက စာသင်ရသည့်အခါ ပျင်းရိငြီးငွေ့လာပါက ဟာသတွေနှောကာ စာသင်ပေးသည်။ ကျွန်တော် အပါအဝင် အခြားကျောင်းသား/သူ များကလည်း ဆရာက ဟာသတွေ ပြောသောကြောင့် စိတ်ရွှင်လန်းကာ ဆရာစာသင်သည့် အပေါ် ပိုမိုစိတ်ဝင်စားလာကြသည်။ `ခဏသာ ပျော်ရွှင်ချင်ရင် ရည်းစားထား ဘဝတစ်ခုလုံး ပျော်ရွှင်ချင်တယ်ဆိုရင် ပညာတတ်အောင်လုပ်` ဆိုသည့် စကားသည် ဆရာစာသင်သည့်အခါ အမြဲပြောလေ့ရှိသော ဘဝခွန်အားဖြည့် စကားတစ်ခွန်းဖြစ်ပါသည်။ ဆရာဦးထိန်လင်း တပည့် ဖြစ်ရသည်မှာ ဂုဏ်ယူဝင့်ကြွားသလို ဆရာ့ဆုံးမ စကားများသည်လည်း ကျွန်တော့်ဘဝတစ်လျှောက်လုံးအတွက် ခွန်အား တစ်ခုဖြစ်စေပါသည်။

အထူးသဖြင့် ကျွန်တော်မမေ့နိုင်သည့် ဆရာပြောခဲ့သော တန်ဖိုးကြီး စကား ၃ ခွန်းကို စာဖတ်သူများအား ပြန်လည်မျှဝေလိုက်ပါသည်။ ထိုစကားကြီး ၃ ခွန်းမှာ ပထမ စကားကြီး တစ်ခွန်းက နွယ်ပင် မဖြစ်စေနဲ့ ဖြစ်ပါသည်။ ဆိုလိုသည်ကား `သူများကို အားကိုးတယ်ဆိုတာ ခဏပဲကောင်းတယ်။ အမြဲတမ်း မှီဖို့မကြိုးစားနဲ့။ မှီလွန်းအားကြီးရင် နွယ်ပင်ဖြစ်သွားတယ်။ နွယ်ပင်ဆိုတာ အမှီမရှိရင် အပေါ်မတက်နိုင်ဘူး။ အမှီရှိလို့ အပေါ်ရောက်ခဲ့ရင်လည်း အမှီလဲတာနဲ့ ပြုတ်ကျမှာပဲ။ ဒါကြောင့် ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်အိမ် ကိုယ်ဆောက်တာ အကောင်းဆုံးပဲဖြစ်ပါသည်။` ဒုတိယ စကားတစ်ခွန်းမှာ ထမင်းပူကို မစား နဲ့ ဖြစ်သည်။ ဆိုလိုသည်က `သူများကို ဒုက္ခပေးပြီးမှ ကိုယ်နေ ရာရအောင် ယူရင် အဲ့ဒါ ထမင်းပူစားတာနှင့် တူတယ်။ ဒါ့ကြောင့် မတရားတဲ့ အလုပ်တွေ နည်းနည်းမှ မလုပ်ကြနဲ့။ အကယ်၍ လုပ်ခဲ့ရင် လျှာပူလောင်မှာပဲ `ဖြစ်သည်။ တတိယ စကားတစ်ခွန်းမှာ ရောက်ရာဒေသ ခြေရာချခဲ့ပါသည် ဖြစ်သည်။ ဆိုလိုသည်ကား `ဖြစ်တည်မှုနောက်မှာ ပျောက်ကွယ်မှု လာမှာပဲ။ ဒီတော့ ကိုယ်လည်း တစ်နေ့ လောကကြီးကနေ ထွက်ခွာရဦးမယ်ဆိုတာကို ဘယ်တော့မှ မမေ့ကြနဲ့။ ကိုယ်မပျောက်ကွယ်ခင် အချိန်လေးမှာ ကောင်းမှုလေး တစ်ခုခုတော့ လုပ်သင့်ပါတယ်။ ကောင်းမှု လုပ်ခြင်းသည် ကိုယ့်နေရာ ကိုယ့်ဒေသကို ခြေရာချခြင်းပဲ` ဖြစ်ပါသည်။



ဆရာနှင့်အတူ သစ်ပင်တွေ တူတူစိုက်၊ ပရဟိတ လုပ်ငန်းတွေ တူတူလုပ် လူမျိုးရေး၊ နိုင်ငံရေးတွေ အတူတူလုပ် စသည်ဖြင့် ကျွန်တော့်ဘဝအတွက် အမှတ်တရတွေ ဆရာ့ကျေးဇူးတွေကား များပြားလှပါသည်။ ဆရာနှင့် အတူ စိုက်ခဲ့သည့် ပင်းတယမြို့ရှိ ပုန်းတလုတ်ရေကန် တောင်ဘက်က ခါတော်မှီ သစ်ပင်တွေလည်း ကြီးပြင်းလာသလို ကန်ဘေးက ညောင်ညိုပင်ကြီးတွေလည်း ကြီးပြင်းလာကြပါသည်။ ၂၀၁၉ ခုနှစ် ဆရာမင်္ဂလာဆောင်ပွဲတုန်းက လူတန်းစားမရွေး အသက်အရွယ်မရွေး မင်္ဂလာပွဲသို့ လာရောက်သည့်သူတွေ အကုန်လုံးကို ထူးခြားသည့် မင်္ဂလာလက်ဆောင်အဖြစ် ကိုယ့်စိတ်ကြိုက် ရွေးချယ်ယူနိုင်သည့် ချယ်ရီ၊ ထင်းရှူး၊ ဝက်သစ်ချ၊ စိန်ပန်း၊ ခရေစသည့် အပင်များကို ပြန်ပေးခဲ့ပါသည်။ ထို့ကြောင့်လည်း "ထူးခြားသည့် မင်္ဂလာဆောင်" ဟု လူတွေ ပါးစပ်ဖျားမှာ ပြောစမှတ်တွင် ကျန်ရစ်ခဲ့ပါသည်။ ကျွန်တော်သည် ဆရာနှင့်အတူ ၄ နှစ်တာကာလ လက်တွဲပြီး အစိုးရဝန်ထမ်းဖြစ်သော ကျန်းမာရေးဝန်ထမ်းအဖြစ် စတင်အမှုထမ်း ဆောင်ရွက်ခဲ့ပါသည်။ ကျွန်တော်သည် ကျေးလက်ကျန်းမာရေး ဌာနများတွင် တာဝန်ထမ်းဆောင်ရပြီး အသိပညာ ဗဟုသုတ အားနည်းသော ကျေးလက်နေ ပြည်သူများအတွက် ဆရာ့ကျေးဇူးကြောင့် စာကြည့်တိုက်တွေဆောက်၊ စာအုပ်တွေ အလှူခံပြီး အသိပညာတွေ ပြန်လည်မျှဝေပေးနိုင်ခဲ့ပါသည်။ ဆရာနှင့်အတူ နေရာစုံသစ်ပင်တွေ စိုက်ရင်း ဆရာပြောခဲ့သည့်စကား ကား `လူတွေအားလုံးကို တစ်သက်လုံး ပျော်စေချင်တယ်ဆိုရင် သစ်ပင်စိုက်ကွ` လို့ ပြောခဲ့သည်ကိုလည်း အမြဲ အမှတ်ရနေမိပါသည်။

နိဂုံးချုပ် ဆိုရသော် မိမိငယ်စဉ် ကျောင်းနေဘဝမှ စ၍ လုပ်ငန်းခွင် ဝင်သည်အထိ တွေ့ကြုံလာရသည့် ဆရာများ၏ ကျေးဇူးတရားများကို တရေးရေး မြင်ယောင်နေမိပါသည်။ ဆရာများ၏ ကျေးဇူးများမှာ မြင့်မိုရ်တောင်မက ကြီးမားလှပါသည်။ ထို့အတူ ဆရာဦးထိန်လင်း၏ ကျေးဇူးတရားများသည် ကျွန်တော်နှင့်အတူ ဆရာ၏ တပည့်ပေါင်း များစွာလည်း ဆပ်၍ကုန်မည် မဟုတ်ပါ။ သို့ဖြစ်ရာ မိမိတို့၏ ဘဝတိုးတက်အောင်မြင်အောင် သင်ကြားပြသ ပေးပါသော အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဆရာများ၏ ဂုဏ်ကျေးဇူးကို အမြဲအောက်မေ့ သတိရနေရန် လိုအပ်ကြောင်း အုတ်တစ်ချပ် သဲတစ်ပွင့် အနေဖြင့် ရေးသားလိုက်ရပါသည်။

### ➢ စာမျက်နှာ(၁၇) ပညာရေးအတွက် ပညာပေးမှ အဆက်

ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊ တစ်ဘက်နှင့် တစ်ဘက်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံကြားတွင် နေ့စဉ်ဖြစ်ပွားမည့် ပြဿနာများမှာ တူညီနိုင်မည် မဟုတ်ဘဲ အမြဲတမ်းကွဲလွဲ နေမည်သာဖြစ်သောကြောင့်ပင် ဖြစ်သည်။ ယင်းသို့သော ပြဿနာများကိုရင်ဆိုင်ဖြေ ရှင်းနိုင်ရန်မှာစာပေများများ၊ သူတစ်ပါးတို့၏ ပြဿနာများများ၊ အသိပညာများများ၊ အကြား၊ အမြင်၊ ဗဟုသုတများများ၊ အတွေးအခေါ် အယူအဆများများတို့နှင့် တိုက်ဆိုင် စစ်ဆေးခြင်း၊ ချိန်ဆညှိနှိုင်းခြင်း၊ တူသည့် ကိစ္စများကို စုစည်း ထုတ်ယူနိုင်ခြင်း၊ လက်တွေ့ ပြောဆို ပြုလုပ်ဖြေရှင်းခြင်း တို့ဖြင့်သာ ပြဿနာကပင် ပညာများ သင်ပေးပြီး၊ ပြဿနာကပင် အဖြေရှာနည်းနှင့် အဖြေမှန်များကို ထုတ်နုတ်ပေးနိုင်မည် ဖြစ်သောကြောင့် စာပေများဖြင့် ဘာသာစကားများဖြင့် သင်ရိုးညွှန်းတမ်းပြဋ္ဌာန်းပြီး သင်ကြားစေကာ ပုံသေနည်းထုတ်၊ အလွတ်ကျက်၊ ပြန်ဖြေနည်းများဖြင့် သင်ကြားပေးနိုင်မည် မဟုတ်ပေ။

ယင်းသို့ပင် ပညာသင်ယူသူများ အရွယ်ရောက် ကြီးပြင်းလာလျှင် နေ့စဉ်ဘဝတို့တွင် ကြုံတွေ့ရင်ဆိုင် ဖြေရှင်းကြရမည့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေး၊ အိမ်ထောင်ရေး စသည်တို့တွင် ဖြစ်လေ့ဖြစ်ထရှိသည့် ကိစ္စကြီးငယ်များ ပြဿနာများကို သင်ရိုးညွှန်းတမ်းများဖြင့် အတည်အတန့် ပြဋ္ဌာန်းရေးဆွဲထားသော သင်ကြားနည်း စနစ်များက အပြည့်အဝ မထောက်ပံ့ မဖြေရှင်းပေးနိုင်ကြောင်းကို အရွယ်ရောက် ဖွံ့ဖြိုးပြီးသည့် ပုဂ္ဂိုလ်များက ဆင်ခြင်တွေးဆသိမြင် ပြုပြင်ကာ လိုအပ်သည့် သင်ကြားရေး နည်းစနစ်များကို ရှာဖွေ ဖြည့်စွက် သင်ကြားပေးနိုင်ကြဖို့ အထူး အရေးကြီးမည်သာ ဖြစ်ပေသည်။

အချို့သော ပညာရပ်များသည် စာပေနှင့် သင်ရိုးညွှန်းတမ်းနှင့် သင်ကြားပြီး ဖော်မြူလာ ထုတ်၊ ပုံသေနည်း ထုတ်၊ မှတ်စုထုတ်ပြီး လေ့နံ့ဓားထစ် သင်ကြား၍၊ ကျက်မှတ်ခိုင်း၍၊ စာမေးပွဲများဖြင့် ပြန်လည်စစ်ဆေးနေ၍ မရနိုင်သော ပညာရပ်များ များပြားစွာ ရှိနေပါကြောင်းကို ပညာရေး စနစ်ကောင်းများ ဖန်တီးပုံဖော် ထုဆစ်သင်ကြား ပေးကြမည့် ပုဂ္ဂိုလ်များ အထူး သတိထား သင်ကြားပေးကြရန် လိုအပ်ပါကြောင်း အသိပေး တင်ပြအပ်ပါသည်။



# ကုန်စည်ဈေးနှုန်း

| | | | |
|---|---|---|---|
| **ဆန်ဈေး** | | | |
| ၁။ | ရွှေဘိုပေါ်ဆန်းမွှေး(သစ်) | တစ်ပြည် | ၂၅၀၀ |
| ၂။ | ဖျာပုံပေါ်ဆန်း(သစ်) | တစ်ပြည် | ၂၂၀၀ |
| ၃။ | ဒေသဆန်(ရှမ်း)(သစ်) | တစ်ပြည် | ၂၅၀၀ |
| ၄။ | ငချိပ် | တစ်ပြည် | ၃၀၀၀ |
| ၅။ | ကောက်ညှင်း | တစ်ပြည် | ၃၀၀၀ |
| **ဆီဈေး** | | | |
| ၁။ | ပဲဆီ(ရှယ်) | တစ်ပိဿာ | ၆၈၀၀-၇၅၀၀ |
| ၂။ | ပဲဆီ(ရိုးရိုး) | တစ်ပိဿာ | ၃၀၀၀-၃၅၀၀ |
| ၃။ | အမေထွား | တစ်ပိဿာ | ၉၀၀၀ |
| ၄။ | နေကြာဆီ | တစ်ပိဿာ | ၃၅၀၀-၇၀၀၀ |
| **ဆား** | | တစ်ပိဿာ | ၅၀၀-၁၀၀၀ |
| **ငရုတ်သီး (အစိမ်း)** | | | |
| ၁။ | ငရုတ် (အရှည်) | တစ်ပိဿာ | ၁၅၀၀-၂၀၀၀ |
| ၂။ | ငရုတ်(အပု) | တစ်ပိဿာ | ၃၅၀၀-၄၀၀၀ |
| **ကြက်သွန်** | | | |
| ၁။ | ကြက်သွန်ဖြူ (မျိုးခြား) | တစ်ပိဿာ | ၁၀၀၀ |
| ၂။ | ကြက်သွန်ဖြူ မွှာထုး(၄) | တစ်ပိဿာ | ၁၅၀၀ |
| ၃။ | ကြက်သွန်ဖြူ မွှာထုး(၃) | တစ်ပိဿာ | ၁၃၀၀ |
| ၄။ | ကြက်သွန်ဖြူ မွှာထုး(၂) | တစ်ပိဿာ | ၁၂၀၀ |
| ၅။ | ကြက်သွန်ဖြူ မွှာထုး(၁) | တစ်ပိဿာ | ၁၁၀၀ |
| ၆။ | ကြက်သွန်ဖြူ တရုတ် | တစ်ပိဿာ | ၄၅၀၀ |
| ၇။ | ကြက်သွန်နီ(ဥကြီး) | တစ်ပိဿာ | ၁၀၀၀ |
| ၈။ | ကြက်သွန်နီ(ဥသေး) | တစ်ပိဿာ | ၈၀၀ |
| **ပဲအမျိုးမျိုး** | | | |
| ၁။ | ပဲနီလေး | တစ်ပိဿာ | ၂၄၀၀-၃၀၀၀ |
| ၂။ | ကုလားပဲ | တစ်ပိဿာ | ၁၈၀၀-၂၂၀၀ |
| ၃။ | ပဲစင်းငုံ(နီသေး) | တစ်ပိဿာ | - |
| ၄။ | ပဲစင်းငုံ (ဖြူကြီး) | တစ်ပိဿာ | - |
| ၅။ | ပဲစင်းငုံ (နီကြီး) | တစ်ပိဿာ | - |
| ၆။ | ပဲပုတ်စေ့ | တစ်ပိဿာ | - |
| ၇။ | ပန်းနှမ်း | တစ်ပိဿာ | - |
| ၈။ | နှမ်းဖြူ (လှော်ပြီး) | တစ်ပိဿာ | ၅၆၀၀ |
| ၉။ | ပြောင်း | တစ်ပိဿာ | ၅၀၅ |
| **အာလူး (ဒေသ)** | | တစ်ပိဿာ | ၁၀၀၀-၁၂၀၀ |
| ချင်း (ကြီး) | | တစ်ပိဿာ | ၄၈၀၀ |
| ချင်း (သေး) | | တစ်ပိဿာ | ၈၀၀၀ |
| **လက်ဖက်ခြောက်** | | တစ်ပိဿာ | ၈၀၀၀-၁၁၀၀၀ |
| **သားငါးဈေး** | | | |
| ၁။ | ကြက်သား(ဒေသ) | တစ်ပိဿာ | ၁၃၀၀၀ |
| ၂။ | ကြက်သား(စီပီ) | တစ်ပိဿာ | ၈၀၀၀ |
| ၃။ | ဝက်သား | တစ်ပိဿာ | ၁၀၀၀၀ |
| ၄။ | ဆိတ်သား | တစ်ပိဿာ | ၁၈၀၀၀-၂၀၀၀၀ |
| ၅။ | အမဲသား | တစ်ပိဿာ | ၁၆၀၀၀ |
| ၆။ | ငါး (ငါးကြင်း) | တစ်ပိဿာ | ၈၀၀၀-၁၀၀၀၀ |
| **ရွှေဈေး** | | | |
| ၁။ | အခေါက်ရွှေ | တစ်ကျပ်သား | ၁၂၁၅၅၀၀ |
| ၂။ | ဒင်္ဂါးရွှေ(၁၅ ပဲရည်) | တစ်ကျပ်သား | ၁၁၄၄၀၀၀ |
| ၃။ | ဒင်္ဂါးရွှေ(၁၄ ပဲရည်) | တစ်ကျပ်သား | ၁၀၈၀၅၀၀ |
| **စက်သုံးဆီ** | | | |
| ၁။ | ဓာတ်ဆီ (၉၂/၉၅) | တစ်လီတာ | ၅၄၀/၆၉၀ |
| ၂။ | ဒီဇယ် (ရိုးရိုး/ပရီမီယံ) | တစ်လီတာ | ၅၉၀/၆၁၅ |

အထက်ပါ ဈေးနှုန်းများကို ကမ္ဘာ့ဇတိုင်းသတင်းဂျာနယ်မှ တောင်ကြီးမြို့ပေါ်၌ ဇွန်လ ၅ ရက်တွင် ရယူစုဆောင်းထားခြင်း ဖြစ်ပါသည်။

အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲများ ရှိနိုင်ပါသည်။

# တစ်ပတ်တာ ကံကြမ္မာ

■ ဆရာ ယဉ်မင်းအောင်



## တနင်္ဂနွေ

ထူးခြားသော သတင်းစကား ကြားသိရလိမ့်မည်။ အလုပ်အကိုင်များ နှေးကွေးနေမည်။ စိတ်ညစ်နေလိမ့်မည်။ ဝေးနေသူများ ပြန်လည် ဆုံတွေ့မည်။ နေအိမ် ငှားရမ်းခြင်းကိစ္စများ ပါဝင်ကူညီပေးရတတ်ပါသည်။ ပရိဘောဂများ ပြုပြင်ရမည်။ စီးပွားရေး အခက်အခဲ နည်းနည်းရှိနေလိမ့်မည်။ ငွေဝင်ပြီး ငွေကြပ်နေလိမ့်မည်။ စက်ပစ္စည်း ပျက်သဖြင့် အပူတွေ့မည်။ ကုန်သည်များမှာ လုပ်ငန်းနှေးကွေးနေလိမ့်မည်။ ဝန်ထမ်းများ အလုပ်ပိနေလိမ့်မည်။ ပွဲစားများ အပေါင်မှ ပွဲခရလိမ့်မည်။ ငယ်သူများ အချစ်ရေးကိစ္စတွင် ချစ်သူပေးသော လက်ဆောင်ကောင်းကို ရလိမ့်မည်။ ကျန်းမာရေးကိစ္စများတွင် မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း ကြုံပါမည်။ အထူး မဆိုးပါ။ ကံကောင်းစေသော ဂဏန်းမှာ (၂/၄/၉)ဖြစ်သည်။

ယတြာ။ စေတီတွင် ကံ့ကော်ညွန့် လှူပါ။



## တနင်္လာ

ဖုန်းနဲ့ ဆိုင်ကယ်များ ပျောက်ဆုံးတတ်ပါသည်။ သတိထားပါ။ အစားမှားလိမ့်မည်။ ပစ္စည်းအဝယ်မှားခြင်းလည်း ကြုံတတ်ပါသည်။ အလိုရှိသော ပစ္စည်းများ ဝင်လာမည်။ မရောက်ဖူးသော ဒေသ သွားလာရမည်။ အထင်လွဲခံရခြင်း စွပ်စွဲခံရခြင်း ကြုံမည်။ သူတစ်ပါးအတွက် အချိန်ကုန် ငွေကုန် ဖြစ်နေရလိမ့်မည်။ ကုန်သည်များမှာ ဆိုင်အပြောင်းအလဲ၊ ဝန်ထမ်း အပြောင်းအလဲ စသည်တို့ ကြုံမည်။ ဝန်ထမ်းများမှာ အကြီးအကဲ မစ ခံရလိမ့်မည်။ ပွဲစားများမှာ အလုပ် ရပ်တန့်နေလိမ့်မည်။ ငယ်သူများမှာ အချစ်ရေးတွင် ချစ်သူ သစ္စာဖောက်လိမ့်မည်။ ကျန်းမာရေး ကိစ္စများတွင် လေနာမည်။ လေထိုးလေအောင့် ဖြစ်မည်။ ကံ ကောင်းစေသော ဂဏန်းများမှာ (၀/၅/၈)ဖြစ်သည်။

ယတြာ။ သံဃာတော်ကို တဘက် လှူပါ။



## အင်္ဂါ

ကျန်းမာရေးအတွက် သောက အပူများ နေမည်။ အထူးညံ့ မရှိပါ။ စီးပွားရေး အလုပ်အကိုင်ကောင်းတွေ့မည်။ အလုပ်ရှိသူများ အလုပ်ကောင်းလာမည်။ စီးပွားရေး ဝင်ငွေ တိုးတက်လာပြီး စုဆောင်းမိလိမ့်မည်။ လက်ဆောင်ပစ္စည်းများ ရလိမ့်မည်။ စက်ပစ္စည်း ပြုပြင်ရလိမ့်မည်။ ခက်ခဲသော အနေအထားကြုံက လွတ်မည့်ကံရှိသည်။ ကုန်သည်များမှာ ဖောက်သည်ထံ ကျန်ငွေ တောင်းရခက်ခဲနေမည်။ ကြန့်ကြာနေ မည်။ ဝန်ထမ်းများ စိတ်ရှုပ်ထွေးရသော ကာလဖြစ်လိမ့်မည်။ ပွဲစားများမှာ အရောင်းအဝယ် နည်းနည်းဖြစ် လိမ့်မည်။ ငွေ အသင့်တင့် ဝင်လာမည်။ ငယ်သူများမှာ အချစ်ရေးတွင် ချစ်သူနဲ့အတူ စားသောက်ဆိုင် ကောင်း ရောက်မည်။ ကျန်းမာရေး ကိစ္စများတွင် လေနာမည်။ ကံကောင်းစေသော ဂဏန်းများမှာ (၁/၅/၉) ဖြစ်သည်။

ယတြာ။ စေတီတွင် မုန့်လှူပါ။



## ဗုဒ္ဓဟူး

အိမ်ဆောက်ခြင်း၊ အိမ်ပြင်ခြင်း ကြုံမည်။ သတင်းကောင်း ကြားသိရမည်။ သတိပြုရန်မှာ ငွေချေးငှား မိက ဆုံးမည်။ စီးပွားရေး အခွင့်အလမ်းကောင်း ပေါ်လာမည်။ မထင်ထားသော သူက မိမိအပေါ်ကောင်း နေလိမ့်မည်။ ငွေ ပျောက်ဆုံးတတ်ပါသည်။ မရဖူးသော ပစ္စည်းများ ဝင်လာတတ်ပါသည်။ အတွင်းလူ ဒုက္ခပေးလိမ့်မည်။ ကုန်သည်များမှာ ပစ္စည်း အခိုးခံရလိမ့်မည်။ ဝန်ထမ်းများမှာ သင်တန်းပေါ်ခြင်း အသိပညာတိုးခြင်း စသည်တို့ကြုံမည်။ ပွဲစားများ ချေးငွေကိစ္စ အောင်မြင်သဖြင့် ပွဲခရလိမ့်မည်။ ငယ်ရွယ်သူများမှာ ချစ်သူနဲ့ ပြန် အဆင်ပြေမည်။ ချစ်သူ မရှိသေးသူများ ချစ်သူ ရလိမ့်မည်။ ကျန်းမာရေးတွင် သွားနာမည်။ သွားကိုက်ခြင်း ကြုံမည်။ ကံကောင်းစေသော ဂဏန်းမှာ (၃/၅/၇)ဖြစ်သည်။

ယတြာ။ သံဃာတော်ကို ဖိနပ်လှူပါ။



## ကြာသပတေး

စိတ်ရှုပ်ထွေးနေလိမ့်မည်။ အကြံအစည်များ ပျက်လိမ့်မည်။ အိမ်တွင်း အပူများနေလိမ့်မည်။ သူတစ်ပါးကိစ္စ ဝင်ပါရတတ်သည်။ ကြီးသူနှင့် ရှင်းလင်းပြောဆိုရတတ်ပါသည်။ အဝေးမှ ပြန်လာသူလာမည်။ ရွှေကြောင့် စိတ်ညစ်စရာ ပေါ်လိမ့်မည်။ အိမ်ထောင် ရှိသူများ ယာယီခွဲခွာနေထိုင်ရလိမ့်မည်။ စကားများတတ်ပါသည်။ ကုန်သည်များ အရောင်းအဝယ် ဆက်လက် အောင်မြင်နေလိမ့်မည်။ ဝန်ထမ်းများ စိတ်ပျော်ရွှင်ရမည်။ သတင်းကောင်း ကြားရမည်။ ပွဲစားများမှာ အတိုက်အခံ အခက်အခဲ တွေ့လိမ့်မည်။ ငယ်သူများ အချစ်ရေးတွင် ချစ်သူနှင့်အတူ ပွဲတက်ရလိမ့်မည်။ ကျန်းမာရေးတွင် ခါးနာမည်။ နောက်ကျော တက်လိမ့်မည်။ ကံကောင်းစေသော ဂဏန်းမှာ (၂/၆/၇)ဖြစ်သည်။

ယတြာ။ သံဃာတော်ကို ဆေးဝါးလှူပါ။



## သောကြာ

ကားအသစ် လဲလှယ်ရခြင်း၊ ကား အရောင်းအဝယ် ထွက်ခြင်း စသည်တို့ ကြုံလိမ့်မည်။ ခရီးယာယီ သွားလာရမည်။ အိမ်ဆေး သုတ်ရတတ်ပါသည်။ ကြီးသူ ကျန်းမာရေး နည်းနည်းညံ့မည်။ ရေကိစ္စ စိတ်ညစ်ရမည်။ ငွေနည်းနည်း ဝင်မည်။ လှပသော အသုံးအဆောင်ဆန်းများလည်း ဝင်မည်။ စာချုပ် ပြုလုပ်ရတတ်ပါသည်။ အိမ်သို့ သူခိုးကပ်မည်။ ကုန်သည်များ အကြွေးဟောင်း ပြန်လည် ရရှိလိမ့်မည်။ ဝန်ထမ်းများ ကြီးသူ၏ ဆိုဆုံးမခြင်း ခံရလိမ့်မည်။ ပွဲစားများမှာ အရောင်းအဝယ် ရပ်တန့်နေမည်။ ငယ်သူများမှာ အချစ်ရေးကိစ္စတွင် လမ်းခွဲစရာ ပေါ်တတ်ပါသည်။ အထင်လွဲခြင်း ဖြစ်တတ်သည်။ ကျန်းမာရေးကိစ္စများတွင် ဖျားနာမည်။ အကြောတက်ခြင်း ဖြစ်မည်။ ကံကောင်းစေသော ဂဏန်းမှာ (၃/၅/၉)ဖြစ်သည်။

ယတြာ။ စေတီမှာ စံပယ်ပန်း လှူပါ။



## စနေ

ပစ္စည်းပြန်ထွက်လိမ့်မည်။ ငွေ အထွက်များလိမ့်မည်။ အိမ်နီးချင်းကြောင့် စိတ်ရှုပ်ထွေးရလိမ့်မည်။ ခေတ်ပေါ်လှပ ပစ္စည်းဝင်လာမည်။ စီးပွားရေးကြောင့် ခရီးသွားရတတ်သည်။ ငွေ သိန်းများများ ဝင်လာကံရှိသော်လည်း ပြန်ထွက်ပါမည်။ မီးဖိုသုံး ပစ္စည်း အသစ်လဲလှယ်ရမည်။ တံခါးပြုတင်း စသည် ပြင်ရမည်။ အဝတ်အစား စွန့်ရတတ်သည်။ ကုန်သည်များမှာ လျောင်ကုန်မြတ်တတ်ပါသည်။ မိမိလက်ထဲရှိ ပစ္စည်း ဈေးကောင်းရလိမ့်မည်။ ဝန်ထမ်းများမှာ ရာထူးတက်ခြင်း၊ လစာတိုးခြင်း (သို့)အပိုငွေ ဝင်လာခြင်း ကြုံမည်။ ပွဲစားများမှာ ရှုပ်ထွေးနေဆဲကာလ ဖြစ်လိမ့်မည်။ ငယ်သူများ အချစ်ရေးတွင် ကံခေနေလိမ့်မည်။ ကံကောင်း စေသော ဂဏန်းမှာ (၁/၄/၅) ဖြစ်ပါသည်။

ယတြာ။ စေတီမှာ တံခွန် ၁ လက် လှူဒါန်းပါ။

VOLUME.6, ISSUE 14 TUESDAY, JUNE 9, 2020
ကမ္ဘောဇတိုင်း

# COVID-19 ကို တကယ် နိုင်နင်းပြီလား




" ကိုစိုး(ကမ္ဘောဇတိုင်း) " ရေးသားသည်။

၂၀၂၀ ပြည့်နှစ်သည် ကမ္ဘာ့လူသားများအတွက် စိန်ခေါ်မှု အခက်အခဲများနှင့် စတင် ဖွင့်လှစ်ခဲ့သည့် နှစ်တစ်ခု ဟု ဆိုနိုင်ပါသည်။ တရုတ်နိုင်ငံ၊ ဟူဘေး ပြည်နယ်၊ ဝူဟန်မြို့တွင် ၂၀၁၉ နှစ်ကုန်ပိုင်းက စတင် ကူးစက်ပြန့်ပွားခဲ့သော COVID–19 ကပ်ရောဂါသည် ၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာတစ်ဝှမ်းသို့ ပြန့်နှံ့ပြီး သေဆုံးမှု အများအပြား ရှိခဲ့သည်။ ၂၀၂၀ မေလကုန်အထိ ကမ္ဘာတစ်ဝှမ်းတွင် COVID–19 ရောဂါ အတည်ပြုဖြစ်ပွားသူ ၅ ဒသမ ၈ သန်းကျော် ရှိလာနေပြီ ဖြစ်ပြီး သေဆုံးသူ အရေအတွက်မှာလည်း ၃ သိန်းကျော် အထိ ရောက်ရှိလာနေပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင်မူ ဇွန်လ ၅ ရက်၊ ညပိုင်းအထိ COVID-19 ရောဂါ အတည်ပြုဖြစ်ပွားသူ ၂၃၆ ဦးအထိ ရှိလာနေပြီဖြစ်ပြီး ပြန်လည် သက်သာလာသူ ၁၅၁ ဦးနှင့် သေဆုံးသူ ၆ ဦးရှိလာနေပြီ ဖြစ်သည်ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

ယင်း COVID–19 ကပ်ရောဂါနှင့် ပတ်သက်၍ ကမ္ဘာတစ်ဝှမ်းတွင် လူနေထိုင်မှု ပုံစံများလည်း ပြောင်းလဲလာခဲ့ရသည်မှာ အားလုံး အသိပင် ဖြစ်သည်။ မကြာခဏ လက်ဆေးသည့် အလေ့အထများ၊ Mask တပ်ဆင်သည့် အလေ့အထများ၊ Social Distancing အမူအကျင့်များကို ကမ္ဘာတစ်ဝှမ်းတွင်ကျင့်သုံးလာနေကြသည်။

မြန်မာနိုင်ငံ အနေဖြင့်လည်း ယင်း အလေ့အထများကို လိုက်နာ ကျင့်သုံးသူ ရှိသလို ဝတ်ကျေတန်းကျေ လိုက်နာကြသူများလည်း ရှိလာနေသည်။ အဆိုပါ အမူအကျင့် များသည် COVID –19 အတွက် သာမက အခြားသော ကျန်းမာရေးဆိုင်ရာ ပြဿနာများအတွက် အကျိုးရှိစေမည့် ဘဝနေထိုင်မှု ပုံစံအသစ် ဖြစ်သည့်အတွက် COVID–19 ကိုပင် ကြံဖန် ကျေးဇူးတင်ရမလို ဖြစ်လာသည်။

မြန်မာနိုင်ငံတစ်ဝှမ်းတွင် COVID–19 ရောဂါ အတည်ပြုဖြစ်ပွားသူ စတင်တွေ့ရှိခဲ့သည့် မတ်လ ၂၃ ရက်မှ စကာ တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းများဖြင့် COVID–19 ရောဂါ ကူးစက်မှု မရှိစေရေးအတွက် ဆောင်ရွက်ခဲ့ကြသည်ကို အားလုံး အသိပင်ဖြစ်သည်။ သို့သော် လက်ရှိတွင် ဇွန်လဆန်းပိုင်းမှ စတင်၍ ဖြေလျှော့မှု အချို့ကို စတင် မြင်တွေ့လာရသည်။

ရှမ်းပြည်နယ်အတွင်းရှိ စည်ပင်သာယာဈေး အားလုံးကို ဇွန်လ ၁ ရက်မှ စတင်၍ ပြန်လည် ဖွင့်လှစ်ခွင့် ပြုလာခဲ့သည်။ Social Distancing နှင့် အခြားသော ကျန်းမာရေးဆိုင်ရာ ကန့်သတ် တားမြစ်ချက်များကို လိုက်နာဆောင်ရွက်၍ ဖွင့်လှစ်သွားမည်ဟု ဆိုသော်ငြားလည်း အမှန်တကယ်တမ်း မြေပြင်တွင် ယင်းကဲ့သို့ လိုက်နာ ဆောင်ရွက်နိုင်ရေးမှာ အခက်အခဲ ရှိမည် ဖြစ်သည်။ သက်ဆိုင်ရာ မြို့နယ် ဒေသအလိုက် မြို့ဝင်/ထွက် ဂိတ်များတွင် COVID–19 စောင့်ကြပ်စစ် ဆေးရေးဂိတ်များ ဖွင့်လှစ်၍ ကိုယ်အပူချိန် တိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင်လည်း လိုက်နာမှု မရှိသူ၊ တာဝန်ကျ ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းများကို မချေမငံ ပြန်လည်ပြောဆိုခဲ့သူများ ရှိခဲ့သည်ကို သတိ ချပ်သင့်ပေသည်။

ဈေးဆိုသည်မှာ မြို့တစ်မြို့အတွက် စီးပွားရေး အသည်းနှလုံး ဖြစ်သလို မရှိမဖြစ် လိုအပ်သည့် အရာတစ်ခုလည်း ဖြစ်သည်။ ဈေးဖွင့်မှသာ ယင်းဈေးကိုအမှီအခိုပြု နေရသည့် ပြည်သူလူထုတို့၏ စီးပွားရေး လုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နိုင်ပြီး စားဝတ်နေရေး ချောင်လည်နိုင်မည်ဖြစ်သည်။ တစ်ဘက်တွင်လည်း ယင်းဈေးများသည် လူစုလူဝေး ဖြစ်ပေါ်ရာ နေရာ ဖြစ်နေသဖြင့် ကျန်းမာရေး ဆိုင်ရာ တားမြစ်ကန့် သတ်ချက်များကိုလည်း ဈေးသည်တိုင်း၊ ဈေးသည် တိုင်း၊ ပြည်သူတိုင်း လိုက်နာရန် လိုအပ်မည်သာ ဖြစ်သည်။

ထို့အတူ အစိုးရ ဌာနဆိုင်ရာရုံးများ အားလုံးကိုလည်း ဇွန်လ ၁ ရက်မှ စတင်၍ ပုံမှန်အတိုင်း ရာနှုန်းပြည့် အင်အားဖြင့် ရုံးပြန်တက်ရန် COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ဗဟို ကော်မတီက မေလ ၂၈ ရက်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာန အသီးသီးသို့ ညွှန်ကြားစာ ထုတ်ပြန်ထားသည်။ သို့သော် ယင်း ညွှန်ကြားစာမှာ အချို့သော ဌာနဆိုင်ရာများအတွက် သိပ်တော့ အဓိပ္ပါယ်မရှိသကဲ့သို့ ဖြစ်နေသည်။ COVID–19 ကာလအတွင်း ဌာနဆိုင်ရာ ဝန်ထမ်းများအား ဝန်ထမ်းအင်အား ၅၀ ရာခိုင်နှုန်းစီဖြင့် ရုံးတက်ရန် ညွှန်ကြားထားခဲ့သော်လည်း နဂို မူလကတည်းက ဝန်ထမ်းအင်အား နည်းပါးပြီး လုပ်ငန်းများပြားသည့် ဌာနများအဖို့ ဝန်ထမ်းများကို အနားပေးဖို့ နေနေသာသာ ရှိသည့် ဝန်ထမ်းအင်အားပင် မလုံလောက်သည့် အတွက် ရှိသမျှ လူကုန် ရုံးတက် အလုပ်လုပ်ခဲ့ရသည် ဖြစ်ရာ ယခု ညွှန်ကြားချက်မှာ ဝင်စာဖိုင်တွင် တွဲထားရုံအပြင် အခြား အကျိုးထူး မရှိခဲ့ချေ။

အလားတူ အခြေခံပညာ ကျောင်းများကိုလည်း ဇူလိုင်လ တတိယပတ်မှ စတင်၍ အတန်းအလိုက် ဖွင့်လှစ် သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက ကြေညာချက် ထုတ်ပြန်ထားသည်။ ပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ အခြေခံပညာ အထက်တန်းအဆင့်ကို ဇူလိုင်လ ၂၁ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျန်အဆင့်များကို ရက်သတ္တပတ် ၂ ပတ်ခြားစီ ဆက်တိုက် ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရပါသည်။

ယင်းကဲ့သို့ အခြေခံပညာ ကျောင်းများ ပြန်လည် ဖွင့်လှစ်မည့် ကိစ္စနှင့် ပတ်သက်၍ တောင်ကြီးမြို့နေ ကျောင်းသားမိဘတစ်ဦးက "လက်ရှိ အနေအထားက နည်းနည်းတော့ အန္တရာယ်များတယ်။ အခုနောက်ပိုင်းက ပိုးတွေ့လူနာတွေက တိုးလာနေတယ်။ ဘယ်နေရာမှာ ဘယ်လောက်ထပ် တိုးမယ်ဆိုတာ မသိနိုင်ဘူး။ ကျောင်း ဖွင့်တာ၊ မဖွင့်တာထက် ရောဂါကို ဘယ်လောက် ထိန်းချုပ်နိုင်ပြီဆိုတာကို ပြန်ပြီးတော့ သုံးသပ်သင့်ပါတယ်။ အမှန်အတိုင်း ပြောရရင်တော့ ဒီလို အခြေအနေမှာ ကျွန်တော့်ကလေးကို ကျောင်းပို့ဖို့ဆိုတာ သိပ်တော့ မရဲသေးပါဘူး" ဟု ၎င်း၏အမြင်ကို ပြောဆိုခဲ့သည်။

"အခု လက်ရှိ ဒေသတွင်းမှာ တစ်ဦးကနေ တစ်ဦး ကူးစက်မှု မရှိဘူး ။ နောက်တစ်ခုက ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းကလည်း တော်တော်များများ ဆောင်ရွက်နိုင်တယ် ဆိုတော့ COVID –19 နဲ့ ပတ်သက်ပြီး လုပ်ဆောင်မှုတွေက အတိုင်းအတာ တစ်ခုထိ သက်ရောက်တယ်။ လေဆိပ် ၅ ခုနဲ့ နယ်စပ်ဝင်/ထွက် ဂိတ်တွေပဲ လုပ်တော့မှာ။ အကုန်လုံးနီးပါး သိမ်းလိုက်တော့ မှာပေါ့။ လေဆိပ်နဲ့ နယ်စပ်ဂိတ်တွေပဲ ကျန်တော့ မှာပါ။" ဟု ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ထို့အပြင် စာသင်ကျောင်းများကို အချိန်ပိုင်းဖြင့် တစ်ခန်းလျှင် ကျောင်းသား ၂၀ ဦးသာ သင်ကြားပေးမည်ဟု ဆိုသော်လည်း အမှန်တကယ် မြေပြင်တွင် စာသင်ခန်း အရေအတွက် မလုံလောက်မှုနှင့် သင်ကြားမည့် ဆရာ/ဆရာမ လိုအပ်ချက်များကြောင့် အခက်အခဲ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိနေသည်ဟု ၎င်းက ဆက်လက် ပြောဆိုခဲ့သည်။

လက်ရှိတွင် မြို့ပေါ်ရှိ အခြေခံပညာ စာသင်ကျောင်းများ၌ အတန်းအလိုက် စာသင်ခန်း တစ်ခန်းလျှင် ကျောင်းသား/သူဦးရေ ၅၀ ဝန်းကျင်ခန့် ပျှမ်းမျှနှုန်းဖြင့် သင်ကြားပေးနေခြင်းဖြစ်ပြီး မြို့ပြနှင့် ဝေးကွာသော ကျေးလက်ဒေသ စာသင်ကျောင်း အချို့တွင် ယင်း အရေအတွက်ထက် ပိုကာ အတန်း မတူသူများကို ပင် စာသင်ခန်းတစ်ခန်းအတွင်း အတူ ထည့်သွင်းကာ သင် ကြားပေးနေရမှုများ ရှိနေသည်ဟု သိရသည်။

ပြည်တွင်းစစ်နှင့် စစ်အာဏာရှင် စနစ်ဆိုး၏ နှိပ်စက်မှုကြောင့် အဘက်ဘက်မှ နောက်ကျကျန်ရစ်နေခဲ့သော မြန်မာနိုင်ငံအဖို့ ယင်းကဲ့သို့သော ကျန်းမာရေးဆိုင်ရာ ကန့်သတ်တားမြစ်ချက်များကို အတိအကျ လိုက်နာနိုင်ရန် အခက်အခဲများစွာ ရှိနေမည်သာ ဖြစ်သည်။ စာသင်ခန်း လိုအပ်ချက်၊ ဆရာ/ဆရာမ လိုအပ်ချက် အစရှိသဖြင့် လိုအပ်ချက်က များစွာ ရှိနေဆဲ ဖြစ်သည်။

တစ်ဖန် အခြား ကမ္ဘာ့နိုင်ငံများကို မျှော်ကြည့်ပါက မြန်မာနိုင်ငံထက် အဆပေါင်းများစွာ တိုးတက်ဖွံ့ဖြိုးပြီး နည်းပညာထိပ်တန်း ရောက်နေသည့် ကမ္ဘာ့နိုင်ငံ တစ်ခုဖြစ်သော တောင်ကိုရီးယားတွင်ပင် စာသင်ကျောင်းများ ဖွင့်လှစ်ခွင့် ပြုခဲ့ပြီးနောက် COVID –19 ရောဂါ ကူးစက်ပြန့်ပွားမှု အခြေအနေအရ ပြန်ပိတ်ခဲ့ရသည်။ အချို့သော ကမ္ဘာ့နိုင်ငံများတွင် စာသင်ကျောင်းများကို စမ်းသပ် ဖွင့်လှစ်နေကြသလို အချို့ကလည်း အခြေအနေအရ ပြန်လည် ပိတ်ပင်ခဲ့ရမှုများ ရှိနေသည်။

မြန်မာနိုင်ငံတွင် စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်မှုနှင့် ပတ်သက်၍ ကျောင်းသား/သူများ၊ ကလေး သူငယ်များ၏ ပညာသင်ယူမှု အခွင့်အလမ်းအတွက် ဂုဏ်ယူဝမ်းမြောက်ရမည် ဖြစ်သလို အခြားတစ်ဘက်တွင်လည်း မြန်မာအနေဖြင့် COVID-19 ကို အမှန်တကယ် နိုင်နင်း၍ ကျောင်းများပြန်ဖွင့်ခြင်းလော ဟု မေးခွန်းထုတ်ဖွယ်ရာ ရှိလာနေသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကလည်း စာသင်ကျောင်းများ ပြန်လည် ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်ရန် တိုက်တွန်းအကြံပြုချက် ထုတ်ပြန်ထားသည်ကို တွေ့ရသည်။

"တကယ်တမ်းကတော့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီး ဌာနကနေ COVID–19 ရောဂါ ကူးစက်မှု မရှိတော့ဘူးလို့ မကြေညာမချင်းကတော့ ဒီရောဂါက စိတ်ပူရမယ့် အခြေအနေပါပဲ။ လူတွေအနေနဲ့ အိမ်ထဲမှာ ဆက်နေပေးဖို့ လိုပါတယ်" ဟု ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးကလည်း ပြောဆိုထားသည်။

လက်ရှိအချိန်အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါပိုး ကူး စက်မှု မရှိတော့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနက ထုတ်ပြန်ကြေညာခြင်း မပြုနိုင်သေးသလို အခြားသော

စာမျက်နှာ (၂၃) သို့ > > >

> ➤ ဆာမျက်နှာ(၂၂) **COVID-19 ကို တကယ် နိုင်နင်းပြီလား မှ အဆက်**

ကမ္ဘာ့နိုင်ငံများတွင်လည်း ယင်း အခြေအနေကို မရောက်ရှိသေးချေ။ စိတ်ချရသည့် အခြေအနေတစ်ရပ်သို့ မရောက်ရှိသေးသည့် သဘောပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် နေ့စဉ် ဆိုသလို COVID–19 ပိုးတွေ့လူနာများက တိုးပွားနေဆဲ ဖြစ်သည်။ အခြား တစ်ဘက်တွင်လည်း ပြည်ပနိုင်ငံများမှ အကြောင်းအမျိုးမျိုးဖြင့် ပြန်လည် ဝင်ရောက်လာသူ ပြည်တော်ပြန်များက နေ့စဉ် ဝင်ရောက် နေဆဲဖြစ်သည်။ မဖြစ်လျှင် ဘာမှမဖြစ် ဆိုသကဲ့သို့ စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်ပြီးနောက် ယင်းစာသင်ကျောင်းများမှ COVID–19 ရောဂါပိုး ကူးစက်မှု ရှိလာခဲ့ပါက လွန်စွာ စိုးရိမ်ဖွယ် အခြေအနေ ဖြစ်နေသည်။

ပြီးခဲ့သည့် မတ်လ ၂၃ ရက်က မြန်မာနိုင်ငံတွင် COVID–19 ရောဂါပိုး အတည်ပြု ဖြစ်ပွားသူ ၂ ဦး စတင် တွေ့ရှိ ခဲ့သဖြင့် ယင်းအချိန်က စတင် ဖြေဆိုနေသည့် တက္ကသိုလ်အသီးသီး၏ စာမေးပွဲများကို တစ်ဘာသာ၊ နှစ်ဘာသာ ခန့်သာ ဖြေဆိုရန် ကျန်ရှိချိန်တွင် ရပ်ဆိုင်းခဲ့သည်ကို အားလုံးအသိပင်ဖြစ်သည်။ လက်ရှိ ရောဂါအတည်ပြုဖြစ်ပွားသူ ၂၀၀ ကျော် ရှိလာနေသလို ထပ်မံ ပေါ်ပေါက်လာနိုင်ဖွယ် ရှိသည့် အခြေအနေများလည်း ရှိနေချိန်တွင် ယခုကဲ့သို့ စာသင်ကျောင်းများကို အလောတကြီး ဖွင့်ရန် စီစဉ်ခြင်းမှာ ပြည်သူလူထုအတွက် စိုးရိမ်သောက ပွားစေခြင်းလည်း ဖြစ်သည်။

လက်ရှိကာလတွင် COVID–19 ကပ်ရောဂါ ဂယက်ကြောင့် အိမ်နီးချင်း တရုတ်နှင့် ထိုင်းနိုင်ငံများတွင် အလုပ် သွားရောက် လုပ်ကိုင်နေသူ မြန်မာရွှေ့ပြောင်း လုပ်သားအများအပြား ပြည်တွင်းသို့ ပြန်လည် ဝင်ရောက် လာနေကြောင်း သတင်းများတွင် တွေ့မြင်နေရသလို အခြား တရားမဝင် ခိုးဝင်လာသူများလည်း ရှိလာနိုင်နေသည်။ ယင်းသို့သော အခြေ အနေတွင် ကိုယ်ကကျူး ကိုယ့်ဒူးတောင် မယုံရ ဆိုသကဲ့သို့ မည်သူတွင် ရောဂါပိုး ပါရှိလာမည်ကို မသိနိုင်ချေ။

ယင်းကဲ့သို့ တရားဝင် ပြန်လည် ဝင်ရောက်လာသူများကို မြို့နယ်အလိုက် အခြေခံပညာကျောင်းများတွင် Quarantine ထားရှိထားခဲ့ရာ လတ်တလောတွင် စောင့်ကြည့်သူ မရှိတော့သော်လည်း ရောဂါပိုးက ယင်း အဆောက်အဦ၊ ခန်းမများတွင် ကျန်ရှိနေနိုင်မည်လောကို မသိနိုင်ပါ။

COVID–19 စတင်တွေ့ရှိသည့် မတ်လ နှောင်းပိုင်းမှ စတင်၍ တစ်နိုင်ငံလုံးတွင် တိတ်ဆိတ် ငြိမ်သက်ခဲ့ကြသော်လည်း ငါ့ဝမ်းပူဆာ မနေသာ ဆိုသကဲ့သို့ ဧပြီလနှောင်းပိုင်း၊ မဟာသင်္ကြန်ကာလအပြီးမှ စတင်၍ မြို့ရွာများ ပြန်လည် စည်ကား လာခဲ့ကြသည်။ လုပ်ငန်း ဆောင်တာများ ပုံမှန်အတိုင်း ပြန်လည် ဆောင်ရွက် လာကြသည်။ လက်ရှိအချိန်တွင် တစ်နိုင်ငံလုံး၌ ရောဂါအတည်ပြုဖြစ်ပွားသူ ၂၀၀ ကျော် ရှိလာနေသော်လည်း မြို့ရွာများ စည်ကားမြဲ၊ စည်ကားဆဲသာ ဖြစ်လာသည်။

ဘာမှ မဖြစ်လျှင် ဘာမှမဖြစ် ဆိုသကဲ့သို့ မဖြစ်လျှင်တော့ အကောင်းဆုံး ဟုသာ ဆိုချင်ပါသည်။ မိုးမပြိုပါဘူး ပြိုခဲ့သည် ရှိသော် ဆိုသကဲ့သို့ ဘယ်ကလာလို့ ဘယ်လို ကူးမည်ဆိုတာ ကြို မသိနိုင်သည့် COVID–19 အတွက် မိမိတို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအဖို့ မပေါ့မလျှော့သော သတိဖြင့် အစဉ်သတိကပ်ကာကာကွယ် နေရမည်သာ ဖြစ်ပါသည်။

COVID–19 ရောဂါသည် ရေရှည် ဖြေရှင်းဆောင်ရွက်ရမည့် ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ရပ် ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း (WHO) က ကြေညာထားခဲ့သလို ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ယင်းရောဂါနှင့် ပတ်သက်၍ ကာကွယ် ကုသနိုင်သည့် ဆေးတစ်ရပ် ပေါ်ပေါက်ခြင်း မရှိသေးချေ။ ကမ္ဘာ့နိုင်ငံအသီးသီးမှ တာဝန်ရှိသူအားလုံး၏ တစ်ခုတည်းသော ရေလဲသုံးစကားမှာ “Stay Home” သာဖြစ်သည်။

မြန်မာနိုင်ငံအဖို့ COVID–19 ကို အမှန်တကယ် နိုင်နင်း၍လော၊ ငါ့ဝမ်းပူဆာ မနေသာ၍ ဖားအော်သလော၊ သို့ တည်းမဟုတ် မဖြစ်မနေ ဆောင်ရွက်ရမည့် ကိစ္စရပ်များတွက် တင်းကျပ်မှု အချို့ကို ဖြေလျှော့ပေးခဲ့လေသလား ဟုသာ မေးခွန်းထုတ်ချင်မိပါတော့သည်။ ။

**ဘာမှ မဖြစ်လျှင် ဘာမှ မဖြစ် ဆိုသကဲ့သို့ မဖြစ်လျှင်တော့ အကောင်းဆုံး ဟုသာ ဆိုချင်ပါသည်။ မိုးမပြိုပါဘူး ပြိုခဲ့သည် ရှိသော် ဆိုသကဲ့သို့ ဘယ်ကလာလို့ ဘယ်လို ကူးမည်ဆိုတာ ကြို မသိနိုင်သည့် COVID-19 အတွက် မိမိတို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအဖို့ မပေါ့မလျှော့သော သတိဖြင့် အစဉ်သတိကပ်ကာ ကာကွယ် နေရမည်သာ ဖြစ်ပါသည်။**

> ➤ ဆာမျက်နှာ(၂၅) **အိန္ဒိယလက်နက်များ မှ အဆက်**

များ တပ်ဆင်ထားသဖြင့် အိန္ဒိယလေတပ် အဖွဲ့အတွက် ပါကစ္စတန်နှင့် တရုတ်နိုင်ငံများ အတွင်းသို့ ကီလိုမီတာ ၃၅၀ ထိတိုင် ထောက်လှမ်းနိုင်သည်။

နျူကလီးယား လက်နက်များ

အိန္ဒိယနိုင်ငံသည် ၁၉၇၄ ခုနှစ်တွင် ပထမဆုံး နျူကလီးယား ဗုံးတစ်လုံးကို စတင်စမ်းသပ်ခဲ့သည်။ အိန္ဒိယနိုင်ငံရှိ နျူကလီးယားလက်နက် အရေအတွက်ကို အိန္ဒိယ အစိုးရမှ အစဉ်အမြဲ နှုတ်ပိတ်လျက်ရှိပြီး အိန္ဒိယနိုင်ငံ၌ နျူကလီးယား လက်နက်အရေအတွက် မည်မျှထိရှိကြောင်းကို တစ်ဦးတစ်ယောက်မျှ သိရှိခြင်း မရှိကြသေးပေ။ သို့ရာတွင် ခန့်မှန်းခြေအားဖြင့် နျူကလီးယားလက်နက် ၉၀ မှ ၁၃၀ ထိရှိကြောင်းသာ လူအများမှ အကြမ်းဖျင်း သိရှိထားခြင်း ရှိသည်။ ထိုလက်နက်များသည် ကီလိုတန် ၂၀၀ မျှ ပေါက်ကွဲအားရှိပြီး ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ပေါ်သို့ ကြဲချခဲ့သည့် အဏုမြူဗုံးထက် ဖျက်ဆီးနိုင်စွမ်းအား ၁၀ ဆ ပိုမိုသည်ဟု ဆိုသည်။ တိုက်ခိုက်ရေး လေယာဉ်များဖြစ်သည့် Jeguar ထိုမှတစ်ဖန် MIG 27 နှင့် Mirage 200 တိုက်လေယာဉ်များတွင် နျူကလီးယား လက်နက်တပ်ဆင်နိုင်ရန် စီစဉ်ထားသည်။ နျူကလီးယား လက်နက်များ တပ်ဆင်ထားသော အိန္ဒိယလေယာဉ်များသည် ပါကစ္စတန် လေကြောင်းကာကွယ်ရေး ကွန်ရက်ကို တိုက်ခိုက်နိုင်စွမ်းရှိပြီး ပါကစ္စတန် မြေပြင် အခြေစိုက် ဒုံးကျည်များကိုလည်း တိုက်ခိုက်နိုင်စွမ်းရှိသည်။ အိန္ဒိယနိုင်ငံပိုင် Su 30 MKT တိုက်လေယာဉ်များတွင် နျူကလီးယား လက်နက်များ တပ်ဆင်ထားခြင်း ရှိမရှိ မသိရသော်လည်း ထို လေယာဉ်များသည် ကိုယ်ပျောက်နိုင်စွမ်း မရှိသော်လည်း ပါကစ္စတန် လေကြောင်း ကာကွယ်ရေး ဇုန်အတွင်းသို့ ထိုးဖောက် ဝင်ရောက်နိုင်စွမ်းကမူ Mirage 200 တိုက်လေယာဉ်များနှင့် တူညီမှု ရှိမည်မဟုတ်ပေ။



အိန္ဒိယ နျူကလီးယား လက်နက်များကို မဟာဗျူဟာ လက်နက်များ ကွပ်ကဲရေး ဌာနချုပ်၏ အမိန့်အာဏာအောက်တွင် ထားရှိသည်။ မြေပြင်အခြေစိုက် ဒုံးကျည်များတွင် နျူကလီးယား ထိပ်ဖူးများ တပ်ဆင်ထားပြီး Prithvi 1 နှင့် Prithvi 2 လောင်စာ အရည်သုံး ဒုံးကျည်များ၌လည်း နျူကလီးယား လက်နက်များ တပ်ဆင်ထားသည်။ ထိုဒုံးကျည်များသည် ကီလိုမီတာ ၁၅၀ မှ ၃၅၀ ထိ ပစ်ခတ်နိုင်စွမ်း ရှိသော်လည်း ထိုသို့ ပစ်ခတ်ရန် အတွက် နေ့တစ်ဝက်မျှ ပြင်ဆင်ရသည်။ ထို့အပြင် Agin 1,2,3 နှင့် 4 ဒုံးကျည်တို့တွင်လည်း လောင်စာအခဲ စွမ်းအားဖြင့် ပစ်ခတ်နိုင်ပြီး ကီလိုမီတာ ၇၀၀ မှ ၄၀၀၀ အတွင်းရှိ ပစ်မှတ်များကို ချေမှုန်းနိုင်စွမ်းရှိသည်။ အိန္ဒိယ နိုင်ငံတွင် ဒုံးကျည်များ တပ်ဆင်ထားသည့် ရေငုပ်သင်္ဘောများ ရှိပြီး ထိုရေငုပ် သင်္ဘောများကို Arihant ဟုလည်း ခေါ်တွင်သည်။ Arihant ရေငုပ်သင်္ဘောများတွင် တာတိုပစ် ဒုံးကျည် ၁၂ စင်း တပ်ဆင်ထားပြီး တာလတ်ပစ် နျူကလီးယား ဒုံးကျည် ၄ စင်းကိုလည်း ထပ်မံတပ်ဆင်ထားသည်။ ပါကစ္စတန် ရေငုပ်သင်္ဘော ဖြိုခွင်းရေး စစ်ဆင်ရေး စွမ်းအားများကို ကျော်လွန်၍ အိန္ဒိယပိုင် Arihant ရေငုပ်သင်္ဘော များဖြင့်လည်း ကင်းလှည့်လည်ကာ ထောက်လှမ်းသွားနိုင်သည်။

ထို့ကြောင့် အိန္ဒိယနှင့် ပါကစ္စတန်သာ စစ်ဖြစ်ခဲ့မည် ဆိုပါက အိန္ဒိယမှ ပါကစ္စတန်အား စွမ်းအားကြီးမားကာ တိုက်ခိုက်နိုင်စွမ်းရှိသော လက်နက်ကြီး ၅ မျိုးကို သုံးစွဲသွားမည် ဖြစ်သဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာမည်ကား မလွဲကေန်ပင်။ ။

## ➢ စာမျက်နှာ(၂၄) ဝန်ကြီးချုပ်နှင့် အင်တာဗျူးမှ အဆက်

**ကမ္ဘာ့ဇတိုင်း။** ရှမ်းပြည်နယ်အတွင်းမှာ ပြည်နယ်အစိုးရကို အကြွေးဘီလျံချီ ပေးဖို့ရှိနေတဲ့ လုပ်ငန်းတွေကို ဘာကြောင့် အမည်ပျက်စာရင်း တင်သွင်းပြီး ပိတ်သိမ်းခြင်း မပြုတာလဲဆိုတာ သိချင်ပါတယ်။

**ဝန်ကြီးချုပ်။** ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များနဲ့ အကျိုးတူ ပူးပေါင်းပြီး အိမ်ယာစီမံကိန်းများ ရေအားလျှပ်စစ် ရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ရရှိလာမည့် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် သဘောတူစာချုပ် ချုပ်ဆိုပြီး ဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီလို ဆောင်ရွက်ခဲ့တဲ့အပေါ်မှာ သတ်မှတ်သည့် ငွေကြေးပေးသွင်းနိုင်သည့် ကုမ္ပဏီများ ရှိသလို လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေအရ မပေးသွင်းနိုင်သည့် ကုမ္ပဏီများလည်း ရှိပါတယ်။ ငွေကြေးမပေးသွင်းနိုင်သည့် ကုမ္ပဏီများကိုတော့ ပေးသွင်းရမည့် ငွေတန်ဖိုးနှင့် ညီမျှသော နေအိမ် တိုက်ခန်းများအား လွှဲပြောင်းပေးမည့် သဘောတူညီချက်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

**ကမ္ဘာ့ဇတိုင်း။** ရှမ်းပြည်နယ်အစိုးရအနေနဲ့ လူထုက တောက်လျှောက် တင်ပြနေတဲ့ အကြောင်းအရာတွေအပေါ်မှာ စိစစ်ဆောင်ရွက်တာ မရှိဘူး။ အကြောင်းပြန်ကြားမှု မလုပ်ဘူးဆိုပြီးတော့ ဝေဖန်နေတာမျိုး ရှိတယ်ပေါ့။ အဲဒီအပေါ်မှာ ဝန်ကြီးချုပ်အနေနဲ့ ဘယ်လိုများ မှတ်ချက်ပြု ပြောကြားလိုပါသလဲ။

**ဝန်ကြီးချုပ်။** ရှမ်းပြည်နယ် အစိုးရအဖွဲ့ အနေဖြင့် လူထုက တိုက်ရိုက်တင်ပြသည် ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်ကတစ်ဆင့် တင်ပြသည်ဖြစ်စေ၊ ကျွန်တော်တို့ ပြည်နယ်အဆင့်က ဆောင်ရွက်ပေးနိုင်ပါက ဆောင်ရွက်ပေးပြီး ပြည်ထောင်စုအဆင့်က ဆောင်ရွက်ပေးရမည့် ကိစ္စများကိုလည်း ဆက်လက်တင်ပြပေးလျက်ရှိပါတယ်။ ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိကိုလည်း ခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှု ကော်မတီများမှတစ်ဆင့် အကြောင်းပြန်ကြားလျက် ရှိပါတယ်။ ဖြေရှင်းဆောင်ရွက်ပေးပြီးသည့် ကိစ္စရပ်အပေါ်မှာ မိမိ ဆန္ဒအတိုင်း မဖြစ်၍ ထပ်ခါထပ်ခါ တင်ပြနေမှုများကိုတော့ ထပ်မံ ပြန်ကြားပေးခြင်း မရှိပါဘူး။

**ကမ္ဘာ့ဇတိုင်း။** ရှမ်းပြည်နယ်ဟာ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုထဲမှာ အကျယ်ဝန်းဆုံး ပြည်နယ် ဖြစ်ပြီးတော့ နယ်မြေဒေသ အခြေအနေအရ ဝေးလံခေါင်ဖျားဒေသတွေ အများအပြား ရှိနေပြီး လမ်းပန်းဆက်သွယ်ရေးက အစ အထွေထွေ လိုအပ်ချက်တွေ ရှိနေတဲ့ဒေသတွေ အများအပြား ရှိနေပါတယ်။ ဒီလို ဒေသတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ဘယ်လို စီမံကိန်းတွေ ချမှတ်ဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။

**ဝန်ကြီးချုပ်။** ရှမ်းပြည်နယ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များထဲမှာ အကျယ်ဝန်းဆုံး ပြည်နယ်ဖြစ်သလို အခြေအနေ အရပ်ရပ်ကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် ဒေသလည်း အများအပြား ရှိနေပါတယ်။ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ ရရှိတဲ့ ဘဏ္ဍာရန်ပုံငွေပေါ် မူတည်ပြီး ဒေသဖွံ့ဖြိုးမှု အခြေအနေ၊ လူဦးရေအခြေအနေ၊ နယ်မြေဧရိယာ အကျယ်အဝန်းများအရ မြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီက တင်ပြလာတဲ့အပေါ် ဦးစားပေး အစီအစဉ်အလိုက် လျာထားအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒ့ါအပြင် ပုဂ္ဂလိက ကုမ္ပဏီနှင့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ လျှပ်စစ်ဓာတ်အား ရရှိရေး လုပ်ငန်းများ၊ အိမ်ယာစီမံကိန်း လုပ်ငန်းများ၊ ဈေးများအား အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက် ရှိပါတယ်။

**ကမ္ဘာ့ဇတိုင်း။** ရှမ်းပြည်နယ်အစိုးရ ရုံးစိုက်ရာ တောင်ကြီးမြို့မှာ ပြီးခဲ့တဲ့ နှစ်တွေက ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့တယ်။ ဒီနှစ်မှာရော အဲ့ဒီလို မဖြစ်အောင် ဘယ်လို စီမံထားတယ်ဆိုတာ သိပါရစေ။

**ဝန်ကြီးချုပ်။** ယခင်နှစ်များက တောင်ကြီးမြို့ ရေကြီးရေလျှံမှုတွေ ဖြစ်ခဲ့ရာ လာမည့်နှစ်များတွင် ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ အနေဖြင့် ဌာနဆိုင်ရာများ၊ ကျွမ်းကျင်သူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အစည်းအဝေး တစ်ရပ်ကို ၂၃-၁၀-၂၀၁၉ နေ့တွင် ကျင်းပခဲ့ပါတယ်။ အစည်းအဝေးများ ညှိနှိုင်းဆွေးနွေး တင်ပြချက်များအရ ကွင်းဆင်း စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။



ကွင်းဆင်းစိစစ်ရေး အဖွဲ့ရဲ့ စိစစ်တင်ပြချက်အရ ကြံ့ခိုင်ရေးလမ်း၊ တံတားပြုပြင်ခြင်းနှင့် လမ်းမြှင့်တင်ခြင်း၊ နှင်းဆီလမ်း တံတား ပြုပြင်ခြင်းနှင့် လမ်းမြှင့်တင်ခြင်း၊ သစ္စာလမ်း ပြုပြင်ခြင်းနှင့် လမ်းမြှင့်တင်ခြင်း၊ ဘုရားကြီး အတက်လမ်းမှ မြောက်ကျောင်းလမ်းဆုံ တံတားအထိ ရေထုတ်စနစ် ဆောင်ရွက်ခြင်း၊ ညောင်ဖြူစခန်းရပ်ကွက်၊ မြင့်မိုရ်လမ်း ရေမြောင်းဖြောင့်ခြင်း လုပ်ငန်းတို့ကို ကျပ်သန်း ၅၈၀ ကျော် ဖြင့် ပြုပြင်သွားမှာ ဖြစ်ပါတယ်။

**ကမ္ဘာ့ဇတိုင်း။** ရှမ်းပြည်နယ်အတွင်းမှာ COVID-19 နဲ့ပတ်သက်ပြီး အရေးပေါ် ကုသကာကွယ်ရေး အစီအစဉ်တွေကိုလည်း သိပါရစေ။

**ဝန်ကြီးချုပ်။** ရှမ်းပြည်နယ်အတွင်းမှ COVID-19 ရောဂါ တားဆီးကာကွယ် ကုသရေးအတွက် ပြည်နယ်လူမှုရေးဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်တဲ့ ရှမ်းပြည်နယ်တောင်ပိုင်းအတွက် ၂၈ ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းအတွက် ၂၃ ဦးစီဖြင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်နေပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ဆေးရုံ အသီးသီးတွင် ICU နှင့် Isolation Ward များ ပြင်ဆင်ထားရှိသည့်အပြင် တောင်ကြီးမြို့ စင်စံထွန်းဆေးရုံကြီး၊ တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၊ ကလောပြည်သူ့ဆေးရုံ၊ လွိုင်လင် အထွေထွေရောဂါကု ဆေးရုံကြီး၊ လားရှိုးဆေးရုံကြီး၊ မူဆယ်ဆေးရုံကြီး၊ ကျိုင်းတုံဆေးရုံကြီး နှင့် တာချီလိတ်ပြည်သူ့ဆေးရုံ ၈ ခု တို့ကို Designated Hospital အဖြစ် သတ်မှတ်ပြီး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် COVID-19 ထိန်းချုပ်ကာကွယ်ရေးအတွက် ငွေကျပ် ၁၇၇ သန်း ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါတယ်။

မြို့နယ်အသီးသီးမှာလည်း မိမိနိုင်ငံသို့ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများကို စောင့်ကြပ်ကြည့်ရှုနိုင်ရေးအတွက် သီးသန့်ထားရှိနိုင်မည့် အဆောက်အဦများကို ကြိုတင်ပြင်ဆင်လျက်ရှိရာ အဆောက်အဦပေါင်း ၁၃၇ လုံးတွင် လူဦးရေ ၁၂၆၀၀ ကျော် ထားရှိနိုင်ရေး ပြင်ဆင်ပြီး ဖြစ်ပါတယ်။

ဒ့ါအပြင် ဒေသတွင်း အခြေခံစားသောက်ကုန်များ ပြတ်လပ်မှု မရှိစေရေးအတွက်လည်း အဖွဲ့အစည်း အသီးသီး၊ ဌာနအသီးသီးတို့နှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။

**ကမ္ဘာ့ဇတိုင်း။** ရှမ်းပြည်နယ်အတွင်းမှာ ခေတ်အဆက်ဆက်က သိမ်းဆည်းခံ မြေယာများနဲ့ ပတ်သက်လို့ ပြန်လည်စွန့်လွှတ်မြေတွေကို သက်ဆိုင်ရာ တောင်သူတွေ လက်ဝယ်ကိုပြန်လည်ပေးအပ်တဲ့အခါမှာ ဧက ၁၂၀၀ ကျော်ကို တောင်သူတွေ လက်ဝယ် ပြန်လည်ပေးအပ်နိုင်ဖို့ ဆောင်ရွက်နေတယ်လို့ ပြီးခဲ့တဲ့ အစိုးရအဖွဲ့ ၃ နှစ်ပြည့်တုန်းက သတင်းစာ ရှင်းလင်းပွဲမှာ ဝန်ကြီးချုပ် ပြောဆိုခဲ့တာ ရှိပါတယ်။ အဲဒီဧက ၁၂၀၀ ကျော် (၁၂၁၈ ဒသမ ၁၇၂ ) ဧကထဲက ဧကဘယ်လောက်ကို တောင်သူတွေ လက်ဝယ်အရောက် ပေးပြီးပြီလဲဆိုတာ သိချင်ပါတယ်။ ဒ့ါအပြင်ရော နောက်ထပ်စွန့်လွှတ်မြေယာကိစ္စတွေရှိရင် ရှင်းပြပေးပါဦး။

**ဝန်ကြီးချုပ်။** ၄ နှစ်တာ ကာလအတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဖွဲ့စည်းပြီး နောက်ပိုင်းတွင် ရှမ်းပြည်နယ်အတွင်း၌ စွန့်လွှတ်မြေ အမှုပေါင်း ၁၅၅ မှု၊ ဧရိယာစုစုပေါင်း ၃၀၈၀၀ ကျော် ဧကအနက်မှ ၂၉၆၀၀ ဧကကို သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါတယ်။

လွှဲပြောင်းရန် ကျန်ရှိသော ဧရိယာ ၁၂၀၀၀ ဧကခန့်ကိုလည်း တောင်သူများ လက်ဝယ်သို့ အမြန်ပြန်လည် ပေးအပ်နိုင်ရေးအတွက် မူလလုပ်ကိုင်သူ မှန်ကန်ရေးကို စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိ ဒုတိယအကြိမ် ရှမ်းပြည်နယ်အစိုးရသည် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် အုပ်ချုပ်ရေးဆိုင်ရာတာဝန်များကို ယခင်အစိုးရထံမှ လွှဲပြောင်းရယူခဲ့ခြင်း ဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့တွင် ပြည်နယ် ဝန်ကြီးချုပ် အပါအဝင် ဝန်ကြီးဌာနအလိုက် ဝန်ကြီး ၈ ဦး၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ၇ ဦး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့မှ ပါဝင် ထမ်းဆောင်နေလျက် ရှိသည်။

□

ကင်မ္ဘာဇတိုင်း
VOLUME.6, ISSUE. 14 TUESDAY, JUNE 9, 2020

# ရှမ်းမြောက်မှ အနယ်နယ် အရပ်ရပ်သို့ ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်လိုင်းများ ပြန်လည် ပြေးဆွဲ

မေသူဇော်

ရှမ်းပြည်နယ် မြောက်ပိုင်း ဒေသမှ ပြည်တွင်း အနယ်နယ်အရပ်ရပ်သို့ ပြေးဆွဲနေသည့် ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းများအားလုံး ဇွန်လ ၄ ရက်မှ စတင်၍ ပြန်လည် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။



“လားရှိုးမြို့မှ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ စစ်ကိုင်း၊ မြစ်ကြီးနား၊ မကွေး အပါအဝင် အနယ်နယ်အရပ်ရပ် ပြေးဆွဲနေတဲ့ ယာဉ်လိုင်း အားလုံး ဇွန်လ ၄ ရက်မှာ ပုံမှန် ပြန်ဆွဲနေကြပါပြီ။ လားရှိုး အနီးဝန်းကျင် နေ့ချင်းပြန် ပြေးဆွဲနေတဲ့ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ ကွမ်းလုံ၊ ချင်းရွှေဟော်၊ နမ့်ပေါင်၊ နမ့်လန်၊ နမ့်ခမ်း ယာဉ်လိုင်းအားလုံးလည်း ပုံမှန် ပြေးဆွဲနေကြတာ ဖြစ်ပါတယ်” ဟု လားရှိုးမြို့ရှိ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်မှု ကြီးကြပ်ညှိနှိုင်းရေး ဦးစီးဌာနမှ တွဲဘက်ပြည်နယ်ဦးစီးမှူး ဦးဇော်ဇော်ဝင်းက ပြောသည်။

လားရှိုးအခြေစိုက် ခရီးသည်တင် ယာဉ်လိုင်းအားလုံးမှာ COVID -19 ရောဂါ ကူးစက်မှု ထိန်းချုပ်ကာကွယ်ရေး အစီအစဉ်အရ မဟာသင်္ကြန်ကာလ မတိုင်မီ ကတည်းက ပြေးဆွဲမှု ရပ်နားထားခဲ့ခြင်းဖြစ်ပြီး ယင်းကဲ့သို့ ပြန်လည် ပြေးဆွဲရာတွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ပြေးဆွဲရန် ညွှန်ကြားထားကြောင်း သိရသည်။

“လားရှိုး-ရန်ကုန်ကို ခရီးသည် ၃၈ ယောက် တင်နိုင်ပေမယ့် အခု ၁၈ ယောက်ပဲ တင်တယ်။ ကားခကို ၄ ပုံတစ်ပုံ ပိုယူထားပါတယ်။ မူလက ၂၄၀၀၀ ကို အခု ၃၀၀၀၀ ယူပါတယ်။ ၂ ယောက်ခုံမှာ ၁ ယောက်ပဲ တင်ပါတယ်။ ဒါ့အပြင် ယာဉ်ပေါ်မှာ ပိုးသတ်ဆေး ဖြန်းထားတယ်။ Hand Gel တွေ၊ Mask တွေ ထားပေးပါတယ်”ဟု ရွှေလားရှိုးခရီးသည်ပို့ဆောင်ရေးဂိတ်မှ မသီတာဝင်းက ပြောသည်။

ထို့အတူ လားရှိုးမြို့မှ ရန်ကုန်မြို့သို့ ခရီးသွားမည့် ခရီးသည် ဦးတင်မြင့်ကလည်း “ခရီးသွားတွေဘက်ကလည်း မဖြစ်မနေ သွားရတော့ ကားခနည်းနည်းပိုပေးရလည်း အဆင်ပြေတယ်။ ထိုင်ရတာလည်း အဆင်ပြေတယ်။ ကားတွေ ပြန်ထွက်ပေးတာကို ကျေးဇူးတင်ပါတယ်” ဟု ၎င်း၏အမြင်ကို ပြောဆိုခဲ့သည်။

လားရှိုးမြို့ပေါ်တွင် Express ယာဉ်ကြီးများ အပါအဝင် ခရီးသည်တင်ယာဉ်လိုင်း ၄၈ လိုင်းမှ နားမခေါ်ယာဉ်ရပ်နား စခန်းကို အခြေပြု၍ ခရီး သည်တင်ဆောင် ပြေးဆွဲပေးနေခြင်းဖြစ်ပြီး ခရီးသည်တင် ယာဉ်လိုင်းငယ် ၉၆ လိုင်းမှ လားရှိုးမြို့၊ မန်ဆူ ယာဉ်ရပ်နား စခန်းကို အခြေပြု၍ ပြေးဆွဲပေး နေခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့တွင် ယာဉ်လိုင်းကြီး ၃၈ လိုင်းမှ သိန်းသန်းချီ ယာဉ်ရပ်နားစခန်း ကို အခြေပြု၍လည်းကောင်း၊ ယာဉ်ငယ်လိုင်း ၃၅ လိုင်းမှ မြို့ရှောင်လမ်းပေါ်ရှိ ယာဉ်ရပ်နားစခန်းကို အခြေပြု၍ လည်းကောင်း ပြေးဆွဲပေးနေခြင်းဖြစ်ကြောင်း သိရသည်။

#

# နေရေးထိုင်ရေး အခက်အခဲကြောင့် ၁၀ တန်း စာစစ်ဆရာ / ဆရာမအချို့ သတ်မှတ်စည်းကမ်း လိုက်နာမှုများ အားနည်းနေ

ထမံသီ

ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ စစ်ဆေးရန် ရောက်ရှိနေသော စာစစ် ဆရာ/ဆရာမ အချို့သည် နေထိုင်ရေးအခက်အခဲကြောင့် ပညာရေးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်ကို လိုက်နာမှု အားနည်းပြီး အချို့မှာ ပြင်ပတွင် ညအိပ်နေထိုင်မှုများ ရှိနေကြောင်း သိရသည်။

ပညာရေးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များ အနက် သတ်မှတ်အဆောင်မှလွဲ၍ အခြားနေရာများတွင် သွားရောက်အိပ်စက်ခြင်းကို ခွင့်မပြုကြောင်း ပါရှိသော်လည်း နေထိုင်ရေး အခက် အခဲများကြောင့် ဆရာ/ဆရာမအချို့မှာ သတ်မှတ်အဆောင်တွင် ညအိပ်ခြင်း မပြုဘဲ တောင်ကြီးမြို့ပေါ်ရှိ နီးစပ်ရာ ဆွေမျိုးသားချင်း အိမ်များတွင် သွားရောက် ညအိပ်စက်မှုများ ရှိနေခြင်း ဖြစ်ကြောင်း သိရသည်။

COVID-19 ကပ်ရောဂါ ကူးစက်မှုမှ ကာကွယ်နိုင်ရန်အတွက် စာစစ် ဆရာ/ဆရာမ များအား တစ်ခါသုံး Mask၊ တစ်ခါသုံး မျက်နှာအကာ၊ တစ်ခါသုံး လက်အိတ်နှင့် စားသောက်ရေး အတွက် ဆရာ/ဆရာမ တစ်ဦးလျှင် နံနက်စာ ကျပ် ၁၀၀၀ နှုန်းဖြင့်လည်းကောင်း၊ နေ့လယ်စာနှင့် ညစာအတွက်တစ်နပ်လျှင် ကျပ်၂၀၀၀ နှုန်းစီဖြင့်လည်းကောင်း ချက်ပြုတ်ကျွေးမွေးမည်ဖြစ်ပြီး သွားလာရေး အတွက် ဖယ်ရီကားများ စီစဉ်ထားပေးကာ သတ်မှတ် အဆောင်များတွင်သာ ညအိပ်ရန် ညွှန်ကြားထားခြင်း ဖြစ်ကြောင်း သိရသည်။

“သတ်မှတ်ထားတဲ့ တည်းခိုဆောင်နဲ့ ဆရာ/ဆရာမဦးရေ အချိုးအစား မညီမျှတာတွေ ရှိတယ်။ ဥပမာ ၃ ယောက် နေရမယ့် အခန်းမှာ ၄ ယောက်နေရတော့ ကျပ်တယ်။ ဒါကြောင့် အနေချောင်အောင် မြို့ခံဆရာမတွေက အိမ်ပြန်အိပ်တဲ့ သဘော ဖြစ်ပါလိမ့်မယ်”ဟု အထက်တန်းပြ တစ်ဦးက ပြောသည်။

ထို့အတူ အခြား အထက်တန်းပြဆရာမတစ်ဦးကလည်း “မနက်စာကျွေးပြီးတိုင်း အပူချိန်တိုင်း၊ လက်ဆေးပြီးမှ စာစစ်ခန်းထဲ ဝင်ရမှာပါ။ ကျွန်မက တောင်ကြီးမြို့ပေါ်ကပါပဲ။ မလိုလို့ ပြောတာ မဟုတ်ပါဘူး။ ရက်တိုတိုပဲ ဆိုပေမဲ့ အစရှိရင် အနှောင်းဖြစ်သွားမှာ စိုးလို့ပါ”ဟု ၎င်း၏အမြင်ကို ပြောဆိုခဲ့သည်။

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အဖြေလွှာများအား ဇွန်လ ၅ ရက်မှ ၁၆ ရက်အထိ တောင်ကြီးမြို့ရှိ စာစစ်ဌာနတွင် စစ်ဆေးနေခြင်းဖြစ်ပြီး ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်မှ ဆရာ/ဆရာမများကို တောင်ကြီးမြို့ရှိ ပြည်နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာန၊ ပညာရေး ကောလိပ်၊ တောင်ကြီး တက္ကသိုလ် (သံလွင်ဦးဆောင်)၊ ရှမ်းရိုးမဘော်ဒါဆောင်၊ အထက (၁/၂/၃/၄) နှင့် အလက ၁၅ တို့တွင် တည်းခိုရန် စီစဉ်ဆောင်ရွက် ပေးထားကြောင်း သိရသည်။

# “ဝ”အမျိုးသားပါတီ၏ ဗဟိုကော်မတီအစည်းအဝေး ကျင်းပ

ထက်တိုင်းကျော်

“ဝ” နိုင်ငံရေးပါတီဟောင်း ၃ ခုကို ဖျက်သိမ်း၍ စုပေါင်းဖွဲ့စည်းထားသည့် “ဝ” အမျိုးသားပါတီ၏ ပထမအကြိမ် ဗဟိုကော်မတီအစည်းအဝေးကို ဇွန်လ ၂ ရက်မှ ၄ ရက် အထိ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ ရုံးစိုက်ရာ ဟိုပန်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်ဟု သိရသည်။

“အစည်းအဝေး ၃ ရက်မှာ ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်နဲ့ မူဝါဒသဘောထားတွေကို ချမှတ်နိုင်ခဲ့ပါတယ်”ဟု အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ရှမ်းပြည်နယ်အရှေ့ပိုင်းမှ “ဝ” အမျိုးသားပါတီ ဗဟိုကော်မတီဝင် ဒေါက်တာ M ဇော်လတ်က ကမ္ဘာ့ဇတိုင်းသို့ ပြောသည်။

အဆိုပါ အစည်းအဝေးတွင် “ဝ” ပြည်နယ် သတ်မှတ်ရေး ကိစ္စ၊ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသား ရေးရာ ကိစ္စရပ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေးအပါအဝင် သဘောတူ ဆုံးဖြတ်ချက် ၃၀ ချမှတ်နိုင်ခဲ့ပြီး ပါတီ ဗဟိုဌာနချုပ်ကို ဟိုပန်မြို့တွင် အခြေစိုက်၍ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် အရှေ့ပိုင်း ဒေသများတွင် ဌာနခွဲများ ထားရှိရန် သဘောတူဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

လတ်တလောတွင် “ဝ” အမျိုးသားပါတီကို နာယက ဦးခွန်ထွန်းလူ၊ ဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်၊ ဒုဥက္ကဋ္ဌ (၁) ဦးညီပလုတ်၊၊ ဒုဥက္ကဋ္ဌ (၂) ဦးညီနပ် (ခ) ဦးရန်ကျော်၊ အထွေထွေ အတွင်းရေးမှူး ဦးဆမ်ဆောင်းကား အပါအဝင် ဗဟို အလုပ်အမှုဆောင်ကော်မတီဝင် ၁၇ ဦး၊ ဗဟိုကော်မတီဝင် ၂၃ ဦးတို့ဖြင့် ဖွဲ့စည်းထားပြီး ဒုတိယ အကြိမ် အစည်းအဝေးတွင်ထပ်မံ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရှိ မြို့နယ် ၆ မြို့နယ်အနက် ဟိုပန်မြို့နယ်နှင့် မက်မန်းမြို့နယ်တို့တွင်သာ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပြီး ယင်း ၂ မြို့နယ်ရှိ မဲဆန္ဒနယ်များတွင် “ဝ” တိုင်းရင်းသား ပါတီများက အနိုင် ရရှိခဲ့သည်။

စီးပွားရေးလုပ်ငန်း ကြော်ငြာများ
ထည့်သွင်းလိုပါက
ဖုန်း ၀၉၈၉၈၈၅၅၃၄ သို့
ဆက်သွယ်
ဆောင်ရွက်နိုင်ပါသည်။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်နှင့် တွေ့ဆုံမေးမြန်းခြင်း

***ရှမ်းပြည်နယ် အစိုးရအဖွဲ့ အနေဖြင့် လူထုက တိုက်ရိုက်တင်ပြသည် ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်က တစ်ဆင့် တင်ပြသည် ဖြစ်စေ၊ ကျွန်တော်တို့ ပြည်နယ်အဆင့်က ဆောင်ရွက်ပေးနိုင်ပါက ဆောင်ရွက်ပေးပြီး ပြည်ထောင်စု အဆင့်က ဆောင်ရွက်ပေးရမည့် ကိစ္စများကိုလည်း ဆက်လက် တင်ပြပေးလျက် ရှိပါတယ်။ ဆောင်ရွက်ပေးနိုင်မှု ရှိ / မရှိကိုလည်း ဒရိုင်၊ မြို့နယ် စီမံခန့်ခွဲမှု ကော်မတီများမှတစ်ဆင့် အကြောင်း ပြန်ကြားလျက် ရှိပါတယ်။ ဖြေရှင်းဆောင်ရွက်ပေးပြီးသည့် ကိစ္စ ရပ်အပေါ်မှာ ဖိမိ ဆန္ဒအတိုင်း မဖြစ်၍ ထပ်ခါထပ်ခါ တင်ပြနေမှုများကိုတော့ ထပ်မံ ပြန်ကြားပေးခြင်း မရှိပါဘူး။***



**ကမ္ဘာ့ဇတိုင်း။** ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ အခုဆိုရင် ရှမ်းပြည်နယ် တာဝန်ကို ပုခုံးပြောင်း ရယူဆောင်ရွက်နေတာ သက်တမ်း ၄ နှစ် ရှိလာပြီပေ့ါ။ အခုလို ၄ နှစ်တာ ကာလအတွင်း မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရဲ့ မူလရည်မှန်းချက် လုပ်ငန်းတာဝန်တွေကို ဘယ်နရာခိုင်နှုန်းအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ပြီလို့ ပြောနိုင်ပါသလဲ။

**ဝန်ကြီးချုပ်။** ရှမ်းပြည်နယ် အစိုးရအဖွဲ့ အနေနဲ့ စတင်တာဝန်ယူတဲ့ အချိန်ကစပြီး ပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် နှစ်စဉ် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ နှစ်အလိုက် စီမံကိန်း ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်နိုင်မှုမှာ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ အကောင်အထည်ဖော်နိုင်မှုနှုန်း ၉၇ ရာခိုင်နှုန်းနဲ့ တိုးတက်မှုနှုန်း ၄ ရာခိုင်နှုန်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ အကောင်အထည်ဖော်နိုင်မှု နှုန်း ၉၈ ရာခိုင်နှုန်းနဲ့ တိုးတက်မှုနှုန်း ၅ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ် (၆ လတာကာလ)မှာ အကောင်အထည် ဖော်နိုင်မှု နှုန်း ၁၀၄ ရာခိုင်နှုန်းနှင့် တိုးတက်မှုနှုန်း ၇ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ အကောင်အထည်ဖော်နိုင်မှုနှုန်း ၉၇ ရာခိုင်နှုန်းနှင့် တိုးတက်မှုနှုန်း ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။

ရှမ်းပြည်နယ်က လက်နက်ကိုင်အဖွဲ့များ အများဆုံးရှိတဲ့ ပြည်နယ်ဖြစ်တဲ့အတွက် ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ အောင်မြင်မှု ရရှိတဲ့ လုပ်ငန်းများရှိသလို အချို့လုပ်ငန်း အနည်းငယ်ကတော့ အတိုင်းအတာတစ်ခုထိသာ အတန်အသင့် အောင်မြင်အောင် ဆောင်ရွက်နိုင်တယ်လို့ ပြောလိုပါတယ်။

**ကမ္ဘာ့ဇတိုင်း။** ရှမ်းပြည်နယ်အတွင်းမှာ စစ်ရေးပဋိပက္ခတွေလည်း ရှိနေတယ်။ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျ ကျန်ရစ်နေတဲ့ ဒေသတွေလည်း ရှိတယ်။ အဲဒီလို အခြေအနေမျိုးမှာ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ၄ နှစ်တာ ကာလအတွင်း ရှမ်းပြည်နယ်ကို စီမံအုပ်ချုပ်တဲ့ အခါမှာ ဘယ်လိုအခက်အခဲမျိုးတွေ ကြုံတွေ့ခဲ့ရပါသလဲ။

**ဝန်ကြီးချုပ်။** ရှမ်းပြည်နယ်က နယ်မြေကျယ်ဝန်းသလို တိုင်းရင်းသားလက်နက်ကိုင်အများစုရှိတဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်များနဲ့ မြန်မာ့တပ်မတော်၊ အစိုးရအဖွဲ့များအကြား ပြဿနာအနည်းအကျဉ်း ရှိခဲ့ပေမယ့်လည်း ညှိနှိုင်းဆွေးနွေး အဖြေရှာပြီး ဆောင်ရွက်လျက်ရှိပါတယ်။ တည်ငြိမ်မှု မရှိတဲ့ ဒေသအချို့မှာတော့ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရတဲ့အခါ အကန့်အသတ်နဲ့ အခက်အခဲအချို့ ရှိခဲ့ပေမယ့်လည်း တတ်နိုင်သမျှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**ကမ္ဘာ့ဇတိုင်း။** နောက်တစ်ချက်က စစ်ရေးပဋိပက္ခတွေနဲ့ တစ်ဆက်တည်းမှာပဲ တိုက်ပွဲဖြစ်ပွားတဲ့အခါမှာ စစ်ရှောင်လာကြတဲ့ ဒေသခံတွေအတွက် ရှမ်းပြည်နယ်အစိုးရက ရေတိုရေရှည် ဘယ်လိုထောက်ပံ့မှုတွေ ဆောင်ရွက်နေတယ်ဆိုတာကို သိပါရစေ။

**ဝန်ကြီးချုပ်။** ၄ နှစ်တာကာလအတွင်း လက်နက်ကိုင်အဖွဲ့များရဲ့ ပဋိပက္ခတွေကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးလာတဲ့ ဒေသခံတွေအတွက် ပြည်ထောင်စုဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ပုဂ္ဂလိက အလှူရှင်တွေက လိုအပ်တဲ့ ထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ယခုအထိ ကျပ် ၁ ဒသမ ၂ ဘီလီယံ တန်ဖိုးရှိ ငွေသားနှင့် ပစ္စည်းများ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

**ကမ္ဘာ့ဇတိုင်း။** အခု ၂၀၂၀ ပြည့်နှစ် အတွင်းမှာပဲ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ)ကို ကျင်းပသွားဖို့ ရှိနေတယ်လို့ သိရပါတယ်။ အဲဒီမတိုင်ခင်မှာလည်း လွန်ခဲ့တဲ့ ၂ နှစ်ကျော် ကာလကတည်းက ရပ်နားထားတဲ့ ရှမ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကို ပြုလုပ်သွားမယ်လို့လည်း သိရပါတယ်။ အဲဒီ ရှမ်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရက ဘယ်လိုမျိုး ထောက်ပံ့ကူညီမှုတွေ လုပ်သွားဖို့ ရှိပါသလဲ။ (ဥပမာ နေရာထိုင်ခင်းနဲ့ အခမ်းအနား စီစဉ်တာက အစပေ့ါ)။

**ဝန်ကြီးချုပ်။** ရှမ်းလူမျိုးများအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် ၂၀၁၈ ခုနှစ်က ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ဆွေးနွေးပွဲ ကျင်းပပြုလုပ်မယ့် ခန်းမအား တိုးချဲ့ပြင်ဆင်ခြင်း၊ လျှပ်စစ်မီး ရရှိရေး ဆောင်ရွက်ခြင်းနဲ့ ဆွေးနွေးပွဲ တက်ရောက်မယ့်သူများ အတွက် လိုအပ်တဲ့ သယ်ယူပို့ဆောင်ရေးကိစ္စများကို စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်က အခြေအနေ အရပ်ရပ်ကြောင့် မကျင်းပဖြစ်ခဲ့သော်လည်း ပြန်လည်ကျင်းပပါက လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**ကမ္ဘာ့ဇတိုင်း။** ၂၀၂၀ ပြည့်နှစ်ဟာ ရှမ်းပြည်နယ်အတွက် ဘယ်အတိုင်းအတာအထိ ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းစဉ်မှာ အောင်မြင်မှု ရရှိနိုင်မယ်လို့ ဝန်ကြီးချုပ်ကြီး အနေနဲ့ ယူဆထားပါသလဲ။

**ဝန်ကြီးချုပ်။** နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုတစ်ဝှမ်း ငြိမ်းချမ်းရေး ရရှိရေးအတွက် အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး ကော်မရှင်ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ၂၁ ရာစု ပင်လုံညီလာခံကို ကျင်းပပေးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ညီလာခံရဲ့ ဆုံးဖြတ်ချက်အရ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကိုလည်း ကျင်းပပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် ၂၀၂၀ ပြည့်နှစ်မှာလည်း ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်ဟာ အတိုင်းအတာ တစ်ခုအထိတော့ တိုးတက်မှု ရှိလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

**ကမ္ဘာ့ဇတိုင်း။** ရှမ်းပြည်နယ်ဟာ မူးယစ်ဆေးဝါး အများဆုံး ထွက်ရှိတဲ့ ဒေသလည်း ဖြစ်တဲ့အတွက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနဲ့ မူးယစ်ဆေးစွဲနေသူတွေကို ပြန်လည်ထူထောင်ရေး ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တွေမှာ အောင်မြင်မှု မရရှိတာကရော ဘာကြောင့်ပါလဲ။

**ဝန်ကြီးချုပ်။** မူးယစ်ဆေးဝါးပြဿနာက မြန်မာတစ်နိုင်ငံတည်းသာမက တစ်ကမ္ဘာလုံးဆိုင်ရာ ပြဿနာကြီးဖြစ်သလို ကျွန်တော်တို့ အစိုးရလက်ထက်မှာ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

ယခုလပိုင်းအတွင်းမှာပဲ ကွတ်ခိုင်မြို့နယ်၊ လွယ်ခမ်ကျေးရွာအား တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းများ ပူးပေါင်းရှာဖွေ စစ်ဆေးခဲ့ရာ မူးယစ်ဆေးဝါးချက်လုပ်တဲ့ ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများ အများအပြား ဖမ်းဆီးရမိတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

မူးယစ်ဆေးစွဲနေတဲ့ သူတွေကို ပြန်လည်ထူထောင်ရေးအတွက် လားရှိုး ရွှေပြည်အေး ပြန်လည်ထူထောင်ရေးဌာန၊ ဖယ်ခုံ ရွှေပြည်အေးပြန်လည်ထူထောင်ရေးဌာန၊ ကျိုင်းတုံပြန်လည်ထူထောင်ရေးဌာန တို့ကို ဖွင့်လှစ်ဆောင်ရွက်လျက် ရှိပါတယ်။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာမှာ စခန်းအခြေပြုနှင့် လူထုအခြေပြုဆိုပြီး ၂ မျိုး ခွဲခြားဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့အချိန်ထိ လူထုအခြေပြု စခန်း ၈ ခု ဖွင့်လှစ်ပြီး သင်တန်းသား ၃၀၃ ဦးကို ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ သင်ကြားပို့ချ ဆောင်ရွက်ပေးခဲ့ပါတယ်။ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာမှာ အစိုးရချည်းပဲ ဆောင်ရွက်၍ မရဘဲ လူထုပါဝင်မှုသာ အောင်မြင်မှု ပိုမိုရရှိနိုင်မှာ ဖြစ်ပါတယ်။

စာမျက်နှာ (၂၅) သို့ ➤ ➤ ➤

# ကြက်သားနှင့် ငါး ဝယ်ယူစားသုံးမှု မြင့်တက်



မင်းမင်း

ညောင်ရွှေမြို့နယ်အတွင်း ဝက်ကောင်ရေ ရာချီ သေဆုံးခဲ့သည့် အတွက် ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့ အပါအဝင် ၁၀ မြို့နယ်တွင် ဝက်နှင့် ဝက်ထွက်ပစ္စည်းများအား တင်သွင်း/တင်ပို့ ရောင်းချခွင့် ပိတ်ထားသည့်အတွက် ကြက်သားနှင့် ငါး ဝယ်ယူ စားသုံးမှု မြင့်တက်လာနေကြောင်း သိရသည်။

"ညောင်ရွှေဘက်မှာ ဝက်ရောဂါ ဖြစ်ပြီး သေလို့ ဝက်သားတင်ပို့ ရောင်းချခွင့် ယာယီ ပိတ်ထားတော့ စားသုံးသူတွေ အနေနဲ့ ကြက်သား၊ ငါးတွေ ဝယ်ယူစားသုံးမှု မြင့်တက်လာပါတယ်။ ဝက်တွေ ရောဂါမဖြစ်ခင်က ငါးဝယ်စားတဲ့သူ သိပ်မရှိဘူး။ အခုချိန်မှာ ငါးဝယ်သမား သိသိသာသာ များလာပါတယ်"ဟု တောင်ကြီးမြို့တွင်း ငါးရောင်းချသူ မသဲသဲက ကမ္ဘောဇတိုင်းသို့ ပြော သည်။

အလားတူကြက်သားနှင့်ကြက်ဥရောင်းချမှု ဈေးကွက်တွင်လည်း ရောင်းအား မြင့်တက်လာနေသည်ဟု ၎င်းက ဆက်လက် ပြောဆိုသည်။

လက်ရှိတောင်ကြီးမြို့၌ မွေးမြူရေးကြက်သား တစ်ပိဿာလျှင် ၈၀၀၀ ကျပ်၊ ငါးမြင်း တစ်ပိဿာလျှင် ဖ၀၀၀ ကျပ်၊ ငါးကြင်း တစ်ပိဿာလျှင် ၈၀၀၀ ကျပ် ပေါက်ဈေး ရှိနေသည်ဟု သိရသည်။

#



## တောင်ကြီးမြို့ရှိ ယာယီပျံကျဈေးသည်များအနေဖြင့် မိုးရာသီကာလတွင် အခက်အခဲ ဖြစ်မည်ကို စိုးရိမ်နေ

စာမျက်နှာ (၅) သို့ ➤➤➤

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံမေးမြန်းခြင်း

စာမျက်နှာ (၂၇) သို့ ➤➤➤

အရည်အသွေးမှာစိတ်ချရ ဘိလပ်မြေမှာ " ရှမ်းရိုးမ "

SHAN YOMA CEMENT




09 401455558 , 09 401455559
09 401455515 , 09 401455535
sale@shanyomacement.com
marketing@shanyomacement.com

DICA ၏ (၁၀.၉.၂၀၁၉) ရက်စွဲပါစာအရ KBZ Industries Ltd မှ SHAN YOMA CEMENT Co., Ltd အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။